
The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 24, NO. 9 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 5, 2024

# လွတ်လပ်သော ကုန်သွယ်ရေး၏ ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်မှု

စာမျက်နှာ - 10 ➤




# ကျန်းမာရေးအကျိုးပြု ဆေးဖက်ဝင်ငှက်သိုက်

စာမျက်နှာ - 8 ➤





## ကွမ်းသီးမှိုအန္တရာယ် ကင်းဝေးရေး သတိပြုစားသုံးပေး

စာမျက်နှာ - 9 ➤

## ဆေးဝါးများ တိုက်ရိုက်ရောင်းချမည့် အရောင်းစင်တာများ တိုးချဲ့ဖွင့်လှစ်မည်

စာမျက်နှာ - 20 ➤

## IPO အခြေခံ သဘောတရားများ(၂)

စာမျက်နှာ - 29 ➤




HONGQI
EQM-5 Luxury C-Class Sedan
PURE ELECTRIC SEDAN
Top Speed
160 km/h
Battery Capacity
54 kWh
Max Power
100 kw
Wheel Base
2990 mm
Driving Range
431 km
E-QM5
8 YEARS (or) 150,000km
BATTERY WARRANTY
5 YEARS (or) 150,000km
MOTOR / INVENTOR WARRANTY
YANGON SHOWROOM
No.351, Pyay Road, Sanchaung Township
Yangon, Myanmar.
09 965 965 033
MANDALAY SHOWROOM
No.417, Corner of 19th road & 58 road, Aung Myay
Thazan Townahip Mandalay, Myanmar.
09 956 956 733
NAYPYITAW SHOWROOM
Building(38),Thiri Anawyahtar 4 St,
Thiri Yadanar shopping complex, Zabuthiri Tsp,
Naypyitaw, Myanmar.
09 940 004 471

# မြန်မာ - ထိုင်း နယ်စပ်ကုန်သွယ်မှုကို တိုးတက်လာစေမည့် ရန်ကုန်-ကော့သောင်း-ရနောင်း ကုန်သွယ်မှုလမ်းသစ်



နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပေသည်။ ကုန်သွယ်မှုတွင် Normal Trade (ပင်လယ်ရေကြောင်း ကုန်သွယ်မှု) နှင့် Border Trade (နယ်စပ်ကုန်သွယ်မှု) နည်းလမ်း နှစ်မျိုးရှိရာ ကုန်သွယ်ဖက်နှစ်နိုင်ငံ နယ်စပ်နေပြည်သူများ အကျိုးဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးအတွက် နယ်စပ်ကုန်သွယ်မှုသည်လည်း လွန်စွာမှအရေးပါလှပေသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား အပြန်အလှန်နှစ်နိုင်ငံ ကုန်သွယ်မှုပြုရာတွင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade Method) ဖြင့် ရန်ကုန် - ကော့သောင်း-ရနောင်း ကုန်သွယ်မှုနှင့် ရနောင်း - ကော့သောင်း-ရန်ကုန်သို့ သက်ဆိုင်ရာ နှစ်နိုင်ငံ၏ ကမ်းရိုးတန်းဆိပ်ကမ်းများမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ဇူလိုင် ၅ ရက်မှ ၂၅ ရက်အထိ ရန်ကုန် - ကော့သောင်း-ရနောင်း ကုန်သွယ်မှုလမ်းကြောင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်းတန်ချိန် ၄၁၈၈ ဒသမ ၅၉၂ တန်၊ ချုပ်ပြီး CMP အဝတ်အထည် ၁၆၄၁၇ နှင့် ခဲသတ္တု ၅၃၈ တန်၊ ကြက်သွန်နီ ၂၆ တန်တို့ကို ကွန်တိန်နာသင်္ဘောဖြင့် တင်ပို့ခဲ့ရာတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆၀ သန်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှလည်း ရနောင်း-ကော့သောင်း-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်း အစီအစဉ်ဖြင့် သွင်းကုန်ပြန်လည်တင်သွင်းခဲ့ရာတွင် ရေခဲသေတ္တာ၊ လေအေးပေးစက်၊ တာပေါ်လင်၊ လျှပ်စစ်ကေဘယ်ဝါယာ၊ အနောက်တိုင်းပုံစံ Toilet Commode နှင့် ဘေစင်၊ စားသောက်ကုန်၊ ဆေးဝါးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ ကားတာယာ၊ ကြွေပြား၊ ကော်ကုန်ကြမ်း၊ အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်း၊ စက္ကူလိပ်များ၊ စက်အပိုပစ္စည်းများနှင့် အဝတ်လျှော်စက်များ တင်သွင်းခဲ့ကြောင်းသိရသည်။

မြန်မာ-ထိုင်း ကုန်သွယ်မှုလမ်းကြောင်းသစ်ဖြစ်သည့် ရန်ကုန်-ကော့သောင်း-ရနောင်း ကုန်သွယ်မှုစနစ်သည် မိမိတို့ဝန်ကြီးဌာန၏ အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေးအတွက် ထိရောက်သောမူဝါဒများချမှတ်ဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက် (Mission)ကို နိုင်ငံတော်နှင့် နိုင်ငံတွင်းနေပြည်သူများအားလုံးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါကုန်သွယ်မှုစနစ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းများတင်ပို့ခြင်းနှင့် တင်သွင်းခြင်းများ ဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှု ပိုမိုမှန်ကန်မြန်ဆန်လာပြီး မလိုလားအပ်သော အချိန်ကြန့်ကြာမှုများနှင့် ငွေကြေးကုန်ကျမှုများစွာ လျော့ကျသက်သာလျက်ရှိကြောင်း သိရှိရသဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရုံသာမကဘဲ မြန်မာ-ထိုင်း နှစ်နိုင်ငံ အနေဖြင့်လည်း ကုန်သွယ်မှုကို အခြေပြုလျက် ပိုမိုချစ်ကြည်ရင်းနှီးမှုကို ရရှိနိုင်မည်ဖြစ်သည်။

**DOT (KT)**

# မအူပင်ခရိုင်အတွင်းရှိ ရေချိုငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်သည် ရေထွက်ကုန်၊ စိုက်ပျိုးရေး၊ လယ်ယာထွက်ကုန်များ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မြေပြင်၊ ရေပြင်၊ ပထဝီ အနေအထားကောင်းမွန်သော ဒေသကြီးဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ငါး၊ ပုစွန်ကန်များဖြင့် မွေးမြူသူဦးရေမှာ မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၅၆ အုပ်စု၌ ငါးကန်ပိုင်ရှင်ဦးရေ ၂၄၁၅ ဦး၊ ပန်းတနော်မြို့နယ်တွင် ကျေးရွာအုပ်စု ၄၂ အုပ်စု၌ ငါးကန်ပိုင်ရှင် ၄၉၁ ဦး၊ ညောင်တုန်းမြို့နယ်တွင် ကျေးရွာအုပ်စု ၃၉ အုပ်စု၌ ငါးကန်ပိုင်ရှင် ၁၅၃၄ ဦးနှင့် ဓနုဖြူမြို့နယ်ကျေးရွာအုပ်စု ၄၄ အုပ်စုတွင် ငါးကန်ပိုင်ရှင် ၂၈၉ ဦးတို့သည် ငါးမွေးမြူရေးလုပ်ငန်းကို နှစ်စဉ် မွေးမြူလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပုစွန်မွေးမြူရေးလုပ်ငန်းကို ညောင်တုန်းမြို့ နယ်တွင် လုပ်ငန်းရှင် ၁၃ ဦးက ဧက ၄၁၁၀ တွင် မွေးမြူလျက်ရှိသည်။ ရေချိုငါးများကို ငါးကန်များဖြင့် မွေးမြူခြင်းအပြင် သဘာဝအတိုင်း မြစ်ချောင်း၊ အင်းအိုင်များတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်းများလည်းရှိသည်။ ရေချိုငါးမွေးမြူရေးကန်များမှ ငါးသားပေါက်များကို လေးလက်မခန့်အရွယ် စတင်မွေးမြူသည့် အချိန်မှ ၁၃ လကြာချိန်တွင် ၈၀ ကျပ်သားခန့်ရှိ ငါးမြစ်ချင်းငါးများရရှိပြီး ရန်ကုန်စံပြဈေး၊ ရွှေပိတောက်ငါးဈေးနှင့် ရန်ကုန်မြို့ရှိ ငါးဒိုင်ကြီးများသို့ ပြည်တွင်းစားသုံးရန် တင်ပို့ရောင်းချလျက်ရှိသည်။ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များရှိ ငါးကန်များသည် စတင်မွေးမြူသည့်အချိန် မတူညီသဖြင့် နေ့စဉ် ကန်ဖော်ချိန်များရှိနေသဖြင့် ငါးကန်များမှ ငါးကန်ဖော်ချိန်တွင် ရန်ကုန်ဈေးကွက်သို့ ကုန်ချိန် ပျမ်းမျှပိဿာ ခုနစ်သောင်းခွဲခန့် ပေးပို့လျက်ရှိ ကြောင်း လေ့လာသိရသည်။

ပန်းတနော်မြို့ရှိ မြစ်ငါးတန်မွေးမြူရေးနှင့် မအူပင်မြို့နယ်ရှိ ငါးမြစ်ချင်း၊ ငါးကြင်းမွေးမြူရေး ငါးကန်တို့မှ ပြည်ပငါးဈေးကွက်သို့ တင်ပို့ရန်အတွက် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်၍ ရန်ကုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ငါးအမျိုးအစားအလိုက်၊ အရွယ်အစား အလိုက်၊ အသေး၊ အကြီးပေါ်မူတည်၍ ဈေးနှုန်း ကွဲပြားလျက်ရှိပြီး နေ့စဉ်ပေါက်ဈေးများကို အဝယ်ဒိုင်များက ဈေးနှုန်းထုတ်ပြန်သတ်မှတ်ကြသည်။

ငါးဈေးနှုန်းများမှာ ငါးကန်များဖော်သည့် အချိန်နှင့် တိုက်ဆိုင်လျှင် ငါးအထွက်နှုန်းပေါများပြီး ဈေးနှုန်းကျဆင်းတတ်၍ ပြည်တွင်းဝယ်လိုအား များချိန်နှင့် ငါးအထွက်နှုန်း ကျချိန်များတွင် ဈေးနှုန်း မြင့်တက်တတ်သည်။ ပြည်တွင်းတွင် ငါးများကို နေ့ချင်းအရောက် ရန်ကုန်မြို့၏ အဝယ်ဒိုင်များ၊ ဈေးများနှင့် ကုမ္ပဏီများသို့ နေ့စဉ် ကုန်ကားကြီးများဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ပြည်တွင်းစားသုံးမှု မြင့်မားသော်လည်း ရေချိုငါးမွေးမြူရေးလုပ်ငန်းများ ပေါများသဖြင့် ပစ္စည်းပြတ်လပ်မှုမရှိဘဲ နေ့စဉ် ကုန်ပစ္စည်းများ လုံလောက်စွာထွက်ရှိကြောင်းသိရသည်။ ရေထွက်ပစ္စည်းရောင်းချရာတွင် မူလသဘာဝအတိုင်း ရောင်းချခြင်းရှိသကဲ့သို့ ပြုပြင်ပြီး ငါးပိ၊ ငါးခြောက်များ ပြုလုပ်၍ ရောင်းချဖြန့်ဖြူးခြင်းများလည်းရှိသည်။ ရေချိုငါးအပြင် ပုစွန်မွေးမြူခြင်း၊ သဘာဝနည်းလမ်းဖြင့် ပုစွန်ဖမ်းခြင်းများလည်းရှိရာ ပုစွန်ထွက်ရှိမှုလည်း လုံလောက်မှုရှိကြောင်း သိရှိရသည်။

ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများ တွင် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းရရှိကာ ရေထွက်ကုန်လုပ်ငန်းသည် ပြည်ပဝင်ငွေ များစွာရရှိသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ရေထွက်ပစ္စည်းများပေါများသဖြင့် ပြည်ပဝင်ငွေ များစွာရရှိစေသည့်အပြင် မအူပင်ခရိုင်မှ ထွက်ရှိသော ရေထွက်ကုန်များသည် ရန်ကုန်ဈေးကွက်မှသည် ပြည်ပ ဈေးကွက်အထိ ထိုးဖောက်လျက်ရှိကြောင်း ရေးသားလိုက်ပါသည်။

**သဇင် (မအူပင်)**

**Commerce**

J O U R N A L

**အတိုင်ပင်ခံစာတည်း**

သောင်းနိုင်၊ ခင်မောင်လှိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**

ညီညီအောင်

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**လက်ထောက်စာတည်း**

ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရီလင်းထွဋ်(မုံရွာ)၊

ကြည်နိုင်ဦး(အင်းတော်)၊

မင်းဇော်မွန်(ဖျာပုံ)၊

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

ဝင်းဝင်းခိုင်(ပြည်)

သန်းသန်းတင်(မုံရွာ)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန် ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားရလောက်အောင် ဆီထွက်သီးနှံ နှမ်းနှင့်မြေပဲတို့အား အဓိကစိုက်ပျိုးကြသော်လည်း စပါးကို ဆည်ရေရရှိသော တောင်တွင်း၊ မြို့သစ်နှင့် မြစ်အနောက်ဘက်ရှိ ပွင့်ဖြူနှင့် စလင်းမြို့များတွင်သာ အများအပြား စိုက်ပျိုးကြသည်။ ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိက စိုက်ပျိုးထွက်ရှိရာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိက စိုက်ပျိုးကြပြီး ဇူလိုင် နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းမှာ ဧည့်မထ(နွေ)တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ၂၄ ပြည် တစ်အိတ်လျှင် ကျပ်၁၃၀၀၀၀၊ ဧရာပဒေသာ ကျပ်၁၂၀၀၀၀၊ မနောသုခ ကျပ် ၈၀၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၈၂၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၁၂၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၁၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၅၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၃၀၀၀၀၊ ဧရာပဒေသာ ကျပ်၁၂၀၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၁၄၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၀၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးသူ တောင်သူများ၊ ဆန်စက်လုပ်ငန်းများ၊ သိုလှောင်ဖြန့်ဖြူးရောင်းချသူများနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြစ်စေရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ရည်ညွှန်းဈေး ထုတ်ပြန်သည့်အတွက်ကြောင့် စပါး၊ ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ဇူလိုင်လအတွင်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိက စိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၉၈၂၈ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန် ၃၁၉၅ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန် ၁၆၈၈ အိတ်၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်၇၀၀၊ စုစုပေါင်းဆန် ၁၅၄၀၃ အိတ်၊ ၇၇၀ဒသမ၁၅ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ(မကွေး)**

| အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ ၂-၈-၂၀၂၄ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ထိုင်း | | | ဗီယက်နမ် | | | ပါကစ္စတန် | | |
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၆၀၆ | ၆၀၇ | ↑ | | | | | | |
| ဆန်ဖြူ ၅ % | ၅၉၂ | ၅၉၃ | ↑ | ၅၅၉ | ၅၆၃ | ↑ | ၅၇၄ | ၅၇၈ | ↑ |
| ဆန်ဖြူ ၁၀% | ၈၁၂ | ၈၂၁ | ↑ | | | | | | |
| ဆန်ဖြူ ၂၅ % | ၅၆၉ | ၅၆၀ | ↓ | ၅၂၅ | ၅၂၉ | ↑ | ၅၄၀ | ၅၄၄ | ↑ |
| ပေါင်းဆန် | ၅၉၀ | ၅၉၆ | ↑ | | | | | | |



# ပခုက္ကူ ပဲဈေးကွက်

### ပဲစင်းငုံ

ပခုက္ကူမြို့ပေါ်၌ ဒေသထွက်ကုန်ဖြစ်သော ပဲစင်းငုံနီမှာ ကုန်စည်ဒိုင်သာမက မြို့ပေါ်ရှိပွဲရုံများတွင်လည်း နေ့စဉ် အရောင်းအဝယ်ဖြစ်နေသည်။ ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီကို စိုက်ဧက ၃၁၁၇ ဧကကျော်ရှိပြီး အဓိကစိုက်ပျိုးသော နေရာများမှာ ကံတော်၊ ကဲလှ၊ ကံရပ်၊ ချောက်ကန်အုပ်စုရွာများ၊ ကိုင်းအုပ်စု ကျေးရွာများနှင့် မြိုင်မြို့နယ်ရှိရွာများဖြစ်သည့် ကျောက် ဆောက်၊ လက်ပဲအိုက်၊ မြို့သာရွာများမှ သီးညှပ်အဖြစ် အခြားသီးနှံများနှင့်ရော၍ စိုက်ပျိုးကြသည်။

ဇူလိုင်လ ပထမပတ်တွင် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၁၄၁၀၀၀၊ ဒုတိယပတ်တွင် ကျပ် ၁၃၉၆၀၀၊ တတိယပတ်တွင် ကျပ် ၁၄၁၆၀၀၊ စတုတ္ထပတ်တွင် ကျပ် ၁၄၀၀၀၀ ဖြစ်သည်။ ပြည်ပပို့ကုန် တစ်မျိုးဖြစ်သည့် ပဲစင်းငုံနီဈေးကွက်မှာ ခိုင်မာလျက်ရှိကြောင်း၊ နေ့စဉ် တစ်ရက်လျှင် အိတ်ရေ ၁၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ်ပြီး မြန်မာပြည် အောက်ပိုင်းသို့ တင်ပို့ကြောင်း သိရသည်။

### ပဲတီစိမ်း

ပခုက္ကူဈေးကွက်တွင် ဇူလိုင် ပထမပတ်၌ ပဲတီစိမ်း ဈေးနှုန်းများမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၄၅၀၀၀ မှ ၆၀၀၀၀၊ ဒုတိယပတ်တွင် ကျပ် ၅၀၀၀၀ မှ ၆၀၀၀၀၊ တတိယပတ်အစတွင် ကျပ် ၅၀၀၀၀ မှ ၆၁၀၀၀၊ စတုတ္ထပတ်တွင် ကျပ် ၆၀၀၀၀ မှ ၇၀၀၀၀ အထိဖြစ်ပြီး ဇူလိုင်လအတွင်း ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၁၀၀၀၀ ခန့်ဈေးတက်နေပြီး အရောင်းအဝယ်မှာ သွက်လျက်ရှိကြောင်း၊ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့သော အိတ်ရေမှာ တစ်နေ့လျှင် အိတ်ရေ ၅၀၀ မှ ၁၀၀၀ထိ ဖြစ်ကြောင်း တင်ပို့အနေဖြင့် မြန်မာပြည်အောက်ပိုင်းသို့ တင်ပို့နေရကြောင်း ကုန်သည်များထံမှ သိရသည်။

### ကုလားပ

ဇူလိုင်လ စတုတ္ထပတ်တွင် အရောင်းအဝယ်ဖြစ်သော ကုလားပဲဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး (V2) တစ်တင်းလျှင် ကျပ် ၇၉၅၀၀၊ ကုလားပဲဖြူ (V6) တစ်တင်းလျှင် ကျပ် ၈၂၀၀၀၊ ကုလားပဲဝါ (929) တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ ကုလားပဲဝါ(HL)တစ်တင်းလျှင် ကျပ် ၇၀၀၀၀ တို့ဖြစ်ပြီး နေ့စဉ် ကုန်စည်ဒိုင်တွင်သာမက ပွဲရုံများတွင်လည်း အရောင်းအဝယ်ဖြစ်နေကြောင်း တစ်နေ့လျှင် အိတ်ရေ ၅၀ မှ ၁၀၀ ထိဖြစ်ပြီး ရန်ကုန်သို့ တင်ပို့နေကြောင်း သိရှိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ရွှေဘိုခရိုင်အတွင်း စပါး/ဆန် စီးထွက်မှုနှင့် ဈေးနှုန်း

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များ၌ ဇူလိုင်လ စတုတ္ထပတ်တွင် စပါးဈေးနှုန်းမှာ အနည်းငယ်ကျဆင်း၍ ဆန် ဈေးနှုန်းမှာ တည်ငြိမ်နေသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်း ဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇူလိုင်လ တတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၉၀၀၀၊ မန္တလေးသို့အိတ်ရေ ၂၈၇၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၀၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ ၂၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀၀၀၊ စုစုပေါင်း အိတ်ရေ ၆၇၂၀၀၊ တန်အားဖြင့် ၃၃၆၀တန် စီး ထွက်ခဲ့သည်။ ယခုတစ်ပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၃၃၅၀၀၊ မန္တလေးသို့ အိတ်ရေ ၃၂၀၀၀၊ နေပြည်တော်သို့ အိတ်ရေ၃၅၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ၂၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀၀၀၊ စုစုပေါင်းအိတ်ရေ၇၄၅၀၀၊ တန်အားဖြင့် ၃၇၂၅တန် စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အိတ်ရေ ၇၃၀၀၊ တန်အားဖြင့် ၃၆၅ တန် ပို၍စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ ဇူလိုင်၊ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၄၁၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ်၁၃၀၀၀၀ နှင့် ရွှေဝါထွန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**အေးသီဂီစိုး (ရွှေဘို)**



# မွန်ပြည်နယ်၏ ဆန်ဈေးနှုန်းနှင့် စီးဝင်၊ စီးထွက်မှု အခြေအနေ

မွန်ပြည်နယ်အတွင်းသို့ ဆန်အိတ်များ စီးဝင်၊ စီးထွက်လျက်ရှိပြီး ဇူလိုင်လ စတုတ္ထပတ်၌ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်။ အခြားတိုင်းဒေသကြီးများမှ မွန်ပြည်နယ်သို့ ဆန်စီးဝင်မှုများမှာ ၂၀၂၄ ခုနှစ် ဇူလိုင်လ တတိယပတ်တွင် ဧရာဝတီမှ အိတ် ၁၂၄၀ ခန့်၊ စစ်ကိုင်းမှ အိတ် ၅၀၄၀ ခန့်၊ ပဲခူးမှ အိတ် ၄၈၀ ခန့်၊ ရန်ကုန်မှ အိတ် ၈၅၂၀ ခန့်၊ စုစုပေါင်း အိတ် ၁၅၂၈၀ခန့်၊ တန်ချိန်အားဖြင့် ၇၆၄ တန်ခန့် စီးဝင်ခဲ့သည်။ ဇူလိုင်လ စတုတ္ထပတ်တွင် ဧရာဝတီမှ အိတ် ၂၁၈၀ ခန့်၊ စစ်ကိုင်းမှ အိတ် ၃၁၂၀ ခန့်၊ ပဲခူးမှ အိတ် ၁၆၄၀ ခန့်၊ ရန်ကုန်မှ အိတ် ၁၃၈၂၀ ခန့်၊ မန္တလေးမှ အိတ် ၂၀၀ ခန့်၊ စုစုပေါင်း အိတ် ၂၀၉၆၀ ခန့်၊ တန်ချိန်အားဖြင့် ၁၀၄၈ တန်ခန့် စီးဝင်ခဲ့ပြီး ယခင်တတိယပတ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ပို၍စီးဝင်ခဲ့သည်။

မွန်ပြည်နယ်မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆန်စီးထွက်ရာတွင် ၂၀၂၄ ခုနှစ် ဇူလိုင်လ၏ တတိယပတ်တွင် ကရင်ပြည်နယ်သို့ အိတ် ၂၁၆၀ ခန့်၊ တန်ချိန်အားဖြင့် ၁၀၈ တန်ခန့် စီးထွက်ခဲ့ပြီး ဇူလိုင်လ စတုတ္ထပတ်တွင် ကရင်ပြည်နယ်သို့ အိတ် ၁၅၀၀ ခန့်၊ တန်ချိန်အားဖြင့် ၇၅ တန်ခန့် စီးထွက်ခဲ့သဖြင့် ယခင်တတိယပတ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့၍ စီးထွက်ခဲ့သည်။

မွန်ပြည်နယ်၌ ဇူလိုင်လ၏ စတုတ္ထပတ်တွင် ဆန်ဈေးနှုန်းမှာ ၂၄ ပြည်ဝင် ဆန်တစ်အိတ်လျှင် ပေါ်ဆန်း(ဒေသ) ကျပ် ၁၂၀၀၀၀ ခန့်၊ ရွှေဘိုပေါ်ဆန်း ကျပ် ၁၅၇၀၀၀ ခန့်၊ ဧည့်မထ(ဒေသ) ကျပ် ၇၁၀၀၀ ခန့် ရှိပြီး ယခုပတ်တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**ဖူးဖူး (ချောင်းဆုံ)**

GWI
GLOBAL WORLD INSURANCE CO.,LTD
We always with you!

# မော်တော်ယာဉ် အာမခံ



သင့်မော်တော်ယာဉ်အတွက် စိုးရိမ်နေသလား?
.ဂလိုဘယ်ဝေါ(လ်)မှာ အခုပဲ အာမခံထားလိုက်ပါ.

**Hotline: 09-890 56 777 1**

**ရန်ကုန်ရုံးချုပ်**
အမှတ်(၆၂)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။
၀၁-၂၃၀၂၅၀၈၊ ၂၃၀၂၅၀၉

**မန္တလေးရုံးခွဲ**
အမှတ်(၇)၊ (၆၂)လမ်း၊ (၄၀×၄၁)လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။
၀၉-၇၉၆၅၂၇၃၁၁

**မကွေးရုံးခွဲ**
အမှတ်(၁၁-၁၂)၊ တိုင်း(အား/ကာ)တိုက်တန်း၊ ရန်ကျော်ရပ်၊
မကွေးမြို့။
၀၉-၂၅၄၇၅၀၃၆၉

**နေပြည်တော်ရုံးခွဲ**
ဆိုင်ခန်း အမှတ်(၅၃)၊ ဘောဂသိဒ္ဓိ ယာဉ်ရပ်နားစခန်း၊ ပျဉ်းမနားမြို့နယ်၊
နေပြည်တော်မြို့။
၀၉-၄၄၁၁၃၃၁၁၉

www.gw-insurance.com

# အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
# စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...

# JPM
**CAR SALE CENTER**

jpmautocenter@gmail.com
www.jpmmotors.com



HOT LINE : 09253008800

အမှတ် (၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555



ဝင်းရွှေဝါထရေးဒင်းကုမ္ပဏီလီမိတက်
လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုးဖြန့်ဖြူးရေး
YTO လေးဘီး ထွန်စက်
Siam K Power ဒီဇယ်မီးစက်
Dynomax ဒီဇယ်မီးစက်
DYNOMAX
တောင်ပေါ်ကျွဲကိုင်း
Yanmar ကိုင်း
Siam K Power ကိုင်း
ရုံးခွဲလိပ်စာများ
ရန်ကုန်ရုံး - အမှတ် (၁) ၊ (၂) လမ်းထိပ် ၊ နှင်းဆီလမ်း ၊ သီရိမွန်ပလာဇာဝင်း ၊ ဘုရင့်နောင် ၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၆၈၁၁၁၁၅ ၊ ၀၉ ၄၅၀၀၄၀၃၅၀
မန္တလေးရုံး - အမှတ် (၅၉၀) ၊ တောင်မြင့်ရပ်ကွက် ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ မန္တလေးမြို့
ဖုန်း - ၀၉ ၄၅၀၀၄၀၃၄၀ ၊ ၀၉ ၄၅၀၀၄၀၃၄၃




Myanmar One Plus Engineering Co.,Ltd.
緬 甸 億 合 工 程 股 份 有 限 公 司
All in One Engineering Service
Our Services
(Design, Supervising, Fabrication, Cost Analysis,
Sale, Installation, Testing and Maintenance)
- High Voltage and Power Substation
- Low Voltage Power Distribution
- Compact Type Fire Pump Supply
- Fire Protection System
- Plumbing & Sanitary System
- Air Conditioning and Mechanical Ventilation System
我們的服務
* 設計; 管理, 監督, 指導; 製造; 成本分析;
銷售; 安裝; 測試與維護。
* 高壓電設備與變電站工程。
* 低壓電設備與配電系統。
* 成套型消防泵站。
* 消防系統。
* 管道與給排水系統。
* 空調與機械通排風系統。
CONTACT INFO
Address: Room (J-54,55), Thiriyadanar Wholesale Market, North Okkalapa Township, Yangon.
Office Phone: +959699 996 222, +959699 997 222, +959699 998 222, +959250997086
Email: myanmaroneplus@gmail.com Website: www.myanmaroneplus.com

# ပခုက္ကူမြို့၏ ဒေသထွက်ကုန် ဈေးကွက်

**နှမ်းဈေးကွက်**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သည် မြစ်ခြေ၊ ကမ္ဘ၊ ပခုက္ကူ ကျွန်းဒေသများ၊ မြိုင်၊ ပေါက်၊ ရေစကြိုမြို့များနှင့် ဂန့်ဂေါခရိုင် အတွင်းရှိ ယောနယ်ဒေသများနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ရှိမြို့များမှထွက်ရှိသော သီးနှံမျိုးစုံဝင်ရောက်ပြီး ရောင်းဝယ်ဖောက် ကားရာဖြစ်သော စီးပွားရေးဈေးကွက် အချက်အချာကျသောမြို့ ဖြစ်သည်။ ဈေးကွက်တွင် နှမ်းနက် (စမုန်)နှင့် နှမ်းဖြူများ အရောင်း အဝယ်ဖြစ်ပြီး နှမ်းနက်မှာ ဈေးတက်ပြီး နှမ်းဖြူမှာ ဈေးကျ၍ အရောင်းအဝယ်ဖြစ်ကြောင်း၊ နေ့စဉ် တစ်ရက်လျှင် ပိဿာ ၃၀ ဝင် အိတ် ၁၀၀ မှ ၂၀၀ အထိ ဝင်ရောက်အရောင်းအဝယ်ဖြစ် ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဇူလိုင်စတုတ္ထပတ်တွင် နှမ်းဖြူ တစ်တင်း လျှင် ကျပ်၁၂၅၀၀-၁၂၀၀၀၊ ယခင်ဇူလိုင် တတိယပတ်တွင် နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၃၉၀၀၀-၁၃၃၀၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပြီး တစ်လအတွင်း နှမ်းတစ်တင်း ကျပ် ၁၄၀၀၀ ခန့် ဈေးကျ၍ အရောင်းအဝယ်ဖြစ်ကြောင်း၊ နှမ်းနက်(စမုန်)တစ်တင်းလျှင် ကျပ် ၁၅၀၀၀၀-၁၄၇၀၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခင် ဇူလိုင်တတိယပတ်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၄၂၀၀၀-၁၃၉၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ တစ်လ အတွင်း နှမ်းနက်တစ်တင်း ကျပ် ၈၀၀၀ ခန့် ဈေးတက်ပြီး အရောင်း အဝယ်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံ(နွေ)နှမ်းများမှာ ရေစကြိုမြို့နယ် အတွင်းရှိ ကျေးရွာများနှင့် မြစ်ခြေ၊ ကမ္ဘဒေသများမှ ဝင်ရောက် ကြောင်း သိရှိရသည်။

ဈေးကွက်သို့ဝင်ရောက်လာသည့် နှမ်းများကို မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်၊ နှမ်းလှော်လုပ်ငန်းရှင်နှင့် စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များမှ ဝယ်ယူလျက်ရှိပြီး မန္တလေး ဈေးကွက်သို့လည်း တင်ပို့လျက်ရှိကြောင်း၊ ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**မြေပဲဈေးကွက်**

ပခုက္ကူမြို့ မြေပဲဈေးကွက်အနေဖြင့် ဇူလိုင်ပထမပတ်မှစ၍ ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင်လ စတုတ္ထပတ်တွင် မြေပဲဈေး ဆက်လက်မြင့်တက်လာရာ မြေပဲဆန်(နီ) လုံးဆံ တစ် ပိဿာလျှင် ကျပ် ၈၅၀၀-၈၄၀၀-၈၃၀၀၊ ရိုးရိုးလုံးဆန် တစ်ပိဿာ လျှင် ကျပ် ၈၀၀၀-၇၈၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာ လျှင် ကျပ် ၇၉၀၀-၇၈၀၀၊ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်း၊ တစ်လအတွင်း မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ခန့် ဈေးတက်ကြောင်း၊ မြေပဲတောင့် အခြောက်ဈေးကွက်အနေဖြင့် တစ်ပိဿာလျှင် မြေပဲအောင်မြင်မှု အရည်အသွေးပေါ် မူတည်၍ ကျပ် ၄၅၀၀-၄၃၀၀-၃၈၀၀၊ ရှစ်ပိဿာဝင်ဆံ့ တစ်တင်းလျှင် ကျပ် ၃၆၀၀၀-၃၄၄၀၀-၃၀၄၀၀ ဈေး ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်သို့ မြေပဲတောင့်အဆံများ ဝင်သလောက် အရောင်း အဝယ်ဖြစ်ကြောင်း သိရသည်။

**ဆေးရွက်ကြီး**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်းရှိ ကုက္ကိုလှ၊ ကျွန်းညိုကြီး၊ သံပရာပင်ကုန်း၊ မြင်းကျွန်း၊ ကျွန်းညို၊ မှိုက်ပင်ကုန်း၊ တင်းဂတ်အုပ်စုအတွင်းကျေးရွာများရှိစိုက်တောင်သူ များသည် နှစ်စဉ်မြစ်ရေဝင် ကိုင်းကျွန်းမြေများတွင် ဗမာဆေးရွက် ကြီးစိုက်ခင်းများကို စိုက်ဧက ၃၀၀ ခန့် ဒေသစီးပွားဖြစ် စိုက်ပျိုး ကြသည်။ ဗမာဆေးရွက်ကြီးမျိုးကို အောက်တိုဘာလကုန် နိုဝင် ဘာလဆန်းတွင် စတင်စိုက်ပျိုးသည်။ ဖေဖော်ဝါရီလကုန် မတ်လ တွင် သီးနှံရိတ်သိမ်းပြီးစီးကြောင်း ပြည်တွင်း ဈေးကွက်ခိုင်မာမှုရှိ သော ဆေးရွက်ကြီးကို ယခုနှစ်တွင် စိုက်ဧက ၃၅၀ အထိ တိုးချဲ့ စိုက်ပျိုးကြောင်း သိရသည်။

ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ခြင်းကြောင့် ဆေးရွက် ကြီးများမှာ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းမွန်ခြင်း ကြောင့် တစ်ဧကလျှင် ပျမ်းမျှပိဿာ ၁၁၀၀ ခန့်ထွက်ရှိကြောင်း၊ ဒေသတွင်း သီးနှံပေါက်ဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၉၀၀၀ ဈေးဖြင့် ရောင်းချရကြောင်း၊ ယခင်နှစ် ဆေးရွက်ကြီးပေါ်ချိန်တွင် တစ်ပိဿာတွင် ကျပ်၃၅၀၀အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ ခြင်းကြောင့် ယခုနှစ်တွင် အကျိုးအမြတ်များစွာရရှိကြောင်း သိရ သည်။ ဆေးရွက်ကြီးပင်မှ ရရှိသောမျိုးစေ့မှာလည်း တစ်ပြည်လျှင် ကျပ် ၂၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခုနှစ် ပခုက္ကူမြို့နယ်အတွင်းရှိ ဆေးရွက်ကြီးစိုက် တောင်သူများအနေ ဖြင့် ရောင်းလိုအား ဝယ်လိုအားကောင်းပြီး ဈေးနှုန်း ဈေးကွက် ကောင်းမွန်ခြင်းကြောင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း ကျွန်း ညိုကြီးကျေးရွာရှိ စိုက်တောင်သူ တစ်ဦးထံမှ သိရသည်။

ဈေးကွက်အနေဖြင့် ပခုက္ကူမြို့နယ်အတွင်း ထွက်ရှိသော ဆေးရွက်ကြီးနှင့် ဆေးရိုးများကို ပခုက္ကူမြို့ပေါ်ရှိ ဆေးလိပ်ခုံ လုပ်ငန်းရှင်များနှင့် ကွမ်းယာရောင်းဝယ်ရေး လုပ်ငန်းရှင်များမှ ဝယ်ယူလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်း ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ဟင်္သာတ ဝယ်လက်များမှ ကျေးရွာများထိဆင်း၍ နှစ်စဉ် ဝယ်ယူလျက်ရှိကြောင်း၊ ရောင်းလိုအား ဝယ်လိုအား ကောင်းပြီး ပြည်တွင်း ဈေးကွက်ခိုင်မာမှုရှိ၍ အကျိုးအမြတ်များစွာ ရရှိခြင်း ကြောင့် စိုက်တောင်သူများမှ ဆေးရွက်ကြီး စိုက်ခင်းများကို နှစ်စဉ် မပြတ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်သန်း(ပခုက္ကူ)**

# အထက်မင်းလှမြို့နယ်၌ သကြားပြောင်းဈေးကောင်းရ၍ တောင်သူများ အဆင်ပြေလျက်ရှိ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှ မြို့နယ်၊ ပန်းတော်ပြင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး နှမ်း၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲကြီး၊ ကြက်သွန်နီ၊ ဝါ၊ နေကြာ၊ ပြောင်းနှင့် အခြားမီးဖိုချောင် သုံးသီးနှံများကို ရာသီအလိုက်စိုက်ပျိုးကြကြောင်း သိရသည်။

ဥယျာဉ်ကျေးရွာတွင် သကြားပြောင်းနှင့် ပြောင်းစေးစိုက် ဧကမှာ ရှစ်ဧကခန့်ရှိပြီး စိုက်တောင်သူမှာ ၁၀ ဦးခန့်ရှိ ကြောင်း၊ ၎င်းအနေဖြင့် သကြားပြောင်း တစ်ဧကခန့်စိုက်ပျိုး ထားရှိပြီး သကြားပြောင်းမျိုး တစ်ဘူးလျှင် ကျပ် ၄၃၀၀၀၊ ပြောင်းစေးမျိုးတစ်ဘူးလျှင် ကျပ် ၃၄၀၀၀ ဖြင့် အထက်မင်းလှ မြို့ရှိ စိုက်ပျိုးရေးဆေးဆိုင်များမှ ဝယ်ယူကြောင်း၊ ၂၀၂၄ ခုနှစ် မေလတွင် စတင်စိုက်ပျိုးပြီး ယခုဇူလိုင်လ ပထမပတ်တွင် လှိုင်လှိုင်ထွက်ရှိလျက်ရှိပြီး ရေတင်ခ၊ မြေပြုခ၊ မျိုးခနှင့် လုပ်အားခ အပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၈၄၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူးရေ ၉၀၀၀ ကျော်ထွက်ရှိပြီး ဇူလိုင်လ စတုတ္ထပတ် တွင် တစ်ဖူးလျှင် အကြီး အသေးအလိုက် လက်ကားဈေး ကျပ် ၃၀၀ မှ ၃၅၀ အထိ ဈေးရရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ကျပ်သိန်း ၂၀ ခန့်ရရှိ၍ ပြောင်းစိုက်တောင်သူများ အဆင်ပြေ လျက်ရှိကြောင်း၊ ထွက်ရှိသည့် ပြောင်းဖူးများကို အထက် မင်းလှဈေးနှင့် မင်းလှ-သရက်-မလွန်ကားလမ်းဘေးရှိ ပြောင်းဖူးဒိုင်သို့ တင်သွင်းရောင်းချကြောင်း ဥယျာဉ်ကျေးရွာ နေ ပြောင်းစိုက်တောင်သူထံမှ သိရသည်။

**နှင်းလွင်ဦး(မကွေး)**



# ပြည်ဈေးကွက်တွင် ချင်းအသစ်များ ဝင်ရောက်

ပြည်ချင်းပွဲရုံများသို့ ယခုဇူလိုင်လ နောက်ဆုံးပတ်တွင် ချင်း(ဥမ)သစ်များ ဝင်ရောက်လာပြီး လှပ၍ အရည်အသွေးကောင်းသော ချင်းများ ဝင်ရောက်လာခြင်း ဖြစ်သည်။ ချင်း(ဥမ)များ ဝင်ရောက်လာမှုများသောကြောင့် ဈေးနှုန်းများလည်း ပြီးခဲ့သည့် တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် တစ်ပိဿာလျှင် ကျပ် ၅၀၀-၁၀၀၀ ဈေးကျလာ ခဲ့သည်။ ရောင်းဝယ်ရေးသမားများက အိတ်အဆွဲများ လျက်ရှိနေပြီး ယခုတစ်ပတ် ချင်းဈေးနှုန်းများမှာ ပွဲရုံဈေးတစ်ပိဿာလျှင် ကျပ် ၄၀၀၀-၅၀၀၀ ဈေးတို့ဖြင့် ရောင်း ဝယ်လျက်ရှိနေသည်။ ဓားလှီးချင်းဖက် တစ်ပိဿာလျှင် (လက်ကားဈေး) ကျပ် ၇၀၀၀ နှင့် (လက်လီဈေး) ကျပ် ၉၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။ ဝါတွင်းကာလဖြစ် သည့်အတွက် ဓားလှီးချင်းသမားတို့အိတ်အဆွဲ များသောကြောင့် ပြည်ချင်းပွဲရုံ များတွင် ချင်းအရောင်းအဝယ် ကောင်းလျက်ရှိနေသည်။

ပြည်ဈေးကွက်တွင် ချင်းအသစ်များ ဝင်ရောက်လာသော်လည်း ကြက်သွန်နီ မှာ လက်ကျန်များသာ အဝင်ရှိပြီး ဆိပ်ဖြူ၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းဘက်မှသာ အဝင်ရှိနေသည်။ ဝင်ရောက်မှုမှာ လျော့နည်းသွားပြီး ယခင်လ အဝင်ပိဿာချိန် သုံးသောင်းခန့်နှင့် နှိုင်းယှဉ်လျှင် ထက်ဝက်ကျော်ခန့် အဝင်နည်းသွားပြီး ဇူလိုင်လ နောက်ဆုံးပတ်တွင် ပိဿာချိန် တစ်သောင်းခန့်သာ အဝင်ရှိနေသည်။ ဝင်ရောက်မ ရှိသော ကြက်သွန်နီမှာ လက်ကျန် ကြက်သွန်နီများဖြစ်သဖြင့် အရောင်းအဝယ် မသွက်ကြောင်း သိရသည်။

ဇူလိုင်လ နောက်ဆုံးပတ်ဈေးနှုန်းမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကြီး-လတ်-သေး ကျပ် ၂၄၀၀-၂၃၀၀-၂၁၀၀ နှုန်းနှင့် လက်လီဈေးများတွင် ကျပ် ၂၈၀၀-၂၇၀၀-၂၆၀၀-၂၄၀၀နှုန်းတို့ဖြင့် အသီးသီး ရောင်းဝယ်မှုရှိနေကြောင်း သိရ သည်။

**ဝင်းလဲ့ဝါ၊ ဝင်းဝင်းခိုင်(ပြည်)**

# ဇူလိုင်လအတွင်း ရော်ဘာ၊ ပြောင်းတင်ပို့မှုအခြေအနေ

**ရော်ဘာ**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလ အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၅၉ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၈၇၀ တင်ပို့ကြောင်း သိရှိရသည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံ သို့ ရော်ဘာတန်ချိန် ၃၃၇၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၂၅၁၀ ခန့်၊ မလေးရှားနိုင်ငံသို့ ရော်ဘာ တန်ချိန် ၁၆၄၀ကျော်၊ ကိုရီးယားနိုင်ငံသို့ရော်ဘာ ၂၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ရော်ဘာ တန်ချိန် ၁၀၀ နှင့် သီရိလင်္ကာနိုင်ငံသို့ ရော်ဘာ တန် ၄၀ တင်ပို့သည်။

ဇူလိုင် ၁ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း နယ်စပ်ကုန်သွယ်မှုလမ်း ကြောင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၆၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၁၁၀ ကျော်တင်ပို့သည်။ တင်ပို့မှုအနေ ဖြင့် မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၄၉၀ ကျော်နှင့် တရုတ်နိုင်ငံသို့ရော်ဘာ တန်ချိန် ၆၂၀ ခန့် တင်ပို့ခဲ့သည်။ နည်း လမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု တန် ချိန် ၉၉၈၀ ကျော်ရှိပြီး တန်ဖိုး အမေရိ ကန်ဒေါ်လာ ၁၄ ဒသမ ၅၂၈ သန်း ရရှိ သည်။

**ပြောင်း**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလ အတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်း မှ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၀၀၉ သန်း တန်ဖိုးရှိပြောင်းတန်ချိန် ၂၁၅၈၅၀ ကျော် တင်ပို့ကြောင်း သိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ထိုင်း နိုင်ငံသို့ ပြောင်းတန်ချိန် ၁၈၆၀၈၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန် ချိန် ၂၆၀၂၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ပြောင်းတန်ချိန် ၃၇၅၀ တင်ပို့သည်။

ဇူလိုင် ၁ ရက်မှ ရက်မှ ၂၆ ရက် ထိကာလအတွင်း မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေ ရိကန်ဒေါ်လာ ၂၃ ဒသမ ၇၀၆ သန်း တန်ဖိုးရှိပြောင်းတန်ချိန် ၉၄၆၇၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု တန်ချိန် ၃၁၀၅၂၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၇၁၅ သန်း ရရှိကြောင်း သိရ သည်။

**DAAT**

# ကျန်းမာရေးအကျိုးပြု ဆေးဖက်ဝင်ငှက်သိုက်

ယုယုမြင့် (ကော့သောင်း)



လူသားများအတွက် ကျန်းမာရေးအကျိုးပြု ဆေးဖက်ဝင်အစာ အာဟာရဓာတ်ရရှိသော ငှက်သိုက်သည် မြန်မာနိုင်ငံတွင် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ထားဝယ်၊ ကော့သောင်းနှင့် မြိတ်ကျွန်းစုများမှ အများဆုံးထွက်ရှိသည်။ ငှက်သိုက်ကို ဇီဝဖိုးငှက်လေးများ၏ အာခံတွင်းမှထွက်ရှိသော တံတွေးဂလင်းရည်နှင့် အစာအိမ်မှလာသော အစာရည်တချို့ကို ပေါင်းစပ်အန်ထုတ်ပြီး အသိုက်ဆောက်လုပ်ခြင်းမှ ရရှိ ခြင်းဖြစ်သည်။

ထိုငှက်ကလေးများ၏ တံတွေးဂလင်းက ထွက်ရှိသည့် အချွဲရည်မှာ ပြင်ပလေထုနှင့်ထိတွေ့ပြီး တဖြည်းဖြည်း ခြောက်သွေ့လာခြင်းဖြစ်သည်။ ဇီဝဖိုးငှက်လေးများသည် ဂူနှင့်ဝေးသော ပင်လယ်ကျောက်ဆောင်အမြင့်နှင့် လိုဏ်ဂူများကြားတွင် အုပ်စုဖွဲ့နေတတ်ကြပြီး အုပ်စုတစ်စုလျှင် ကောင်ရေ ထောင်ပေါင်းများစွာ ပါဝင်သည်။

မြေပြင်တွင် ကျက်စားလေ့မရှိဘဲ ဝေဟင်နှင့် ပင်လယ်အထက်တွင် လျင်မြန်စွာပျံသန်းပြီး လေထဲမှ အင်းဆက်များကို ဖမ်းယူစားသောက်ကြသည်။ သူတို့သည် တိမ်များရှိသည့် နေရာအမြင့်အထိ ရောက်အောင် ပျံသန်းနိုင်သဖြင့် တချို့က တိမ်ညွှန့်များကိုစားပြီး အသက်ရှင်ကြသည့်အတွက် တခြားပင်လယ်ပျော် ငှက်များနှင့် မတူဘဲ လူသားများအတွက် အကျိုးပြုမှုများသည်ဟု ဆိုကြသည်။

ဇီဝဖိုးငှက်လေးများသည် မျိုးစိတ်ကွဲပြားမှုအပေါ် မူတည်ပြီး တချို့က အဖြူရောင်အန်ဖတ်၊ တချို့က အမည်းရောင် အန်ဖတ်များဖြင့် အသိုက်ဆောက်ကြသည်။ အဖြူရောင်မှာ အနက်ရောင်ထက်ဈေး ၁၀ ဆခန့်ပိုရရှိသည်။ မျိုးပွားရာသီ ဖြစ်သော ဇန်နဝါရီ၊ ဧပြီနှင့် ဩဂုတ်လတွင် ကျောက်ဆောင်နံရံများတွင် အသိုက်ဆောက်ပြီး ငှက်သားပေါက်လေးများ အရွယ်ရောက်လာပြီး ပျံသန်းအစာရှာဖွေနိုင်ပါက သူတို့၏ ငှက်သိုက်များကို စွန့်ခွာသွားကြသည်။ ထိုငှက်သိုက်များကို လူတို့က ရှာဖွေခွာယူကြခြင်းဖြစ်သည်။

ပင်လယ်ကျောက်ဆောင်များတွင် ကျင်လည်ကျက်စား နေထိုင်ကြသော ဇီဝဖိုးငှက်လေးများသည် ရာသီဥတု ဖောက်ပြန်မှုကြောင့် ပင်လယ်လှိုင်းကြီးခြင်း၊ နေရောင်ခြည် ပြင်းထန်လာခြင်းနှင့် ပင်လယ်ကျောက်ဆောင်များသို့ လူသူအရောက် များလာခြင်းတို့ကြောင့် ပင်လယ်ပိုင်းမှ ကုန်တွင်းပိုင်းကို တဖြည်းဖြည်း ပြောင်းရွှေ့လာကြသည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ အနောက်တောင်ဘက်တွင်ရှိသည့် ကျွန်းစုများတွင် တွေ့ရှိရပြီး ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းလာခြင်းကြောင့် သဘာဝအတိုင်း ရှာဖွေရရှိသည့် ငှက်သိုက်များသာမက ငှက်အိမ်များဆောက်၍ မွေးမြူလာကြပြီး ငှက်သိုက်ထုတ်လုပ်လာကြသည်။ ငှက်သိုက် အများဆုံးထွက်ရှိသည့် မြိတ်ကျွန်းစုအပြင် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်၊ ရခိုင်ကမ်းရိုးတန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် မွေးမြူလာကြသည်။ သဘာဝနှင့် အနီးစပ်ဆုံး ဖြစ်အောင် ငှက်အိမ်များကို တည်ဆောက်ထားကြပြီး ငှက်လေးများသည် လေထဲရှိ အင်းဆက်များကိုသာ စားသောက်သဖြင့် ဂေဟစနစ်ကို အထောက်အကူပြုသည်။

ငှက်သိုက်သည် ကျန်းမာရေးအတွက် ပရိုတင်းဓာတ် ကြွယ်ဝပြီး အာဟာရဓာတ်များစွာ ပါဝင်သောကြောင့် ကိုယ်ခံ အားစနစ်ကို ကောင်းစေသည်။ အသားအရေကို ကြည်လင်စေပြီး အိုမင်းရင့်ရော်ခြင်းကို နှောင့်နှေးစေသည်။ ခွဲစိတ်ပြီးလူနာနှင့် ဖျားနာသူများ အမြန်နာလန်ထစေပြီး ခွန်အားကိုပြန်လည် ပြည့်ဖြိုးစေသည်။ အာရုံကြောကောင်းစေပြီး ဦးနှောက်ကို ကြည်လင်စေသဖြင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများ ပြားလှသည်။

ယခင်က ကိုဗစ်ကာလတွင် စားသုံးနှုန်းမြင့်မားလာပြီး ငှက်သိုက်ကို မြန်မာနိုင်ငံတွင် စားသုံးမှု မများသော်လည်း ကိုဗစ်ကာလ ကျော်လွန်ပြီးနောက် ငှက်သိုက်၏ အကျိုးအာနိသင်များကို သိရှိလာသဖြင့် စားသုံးမှု ပိုမိုတွင်ကျယ်လာပြီး ဈေးကွက်လည်း ပိုမိုကျယ်ပြန့်လာသည်။ ငှက်သိုက်ဈေးကွက်မှာ အသိုက်မှ ခွာယူလာသည့်အတိုင်း အကြမ်းရောင်းခြင်း၊ သန့်စင်အခြောက်ခံ၍ ပုံသွင်းခွက်နှင့် အချောရောင်းခြင်း၊ နည်းပညာတိုးတက်လာသည့်အတွက် ပေါင်းပြီး ပေါင်းရည် ပုလင်း(Ready To Drink)နှင့် ရောင်းခြင်းများရှိသည်။

ကော့သောင်းမြို့၏ သဘာဝငှက်သိုက်ဈေးနှုန်းများမှာ ဇူလိုင်လ နောက်ဆုံးပတ် ပေါက်ဈေးအရ ငှက်သိုက်အကြမ်း တစ်ကျပ်သားလျှင် ကျပ် ၃၆၀၀၀၊ ငှက်သိုက်အချော(အသန့်)တစ်ကျပ်သားလျှင် ကျပ် ၆၅၀၀၀၊ ငှက်သိုက်ပေါင်းရည် (သကြားပါ) ၄၂ မီလီလီတာ တစ်ပုလင်းလျှင် ကျပ် ၁၀၀၀၀ နှင့် (သကြားမပါ) ၇၅ မီလီလီတာ တစ်ပုလင်းလျှင် ကျပ် ၁၃၀၀၀ တို့ဖြစ်ပြီး ယခုဝါတွင်းကာလတွင် လူကြီးမိဘများ၊ ဆရာသမားများအား ကန်တော့ရန်အတွက် ငှက်သိုက်အချော ( အသန့် )နှင့် ငှက်သိုက်ပေါင်းရည်များ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

# ဇီးကုန်းမြို့နယ်တွင် ဆီထွက်သီးနှံ နှမ်းကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာ



ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆီထွက်သီးတစ်မျိုးဖြစ်သော နှမ်းသီးနှံကို ယခုနှစ်တွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြောင်း သိရသည်။ ဇီးကုန်းမြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးကြိုးနှမ်း စိုက်ပျိုးရန် လျာထားဧက ၁၅၂၀ ဧကဖြစ်ပြီး ဇွန်လကုန်အထိ ၉၀၁ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

မိုးနှမ်းစိုက် တောင်သူများအနေဖြင့် မိုးကြိုနှမ်းအား မေလတွင် စတင်စိုက်ပျိုးပြီး နှစ်လခွဲခန့် ကြာပါက စတင်ရိတ်သိမ်းကြောင်း၊ စမုန်နက်နှမ်းမျိုးကို စိုက်ပျိုးမှုများပြီး ယခုနှစ်တွင် မျိုးနှမ်း ၁၅ ပိဿာ တစ်တင်းလျှင်ကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ဝယ်ယူရပြီး တစ်ဧကအတွက် မျိုးနှမ်း ငါးပိဿာ အသုံးပြုရသည်။

ယခုနှစ်တွင် မိုးနှမ်းတစ်ဧက စိုက်ပျိုးစရိတ်အနေဖြင့် (မျိုးဝယ်ယူကုန်ကျစရိတ်၊ ထယ်ထိုးခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အလုပ်သမားခ) အပါအဝင် စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၃၆၅၀၀၀ ရှိကြောင်းသိရသည်။

ယခင်နှစ် မိုးနှမ်းတစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၀ တင်း ထွက်ရှိကြောင်း၊ ယခင်နှစ် နှမ်းသစ်ပေါ်ချိန်တွင် စမုန်နက်နှမ်း တစ်တင်း ကျပ် ၉၀၀၀၀ နှုန်းရောင်းချရကြောင်း အကျိုးအမြတ်အားဖြင့် ကျပ် ၅၄၀၀၀၀ ရရှိခဲ့ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ဒေသတွင်း တောင်သူများအနေဖြင့် နှမ်းသီးနှံကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာခြင်းဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ရှိစေမည်ဖြစ်သည်။

မြင့်မြင့်ခင် (နတ်တလင်း)

၁-၇-၂၀၂၄ မှ ၃၁-၇-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1642 | 24 | - | - | - | 1666 |
| | Form AANZ | 48 | 2 | - | - | - | 50 |
| | Form AHK | 7 | - | - | - | - | 7 |
| | Form AI | 733 | 10 | - | - | - | 743 |
| | Form AJ | 110 | 1 | - | - | - | 111 |
| | Form AK | 565 | 9 | - | - | - | 574 |
| | Form CHINA | 1 | - | - | - | - | 1 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 50 | 3 | - | - | - | 53 |
| | Form E | 1474 | 11 | - | - | - | 1485 |
| | Form Korea | 44 | 3 | - | - | - | 47 |
| | E Form D | 1162 | - | - | - | - | 1162 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **5836** | **63** | - | - | - | **5899** |

# ကွမ်းသီးမှုံ့အန္တရာယ် ကင်းဝေးရေး သတိပြုစားသုံးပေး

ကွမ်းစားခြင်းသည် မြန်မာ့ဓလေ့ထုံးစံတစ်ခုဖြစ်သည်။ ဘာသာရေးဆိုင်ရာပွဲတော်များ၊ ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းများ၊ အထူးသဖြင့် နယ်ကျေးလက်များတွင် အမြဲတွေ့ရပြီး မိတ်ဆွေများအနေဖြင့် ကွမ်းယာကို တစ်ဦးမှတစ်ဦး အပြန်အလှန်ပေးအပ်၍ စားသုံး ကြသည်။ မြန်မာနိုင်ငံတွင်သာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော ဗီယက်နမ်၊ မလေးရှား၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံများတွင်လည်း စားသုံးသည့်ဓလေ့ရှိကြသည်။

ကွမ်းသီးပင် (Betel Nut) သည် Arecaceae မျိုးရင်းတွင်ပါပြီး အုန်းပင်၊ ထန်းပင်များနှင့် မျိုးရင်းတူ၍ သိပ္ပံအမည်မှာ Areca catechu ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကွမ်းသီးပင် စိုက်ပျိုးဖြစ်ထွန်းသော ဒေသများမှာ တောင်ငူ၊ ကျိုက္ခမီ၊ သထုံ၊ ထားဝယ်၊ မြိတ်၊ ဖျာပုံ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့ ဖြစ်ကြသည်။ ကွမ်းသီးတွင် အမျိုးမျိုးသော ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် ကျန်းမာရေးအတွက် အရေးကြီးသော အာဟာရဓာတ်များ ပါဝင်သည်။ ကွမ်းသီးကို အလိုရှိသလို အသုံးပြုနိုင်သော်လည်း ပုံမှန် ကြာရှည်စွာ စားသုံးသူများတွင် ကျန်းမာရေးဆိုးကျိုးများ ရရှိစေသည်။ ကွမ်းသီးသည် စားသုံးသူ၏ ကျန်းမာရေးအခြေအနေနှင့် ညီညွတ်မျှတစွာ စားသုံးမှသာ သဘာဝအာဟာရဓာတ်များ ရရှိစေသည်။ ကွမ်းသီးသည် ကျန်းမာရေးအတွက် ကောင်းကျိုးရှိသည် မှန်သော်လည်း ၎င်း၏ အာနိသင်၊ ဘေးထွက်ဆိုးကျိုးများနှင့် ပတ်သက်ပြီး လေ့လာမှုများပြုလုပ်ရန် လိုအပ်ပါသေးသည်။ ကွမ်းသီးကို ဓာတုဗေဒနည်းအရ သန့်စင်ထားခြင်းမရှိသောကြောင့် အချို့တွင် ဘေးထွက်ဆိုးကျိုးများ ခံစားရစေနိုင်သည်။

ယနေ့အချိန်အခါတွင် ကွမ်းယာစားသုံးသူများသည် တစ်နေ့တခြား များပြားလာသည်။ ကွမ်းယာထဲတွင် ကင်ဆာဖြစ်စေနိုင်သော မှိုပါဝင်မှုအများဆုံးမှာလည်း ကွမ်းသီးအူတိုင်မှုံပင်ဖြစ်သည်။ ထို့ပြင်ကွမ်းသီးသည် မှိုပေါက်ဖွားမှု အများဆုံးဖြစ်စေနိုင်သော အသီးဆန်တစ်မျိုးလည်းဖြစ်သည်။ မှိုတက်နေသော ကွမ်းသီးကို နည်းနည်းနှင့်မကြာခဏ စားမိလာရာမှ အာဖလာတော့ဆင် မှိုဆိပ်ကြောင့် တဖြည်းဖြည်း ကင်ဆာရောဂါဝေဒနာကို ခံစားလာရနိုင် သည်။ ထို့ကြောင့် ကွမ်းသီးတွင် အာဖလာတော့ဆင်မှိုဆိပ် ပါဝင်မှုရှိ/မရှိကိုသိရှိစေရန် စမ်းသပ်စစ်ဆေးရမည်ဖြစ်သည်။ ဈေးနှင့် ကွမ်းယာဆိုင်များမှ ကွမ်းသီးနမူနာအချို့ကို ဓာတ်ခွဲခန်းတွင် အာဖလာတော့ဆင်မှိုဆိပ်ပါဝင်မှု တိုင်းတာရာ၌ နမူနာများတွင် အာဖလာတော့ဆင် B1 ပါနေကြောင်း တွေ့ရှိရသည်။ အာဖလာတော့ဆင်မှိုဆိပ် B1, B2, G1, G2 လေးမျိုးတွင် အပြင်းဆုံးဖြစ်သည့် B1 ပါဝင်နေပြီး သတ်မှတ်ထားသော အမြင့်ဆုံးပါဝင်မှုပမာဏထက် ပိုမိုပါဝင်နေကြောင်း တွေ့ရသည်ဟု သိရှိရသည်။

ထို့ကြောင့် မှိုတက်နေသော ကွမ်းသီးကို သုံးထားသော ကွမ်းယာများသည်လည်း ရေရှည်တွင် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာ၊ အစာအိမ်ကင်ဆာအထိ ဖြစ်စေနိုင်ပြီး စားသုံးသူများတွင် ဆဲလ်များ ပျက်စီးခြင်းနှင့် အသည်းကင်ဆာဖြစ်ခြင်းများ ခံစားရနိုင်သည်။ ကွမ်းသီးကို မှိုကင်းစင်စေရန်နှင့် ကွမ်းသီးအူတိုင်မှိုကို သတ်ရန် ၁၂၁ ဒီဂရီစင်တီဂရိတ် အပူချိန်ရှိသော ပေါင်းအိုးထဲထည့်ပြုတ်ကာ ပြုတ်ပြီးသည့် ကွမ်းသီးကို အစိုဓာတ်ပမာဏ ၉ ရာခိုင်နှုန်းခန့် အခြောက်ခံရန် လိုအပ်သည်။

အချို့က ကွမ်းသီးကို အရောင်ချွတ်ဆေး (Bleaching agent) ဖြင့်စိမ်၍ ရေဆေးကာ အသုံးပြုကြသည်။ ထို့ပြင် ဆေးရည်စိမ်ခြင်း၊ ပြုတ်ခြင်းများလည်း လုပ်ဆောင်ကြသည်။ ထိုအခါ ချွတ်ဆေးများသည် ကွမ်းသီး၏ အလယ်ဗဟိုရှိ စုပ်အားကောင်းမွန်သော အူတိုင်စက်ကွက်ထဲသို့ ရောက်သလို ကွမ်းသီး၏အပြင်ဘက်ကို ဖြူစေသည်။ မှိုကြောင့်ရောဂါဖြစ်မှုကို ရှောင်ရှားနိုင်သော်လည်း ကွမ်းသီးအူတိုင်မှ စုပ်ယူထားမိသော ချွတ်ဆေးများကို ပမာဏများများ စားသုံးမိစေနိုင်သည်။ ကွမ်းသီးတွင်မှိုပါနေလျှင် သို့မဟုတ် ဖြူလွန်းနေလျှင် စားသုံးရန်မသင့်ပေ။ ထို့ပြင်အချို့သော ကွမ်းပေါင်းဖိုများတွင် ကွမ်းသီးမှိုမတက်စေရန် ကန့်(ဆာလ်ဖာ)ကို မီးရှို့၍ အငွေ့ရိုက်ခြင်းတို့ဖြင့် ပြုပြင်ထားကြောင်း သိရှိရသည်။

ကွမ်းသီးတွင် မှိုကင်းစင်ပြီး အာဖလာတော့ဆင်မှိုဆိပ်ကျရောက်မှု မဖြစ်စေရန် အေးမြခြောက်သွေ့သော နေရာ၌ သိုလှောင်ပြီး အပူချိန် အနေအထားကိုလည်း ထိန်းချုပ်ထားရမည်။ လုံလောက်သော အပူချိန်နှင့် စိုထိုင်းဆတွင် အာဖလာတော့ဆင် မှိုဆိပ်ပေါက်ဖွားမှုနှုန်း များနိုင်သောကြောင့် သိုလှောင်ရန် အသင့်တော်ဆုံးသော အပူချိန်နှင့်စိုထိုင်းဆ (Optimum storage temperature and relative humidity RH) တွင် သိုးခြားထားရှိရမည်။ ထိုသို့လုပ်ဆောင်ပါက အာဖလာတော့ဆင် မှိုဆိပ်ကျရောက်မှုကို လျှော့ချနိုင်ပြီး မှိုဆိပ်အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

ကွမ်းသီး မှိုတွင် ကင်ဆာဖြစ်စေသော (carcinogenic) အာနိသင်များ ပါဝင်သောကြောင့် မှိုတက်ကွမ်းသီးကိုစားသုံးခြင်းသည် အာဟာရလည်းမရရှိသလို အန္တရာယ်ကိုဖိတ်ခေါ်နေခြင်းဖြစ်ပြီး ကြောက်စရာကောင်းသော အာဖလာတော့ဆင်မှိုဆိပ်ပါဝင်နေသောကြောင့် ပြည်သူများအနေဖြင့် ရှောင်ရှားသင့်သည်။ ကျန်းမာရေးကို ထိခိုက်စေသော မှိုတက်နေသည့် ကွမ်းသီးများကို ကိုယ်တိုင်စားသုံးခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများကို ရှောင်ရှားသင့်ကြောင်း ရေးသားလိုက်ပါသည်။

**သဲစုနိုင်(CTQM)**

**ကိုးကားချက်များ**

၁။ https://content.ondoctor.com.mm
၂။ https://www.goodhealthmyanmar.com
၃။ https://hellosayarwon.com
၄။ သမြားနီဆေးအပတ်စဉ်အလှူတော် Donation with for your health

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၃၁-၇-၂၀၂၄ မှ ၆-၈-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 535 - 540 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 525 - 535 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 500 - 510 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 490 - 500 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 540 - 545 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 535 - 540 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 525 - 535 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 500 - 510 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 540 - 545 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 535 - 540 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 525 - 535 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 500 - 510 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 540 - 545 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 535 - 540 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 525 - 535 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 500 - 510 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 540 - 545 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 535 - 540 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 525 - 535 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 500 - 510 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 635 - 645 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 630 - 635 | |
| 24 | A-1 , 2 (Sortexed) | 390 - 400 | |
| 25 | B-1 , 2 (Sortexed) | 375 - 385 | |
| 26 | B-1,2 (Non-Sortexed) | 355 - 365 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ရွှေဘိုမြို့ရှိ စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

### ပဲတီစိမ်း

ပဲတီစိမ်းမှာ မေလပထမပတ်မှစတင်၍ ရွှေဘိုဈေးကွက်တွင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင် စတုတ္ထပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၇၀၅၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ဖြစ်မှုမှာ ၄၅၀၀ တင်း၊ ၁၄၇ တန်ဖြစ်ကြောင်း၊ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၆၅၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၅၅၀၀ ဈေးပိုမိုရရှိခဲ့ကြောင်း၊ ယခုတစ်ပတ်တွင် ပဲတီစိမ်းဈေး ဆက်လက်မြင့်တက်လာသည့်အပြင် အရောင်းအဝယ် လည်းကောင်းလာကြောင်း ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်ရှိ တာဝန်ရှိသူများထံမှ သိရသည်။

### နှမ်းနက်

ဇွန် ပထမပတ်မှစတင်၍ ရွှေဘိုဈေးကွက်သို့ နွေနှမ်းနက်များ စတင်ဝင်ရောက်ခဲ့ကြောင်း၊ ဇူလိုင်လ စတုတ္ထပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၇၀၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ဖြစ်မှုမှာ ၇၅၀ တင်း၊ ၁၈ တန်ဖြစ်ကြောင်း၊ ယခင်တစ်ပတ်က နှမ်းနက် တစ်တင်းလျှင် ကျပ် ၁၅၅၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ဈေးပိုမိုရရှိခဲ့ကြောင်း သိရသည်။


### ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး

ဇူလိုင်လ စတုတ္ထပတ်တွင် ရွှေဘိုမြို့၌ ရောင်းချလျက်ရှိသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများမှာ ဇာမဏီတံဆိပ် 13:5:7 ကွန်ပေါင်းဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၇၄၀၀၀ နှင့် ဒီမွန် 1.8 တံဆိပ် ထိသေ/စားသေ (အဆိပ်ငွေ့) 500cc တစ်ဘူးလျှင် ကျပ် ၁၇၀၀၀၊ ငှက်ကြီးတောင်တံဆိပ် ထိသေ/စားသေ (အဆိပ်ငွေ့) 100cc တစ်ဘူးလျှင် ကျပ် ၂၂၀၀၀၊ ဇိုင်ကလုံးတံဆိပ် ပင်လုံးပြန့်ပိုးသတ်ဆေး 250cc တစ်ဘူးလျှင် ကျပ် ၁၇၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး အာမို၊ ပုလဲတံဆိပ် ကွန်ပေါင်း ဓာတ်မြေဩဇာ၊ အာမို၊ ကျွဲနက်တံဆိပ် (15:15:15) ကွန်ပေါင်း ဓာတ်မြေဩဇာ၊ ပန်းဖူးတံဆိပ် ဓာတ်မြေဩဇာ၊ MCတံဆိပ် (15:15:15) ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ရှောင်လင်တံဆိပ် ထိသေ/စားသေ (အဆိပ်ငွေ့)ပိုးသတ်ဆေးများမှာ ပစ္စည်းပြတ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ပိုးသတ်ဆေးများမှာ ပုံမှန် အရောင်းအဝယ် ဖြစ်သော်လည်း ဓာတ်မြေဩဇာမှာ ပစ္စည်းပြတ်သည့်အပြင် အရောင်းအဝယ် အေးလျက်ရှိကြောင်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အရောင်းဆိုင်များမှ သိရှိရသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**

# လွတ်လပ်သော ကုန်သွယ်ရေး၏ ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်မှု

**သိန်းမြင့်ဝေ**




အပြန်အလှန် ချိတ်ဆက်မှု ပိုမိုများပြားလာသည့် ကမ္ဘာတွင် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ (FTAs) သည် နိုင်ငံတကာကုန်သွယ်မှု၏ တိုးတက်ပြောင်းလဲမှုကို ပုံဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ FTAs သည် အခွန်အခ၊ ခွဲတမ်းနှင့် သွင်းကုန် ကန့်သတ်ချက်ကဲ့သို့သော အတားအဆီးများ လျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းအားဖြင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေသည်။ ၎င်းတို့သည် နိုင်ငံနှစ်နိုင်ငံ သို့မဟုတ် ထို့ထက်ပိုသော နိုင်ငံများကြား ချုပ်ဆိုသော သဘောတူစာချုပ်များဖြစ်သည်။

အဆိုပါ သဘောတူညီချက်များသည် နယ်စပ်ဖြတ်ကျော် ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုချောမွေ့စွာ စီးဆင်းစေရန် ရည်ရွယ်သည်။ ထိုမှတစ်ဆင့် စီးပွားရေး တိုးတက်မှုနှင့် နိုင်ငံတကာ ဆက်ဆံရေး အားကောင်းလာစေရန် ရည်ရွယ်သည်။ ဤဆောင်းပါး၌ နိုင်ငံတကာကုန်သွယ်မှုတွင် FTAs ၏ အရေးပါသော အခန်းကဏ္ဍနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အပေါ် သက်ရောက်မှုတို့ကို ဆန်းစစ်ထားသည်။

### FTAs \ oabmobm0

FTAs သည်နှိုင်းယှဉ်အားသာချက် နိယာမ(principle of comparative advantage) အတိုင်း လည်ပတ်နေသည်။ နှိုင်းယှဉ် အားသာချက် သဘောတရားအရ နိုင်ငံများသည် ပိုမိုထိရောက်စွာ ထုတ်လုပ်နိုင်သော အခြားနေရာမှပစ္စည်းများ တင်သွင်းနေသည်။ ထိုအချိန်တွင် အခြားနိုင်ငံများသည် အထိရောက်ဆုံး ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ အထူးပြု ထုတ်လုပ်နိုင်စေသည်။ ဤအထူးပြုချက်က စီးပွားရေးတစ်ခုလုံး၏ စွမ်းဆောင်ရည် မြှင့်တင်ပေးပြီး ကုန်ထုတ်စွမ်းအားနှင့် ဆန်းသစ်တီထွင်မှုကို တိုးမြှင့်ပေးနိုင်သည်။

### FTAs \ t"d t*Kyfsm;

အခွန်စည်းကြပ်မှု လျှော့ချခြင်း-FTA များသည် ပုံမှန်အားဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှု အများအပြားအပေါ် အခွန်အခများ လျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းဖြစ်သည်။ အခွန်လျှော့ချခြင်း၏ ကောင်းကျိုးကို ၎င်းတို့၏ မိတ်ဖက်နိုင်ငံများ ပိုမိုရရှိ ခံစားနိုင်စေသည်။

**အကောက်ခွန်မဟုတ်သော အတားအဆီးများ -** ဤသဘောတူညီချက်များက ခွဲတမ်း၊ သွင်းကုန်လိုင်စင်နှင့် စည်းမျဉ်း စည်းကမ်းဆိုင်ရာအတားအဆီးကဲ့သို့သော အကောက်ခွန်မဟုတ်သော အတားအဆီးများ (Non-Tariff Barriers) ကိုင်တွယ်ဖြေရှင်းပေးသည်။ ထိုအချက်က ပိုမိုချောမွေ့ပြီး ခန့်မှန်းနိုင်သော ကုန်သွယ်ရေး စီးဆင်းမှုဖြစ်စေသည်။

**ရင်းနှီးမြှုပ်နှံမှု ပြဋ္ဌာန်းချက်-** FTAs တွင် အဖွဲ့ဝင်နိုင်ငံများကြား ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ရန်နှင့် မြှင့်တင်ပေးသည့် ပြဋ္ဌာန်းချက်များပါဝင်သည်။ ထို့ကြောင့် တည်ငြိမ်ပြီး ခန့်မှန်းနိုင်သော ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးသည်။

**ဉာဏပစ္စည်းမူပိုင်ခွင့် -** ကုန်သွယ်ရေး သဘောတူစာချုပ်များက ဉာဏပစ္စည်း မူပိုင်ခွင့်များ (Intellectual Property Rights) အကာအကွယ်ပေးမှုကို အားကောင်းစေသည်။ ထို့ပြင် ဆန်းသစ်တီထွင်မှုနှင့် နိုင်ငံများကြား နည်းပညာလွှဲပြောင်းမှုကို အားပေးသည်။

### FTAs \ pDGa&;ouf&mufI

**စီးပွားရေးတိုးတက်မှု မြှင့်တင်ခြင်း-** ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေခြင်းအားဖြင့် FTA များက စီးပွားရေး တိုးတက်မှုကို အထောက်အကူဖြစ်စေသည်။ ဈေးကွက် ဝင်ရောက်မှု တိုးလာခြင်းက ပို့ကုန်ပမာဏ ပိုမိုမြင့်မားစေပြီး အရင်းအမြစ်များ ပိုမိုထိရောက်စွာ ခွဲဝေပေးနိုင်သည်။

**အလုပ်အကိုင် ဖန်တီးခြင်းနှင့် ဝင်ငွေတိုးတက်ခြင်း -** ပိုမိုကောင်းမွန်သော ကုန်သွယ်မှုက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကြောင့် အကျိုးဖြစ်ထွန်းလျက်ရှိသော ကဏ္ဍများနှင့် ပို့ကုန်ဦးစားပေးစက်မှု လုပ်ငန်းတို့၌ အလုပ်အကိုင် ဖန်တီးပေးသည်။ အကျိုးဆက်အနေဖြင့် လုပ်ခ ပိုမိုမြင့်မားပြီး လူနေမှု အဆင့်အတန်း မြှင့်တင်ပေးသည်။

**စားသုံးသူအကျိုးခံစားခွင့် -** FTA အဖွဲ့ဝင်နိုင်ငံများရှိ စားသုံးသူများသည် ဈေးနှုန်းချိုသာသော ကုန်စည်နှင့် ဝန်ဆောင်မှုများစွာ သုံးစွဲရသော ကောင်းကျိုးခံစားခွင့်ရှိသည်။ ထို့ကြောင့် ၎င်းတို့၏ ဝယ်ယူနိုင်စွမ်းအားနှင့် အလုံးစုံသက်သာချောင်ချိရေးကို မြှင့်တင်ပေးသည်။

**လုပ်ငန်းချဲ့ထွင်ခြင်း -** စီးပွားရေးလုပ်ငန်းများသည် ဈေးကွက်သစ်များသို့ ဝင်ရောက်ခွင့်ရရှိပြီး လုပ်ငန်းများ ချဲ့ထွင်နိုင်ခြင်း၊ အမြောက်အမြား ထုတ်လုပ်မှု၏ စီးပွားရေး အကျိုးခံစားခွင့် ရရှိခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ခြင်း စသည့်ကောင်းကျိုးများ ရရှိသည်။

### urQkbf;Gflt ajymift vSBfFTAs

**ကုန်သွယ်မှု သွေဖည်ခြင်းနှင့် ကုန်သွယ်မှုဖန်တီးခြင်း-** FTA များသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်သွယ်မှုပိုမိုလွယ်ကူစေပြီး ဈေးသက်သာခြင်းဖြင့် ကုန်သွယ်မှုကို ဖန်တီးနိုင်သည်။ ကုန်သွယ်မှု ဖန်တီးခြင်း သို့မဟုတ် ကုန်သွယ်မှု တိုးပွားခြင်း (Trade Creation) ဖြစ်စေ နိုင်ပါသည်။ သို့သော်လည်း ၎င်းတို့သည် ပိုမိုထိရောက်သော အဖွဲ့ဝင် မဟုတ်သည့် ထုတ်လုပ်သူများထံမှ ကုန်သွယ်မှုကို လမ်းကြောင်းလွှဲပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတွင် ထိရောက်မှု အားနည်းစေနိုင်သည်။ ကုန်သွယ်မှု သွေဖည်ခြင်း သို့မဟုတ် ကုန်သွယ်ရေး ဆုတ်ယုတ်ခြင်း (Trade Diversion) ဖြစ်ပေါ်စေနိုင်သည်။

**ဒေသဆိုင်ရာကုန်သွယ်ရေးအဖွဲ့-** FTAs သည် ဥရောပသမဂ္ဂ (EU) နှင့် မြောက်အမေရိက လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် (NAFTA) ကဲ့သို့သော ဒေသတွင်းကုန်သွယ်မှု အစုအဖွဲ့ များ ဖွဲ့စည်းရန် ဦးတည်သွားလေ့ရှိသည်။ ဤအဖွဲ့များသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပုံစံနှင့် စီးပွားရေးမူဝါဒများကို သိသိသာသာ လွှမ်းမိုးနိုင်သည်။

**ပထဝီဝင်နိုင်ငံရေး လွှမ်းမိုးမှု -** FTAs သည် ပထဝီဝင်နိုင်ငံရေး မဟာဗျူဟာ၏ လက်နက်ကိရိယာများဖြစ်သည်။ ကုန်သွယ်ရေး သဘောတူစာချုပ်များက အဖွဲ့ဝင်နိုင်ငံများကြား နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများ ခိုင်မာစေပါသည်။ ၎င်းတို့သည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးမူဝါဒနှင့် စေ့စပ်ညှိနှိုင်းမှုများကို လွှမ်းမိုးနိုင်ပြီး နိုင်ငံတကာ ဆက်ဆံရေးတွင် ပါဝါချိန်ခွင်လျှာ ပြောင်းလဲနိုင်သည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သက်ရောက်မှု -** FTAs သည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကမ္ဘာ့စီးပွားရေးတွင် ပေါင်းစည်းရန် အခွင့်အလမ်းများ ပေးစွမ်းနိုင်သည်။ သို့သော်လည်း ပိုမိုဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ယှဉ်ပြိုင်ရလေ့ရှိသောကြောင့် စီးပွားရေးကွာဟမှု (Economic disparities) ဖြစ်စေနိုင်သည့် အလားအလာများ ရှိနေသည်။

### FTA \ pelc:rlsm;ESa0zefcsufsm;

**စီးပွားရေးမညီမျှမှု-** ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုအကောင်အထည်ဖော်ရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း၏ အကျိုးကျေးဇူးများကို အညီအမျှ ခွဲဝေမရနိုင်ပေ။ ထို့ကြောင့် နိုင်ငံအတွင်း၌ လည်းကောင်း၊ နိုင်ငံများကြား၌ လည်းကောင်း စီးပွားရေး မညီမျှမှု ပိုမိုဆိုးရွားစေနိုင်သည်ဟု ဝေဖန်သူများက စောဒကတက်ကြသည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုများ -** ကုန်သွယ်မှုနှင့် ထုတ်လုပ်မှု တိုးမြှင့်လာသည့် အချိန်တွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မစီမံနိုင်ပါလျှင် သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်သည်။ FTA သည် ထိုကဲ့သို့သော သက်ရောက်မှုများ လျော့ပါးစေရန် တင်းကျပ်သော သဘာဝပတ်ဝန်းကျင် စံနှုန်းများ ထည့်သွင်းထားရပါမည်။

**အချုပ်အခြာအာဏာဆိုင်ရာ ပြဿနာများ -** ကုန်သွယ်ရေး သဘောတူ စာချုပ်များ ကျင့်သုံး အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ စည်းမျဉ်းများနှင့် စံနှုန်းများ တစ်ပြေးညီဖြစ်ရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက အဆိုပါ သဘောတူစာချုပ်များကို နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်တွင်းမူဝါဒကို ချိုးဖောက်သည့်အရာ အဖြစ် ရှုမြင်နိုင်သည်။

### e*d;csKyfcsuf

လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များသည် နိုင်ငံတကာကုန်သွယ်မှု အခင်းအကျင်းကို ပုံဖော်ရန်၊ စီးပွားရေးတိုးတက်မှုကို မောင်းနှင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ အပြန်အလှန် ဆက်သွယ်မှုကို မြှင့်တင်ရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ဈေးကွက် ဝင်ရောက်ခွင့်၊ အလုပ်အကိုင် ဖန်တီးမှုနှင့် စားသုံးသူ အကျိုးကျေးဇူးများအပါအဝင် သိသာထင်ရှားသော အကျိုးခံစားခွင့်များ ပေးဆောင်နေသည်။ သို့သော်လည်း ၎င်းတို့သည် စီးပွားရေး မညီမျှမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုနှင့် အချုပ်အခြာအာဏာပြဿနာကဲ့သို့သော စိန်ခေါ်မှုများ တွေ့ရှိရ သည်။

FTAs ၏ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု အမြင့်ဆုံးရရှိရန် မူဝါဒချမှတ်သူများသည် အဆိုပါစိန်ခေါ်မှုများ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ကိုင်တွယ်ဖြေရှင်းရာတွင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ကုန်သွယ်မှုမူဝါဒများ (inclusive and sustainable trade policies) ချမှတ်ဆောင်ရွက်ရပါမည်။ ကမ္ဘာ့စီးပွားရေး တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ FTAs သည် ပိုမိုသာယာဝပြောပြီး အပြန်အလှန် ချိတ်ဆက်သော ကမ္ဘာကြီးကို မြှင့်တင်ရာတွင် ဆက်လက်အရေးပါနေမည်ဖြစ်သည်။

Source: linkedin.com



# သီးနှံအထွက်တိုးဖို့ မြေဆီလွှာကို ထိန်းသိမ်းစို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ လယ်ယာသီးနှံများကို ကောင်းမွန်သော မြေဆီလွှာတွင် စိုက်ပျိုးမှသာ ကောင်းမွန် အောင်မြင်သော ရလဒ်ကောင်း ရရှိနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ထွန်ယက်စိုက်ပျိုးသည့် မြေသည် အပေါ်ယံမြေဆီလွှာဖြစ်ရာ ကမ္ဘာ့အပေါ်ယံမြေလွှာသည် လက်မ ၂၀ အောက်အထူရှိလျှင် မြေဆီလွှာပါးဟု သတ်မှတ်ပြီး လက်မ ၂၀ အထက် ၃၆ လက်မကြား အထူရှိလျှင် မြေဆီလွှာ အသင့်အတင့်နှင့် ၃၆ လက်မအထက်ရှိလျှင် အပေါ်ယံမြေဆီလွှာအထူဟု သတ်မှတ်ထားကြောင်း သိရသည်။

အစားအစာ လယ်ယာသီးနှံများအစ မြေဆီလွှာက (soils where food begins) ဟုဆိုသည့်အတိုင်း မြေဆီလွှာ၏ အရေးပါမှုနှင့် ထွက်နှုန်း တိုက်ရိုက်သက်ရောက်မှုတို့ကြောင့် စိုက်ပျိုးသူများအနေဖြင့် မြေဆီလွှာအကြောင်း နားလည်သဘောပေါက်ရန် အလွန်အရေးကြီးသည်။ တောင်သူများ ကြုံတွေ့နေရသော ပိုးမွှားပြဿနာများ၊ မှိုရောဂါများနှင့် ပတ်သက်၍ ဓာတုဆေးအများအပြား သုံးစွဲခြင်းသည် မြေဆီလွှာပျက်စီးခြင်း၏ အဓိကအကြောင်းအရင်း တစ်ချက်လည်းဖြစ်သည်။ ဓာတုဆေးများကို သတ်မှတ်ထားသော အညွှန်းပါအတိုင်း စနစ်တကျ သုံးစွဲတတ်ရန်နှင့် စိုက်ပျိုးမြေများအကြောင်း သိရှိကာ ရှောင်ရန်၊ ဆောင်ရန် အချက်များကို လိုက်နာခြင်းဖြင့် မြေဆီလွှာပျက်စီးခြင်းကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ဓာတုဗေဒအရ လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာအရလည်းကောင်း ဇီဝဗေဒအရ လည်းကောင်း မြေဆီလွှာကို ခွဲခြမ်းစိတ်ဖြာနိုင်သည်။ ဓာတုဗေဒအရ ခွဲခြားခြင်းသည် မြေဆီလွှာ၏ အာဟာရနှင့် (ချဉ်/ငန်ဓာတ်) PH Level များ ကို လေ့လာခြင်းဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာခွဲခြားခြင်းသည် ရေထိန်းသိမ်းမှုနှင့် အမြစ်ဝင်ရောက်မှုအပေါ် မြေဆီလွှာဖွဲ့စည်းပုံနှင့် တည်ဆောက်ပုံကို လေ့လာခြင်းနှင့် ဇီဝဗေဒ ခွဲခြားခြင်းသည် မြေဆီလွှာရှိ သေးငယ်သော ဇီဝရုပ်များကို လေ့လာခြင်းအပိုင်းတို့ဖြစ်သည်။

လူသားထုတစ်ရပ်လုံးအတွက် အရေးကြီးသည့် မြေအရင်းအမြစ်၏ အရေးပါမှုကို သိရှိပြီး ကမ္ဘာတစ်ဝန်းတွင် ဆောင်ရွက်ကြသော လှုပ်ရှားဆောင်ရွက်မှုများမှာ မြေဆီလွှာတွင် ဇီဝမျိုးစုံ မျိုးကွဲများ ဖြစ်ပေါ်တည်ရှိမှု သေချာစေရန်နှင့် သီးနှံစိုက်ပျိုးရန် သင့်လျော်သော မြေဆီလွှာဖြစ်စေရန်၊ လေ၊ ရေတိုက်စားမှုနှင့် ညစ်ညမ်းမှုကို လျှော့ချခြင်း၊ မြေထုတွင် ရေစစ်ထုတ်ခြင်းနှင့် သိုလှောင်ခြင်းတို့ကို မြှင့်တင်ခြင်း၊ ရေရှည်တည်တံ့မှုရှိသော လယ်ယာထွက်ကုန်စနစ်များ ဖြစ်စေရန်နှင့် မလိုလားအပ်သော ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များ လေထုမှ ဖမ်းယူစုဆောင်းခြင်းဖြစ်စဉ်ကို အထောက်အကူဖြစ်စေသည်။ မြေဆီလွှာ စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်းတို့ အရှိန်မြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များအတွက် မြေဆီလွှာ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ရေရှည်တည်တံ့သော မြေဆီလွှာစီမံခန့်ခွဲမှု အလေ့အကျင့်များ ရရှိရေးဆောင်ရွက်ကြခြင်းဖြစ်သည်။ မြေဆီမြေနှစ် ကောင်းမွန်မှု၏ အရေးပါပုံကို အာရုံစိုက်ရန်နှင့် မြေဆီလွှာ အရင်းအမြစ်များ ရေရှည်ခံနိုင်ရေး စီမံခန့်ခွဲမှုအတွက် ထောက်ခံအားပေးရန် နှစ်စဉ် ဒီဇင်ဘာ ၅ ရက်နေ့ကို ကမ္ဘာ့မြေဆီလွှာနေ့အဖြစ် သတ်မှတ်ကျင်းပလျက်ရှိသည်။

တစ်ဦးချင်းအနေဖြင့် မြေဆီလွှာဆိုင်ရာ ပညာရေးနှင့် အသိပညာပေးခြင်း အစီအစဉ်များ ကျင်းပရာတွင် ပါဝင်ခြင်း၊ မြေဆီလွှာ အရည်အသွေးမြှင့်တင်မှုဆိုင်ရာပွဲများ စီစဉ်ခြင်း၊ မြေ ဆီလွှာပြန်လည်ပြုပြင်ခြင်းနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေးအတွက် ပံ့ပိုးကူညီမှု မူဝါဒများနှင့် အလေ့အကျင့်များဆိုင်ရာ လှုပ်ရှားမှုများတွင် ထိရောက်စွာ အပြုသဘော ပါဝင်ဆောင်ရွက်ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်းအား လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းနှင့် ယင်းနှင့်ဆက်စပ်သော အသိပညာဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်နိုင်သည်။

တောင်သူများအနေဖြင့် စိုက်ခင်းတွင် သီးနှံအမျိုးမျိုး စိုက်ပျိုးကြပြီး မြေဩဇာကို အလွန်အကျွံသုံးစွဲနေပါက ဆိုးကျိုးများဖြစ်ပေါ်နိုင်ရာ မြေဆီလွှာရှိနိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်၊ ပိုတက်ဆီယမ်၊ အော်ဂဲနစ်ပစ္စည်းများ၊ မြေဆီလွှာအပူချိန်နှင့် စိုထိုင်းဆ၊ PH တန်ဖိုးနှင့် အခြားအညွှန်းကိန်းများကိုလည်း ထဲထဲဝင်ဝင် နားလည်သိရှိမည်ဆိုပါက စိုက်ပျိုးရေးကို ပိုမိုစနစ်ကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးမြေတွင် ရေပါဝင်မှုနည်းပါက မြေဆီလွှာ ခန်းခြောက်စေ၍ အပင်ကြီးထွားမှုကိုဖြစ်စေသည့် အလင်းဖြင့်အစာချက်လုပ်ခြင်း နည်းစဉ် (Photosynthesis) ကို ထိခိုက်နိုင်သည်။ ထို့ပြင် အပင်အမြစ်များသည် ရေငတ်မွတ်မှုကြောင့် မှိုရောဂါကူးခြင်းနှင့် အပင်သေဆုံးခြင်းကိုဖြစ်စေသည်။ ရေပမာဏများ လွန်းပါကလည်း အမြစ်ပုပ်ပြီး အပင်သေစေနိုင်သည်။ အပင်အမျိုးမျိုးအတွက် လိုအပ်သည့် မတူညီသော အပူချိန်နှင့် စိုထိုင်းဆရှိကြရာ အပူချိန်နှင့် စိုထိုင်းဆ အချက်ပြကိရိယာ Detector ကို အသုံးပြုနိုင်မည်ဆိုပါက လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး လိုအပ်သော အစီအမံများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် အချို့တောင်သူများသည် မြေဆီလွှာကို ပြုပြင်ထိန်းသိမ်းရန် မြေဆီလွှာဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်လာကြပြီဖြစ်သည်။ ဓာတ်ခွဲစမ်းသပ်ရာမှာ စိုက်ပျိုးရေးပညာရှင်များ၏ အကူအညီဖြင့် မြေနမူနာယူကြသလို တောင်သူကိုယ်တိုင်မြေဆီလွှာ နမူနာယူပြီး ဓာတ်ခွဲခန်းသို့ပေးပို့ခြင်းများ ပြုလုပ်ကြသည်။ ထိုနမူနာများ သည် ဓာတ်ခွဲစမ်းသပ်မှုအဖြေမှန်ကန်ရေးအတွက် ကိုယ်စားပြုနမူနာဖြစ်ရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက ထောက်ခံအကြံပြုထားသည်။

ထိုကဲ့သို့သော မြေဆီလွှာစစ်ဆေးခြင်း ရလဒ်များသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ဥယျာဉ်ခြံစိုက်ပျိုးရေးကဏ္ဍတို့အတွက် အဓိကအရေးပါသော လုပ်ဆောင်ချက်များဖြစ်ပြီး သီးနှံမစိုက်ပျိုးခင်မှစတင်၍ စိုက်ပျိုးရိတ်သိမ်းပြီးသည်အထိ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်သင့်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်သည်။

**စံပယ်လှိုင် (CTQM)**

**ရင်းမြစ်/ကိုးကား -**

- **Soil Analysis in Agriculture**
- **Green waymyanmar**

## ရွှေဈေးနှုန်း ကျပ် ၄၆ သိန်းကျော်တွင်ရှိနေ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း YGEA မှ ထုတ်ပြန်လျက်ရှိသည့် အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သားဈေးနှုန်းမှာ ယခုတစ်ပတ်အတွင်း ကျပ် ၄၆ သိန်းကျော်တွင်ရှိပြီဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ YGEA မှ နေ့စဉ်ရောင်းချရမည့် ရွှေဈေးနှုန်းကို တစ်နေ့သုံးကြိမ် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ရွှေရောင်းချသည့်အခါတွင် သတ်မှတ်သည့် ဈေးနှုန်းအတိုင်း ရောင်းချပါရန် အသိပေးထားပြီး ရွှေဆိုင်များကိုလည်း နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ပါရန် ပန်ကြားထားသည်။

လက်ရှိတွင် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေဈေးနှုန်းတည်ငြိမ်စေရေးအတွက် ရွှေဆိုင်များအနေဖြင့် နေ့စဉ်ရွှေဆိုင်များအား ဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများကို ဆောင်ရွက်ပေးပါရန် အသိပေးအပ်ကြောင်း၊ သက်ဆိုင်ရာမှ လာရောက်စစ်ဆေးသည့်အခါတွင် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း YGEA မှ အသိပေး ထုတ်ပြန်ထားသည်။

လက်ရှိတွင် YGEA အနေဖြင့် အကယ်ဒမီ မီးလင်းရွှေဈေးနှုန်းအား ကမ္ဘာ့ရွှေဈေး၊ လိုင်စင်ရဘဏ်များဖြင့် ရည်ညွှန်းဈေးများဖြင့် တွက်ချက်ကာ ရည်ညွှန်းဈေးအား နေ့စဉ်ဖွင့်လှစ်ပေးလျက်ရှိသည်။

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ်အေး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို စဉ်ဆက်မပြတ် ထိန်းချုပ်လျက်ရှိရာ လက်ရှိ ပြည်တွင်းငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင် ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စောင့်ကြည့် ကြပ်မတ်ကွပ်ကဲလျက်ရှိကြောင်း၊ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဖြစ်သော စုဆောင်းအပ်နှံငွေအမျိုးမျိုးလက်ခံပြီး နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများ ဆောင်ရွက်ခြင်း စသည့် ဘဏ်ဝန် ဆောင်မှုများစွာ ပံ့ပိုးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေကြေးဈေးကွက်တွင်းသို့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် Fx Trading Platform မှတစ်ဆင့် နိုင်ငံခြားငွေများ ဆက်တိုက်ထုတ်ရောင်းပေးလျက်ရှိသည်။

လက်ရှိတွင်လည်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရ ဘဏ်များမှလည်း ငွေလဲကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်းနိုင်ငံခြား ငွေကြေးတို့အား ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

## စတော့ရှယ်ယာတန်ဖိုး ကျပ်သန်း ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် ဇွန်လအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှုတန်ဖိုး ကျပ်သန်း ၆၀၀ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ သိရ သည်။

အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာ အစောင်ရေ စုစုပေါင်း ၂၂၄၁၈၃ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၆၈၄ ဒသမ ၃၅ သန်းရှိခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment(FMI) က အစုရှယ်ယာ ၁၈၉၇၄ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၇၂ သန်း၊ Myanmar Thilawa SEZ Holdings Public (MTSH) က အစုရှယ်ယာ ၆၂၂၁၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၀၂ဒသမ ၆၂၄ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ်(MCB) က အစုရှယ်ယာ ၈၂၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၆ ဒသမ၈၄ သန်း၊ ပထမပုဂ္ဂလိကဘဏ်(FPB) က အစုရှယ်ယာ ၈၉၈၈၉ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၅၃ ဒသမ ၉၇ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၁၃၃၆ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ဒသမ ၇၅ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၁၈၅၂၈ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၄ ဒသမ ၆၀၄ သန်း ရရှိခဲ့သည်။

ကိုတိုး - စုစည်းသည်

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၂၅ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၃၇၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင် ၃၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၄၁၇ ဒေါ်လာဖြစ်ခဲ့ပြီး ပြည်တွင်းရွှေဈေးသည်လည်း ဇူလိုင် ၂၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၅၉၄၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင် ၃၁ ရက်တွင် ကျပ် ၆၅၅၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ဒသမ ၇၅ ဘီလီယံ ရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။ Econometric Model အရမြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိတွင် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ ဖြစ်ပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ်သတ်မှတ်နှုန်းထား)မှာ တည်ငြိမ်လျက်ရှိသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၅-၇-၂၀၂၄ | ၂၆-၇-၂၀၂၄ | ၂၉-၇-၂၀၂၄ | ၃၀-၇-၂၀၂၄ | ၃၁-၇-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၆.၁၈၅ | ၃၆.၀၆၀ | ၃၆.၆၃၅ | ၃၅.၉၆၅ | ၃၅.၆၆၅ | -၁.၄၄ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၄၃ | ၁.၃၄၄ | ၁.၃၄၉ | ၁.၃၄၄ | ၁.၃၃၉ | -၀.၃၀ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၆၆၃ | ၄.၆၅၅ | ၄.၇၀၂ | ၄.၆၁၈ | ၄.၅၉၄ | -၁.၄၈ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၆၂၅၀ | ၁၆၂၉၀ | ၁၆၁၆၀ | ၁၆၃၀၁ | ၁၆၂၆၀ | ၀.၀၆ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၂၂၇ | ၇.၂၅၂ | ၇.၂၄၈ | ၇.၂၅၀ | ၇.၂၂၅ | -၀.၀၃ | ↓ |
| ၇ | Indian Rupee | INR | ၈၃.၇၀၂ | ၈၃.၇၁၉ | ၈၃.၂၇၄ | ၈၃.၇၃၂ | ၈၃.၇၃၅ | ၀.၀၄ | ↑ |
| ၈ | Japanese Yen | JPY | ၁၅၂.၇၀၅ | ၁၅၄.၂၄၂ | ၁၅၇.၃၁၅ | ၁၅၄.၆၉၆ | ၁၅၀.၅၄၈ | -၁.၄၁ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၃၀ | ၁.၅၂၃ | ၁.၅၀၄ | ၁.၅၂၇ | ၁.၅၃၉ | ၀.၅၉ | ↑ |
| ၁၀ | Euro | EUR | ၀.၉၂၂ | ၀.၉၂၁ | ၀.၉၂၂ | ၀.၉၂၃ | ၀.၉၂၄ | ၀.၂၂ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၆ | ၀.၇၇၇ | ၀.၇၈၄ | ၀.၇၇၈ | ၀.၇၇၉ | ၀.၃၉ | ↑ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ ဇူလိုင် ၂၅ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက်သတ္တပတ်အတွင်း ၅၃၉၀-၅၄၀၀ ကျပ်ကြား ရှိနေကြောင်း သိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ဇူလိုင် ၃၁ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများ မှာ ဧည့်မထ (၅ ရာခိုင်နှုန်း ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၈ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၄ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၇ ဖြင့်လည်းကောင်း၊ ဧည့်မထ (၅ ရာခိုင်နှုန်း ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၃ ဖြင့်လည်းကောင်း၊ ဧည့်မထ(၂၅ ရာခိုင်နှုန်း ) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၆ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ ရာခိုင်နှုန်း ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း ) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၉ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် (၅ ရာခိုင်နှုန်း ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၀ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့ပြီး Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်းဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ လုံလောက် စွာ ဖြည့်ဆည်းပေးနိုင်မှုမရှိပါက ၂၀၂၄ခုနှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၃ သန်းအထိ တင်သွင်းရနိုင်ကြောင်း၊ အင်ဒိုနီးရှား အစိုးရသည် ယခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၆ သန်းကို တင်သွင်းရန် စီစဉ်ထားရှိပြီး ဇန်နဝါရီလမှ မေလအတွင်း တန်ချိန် ၂ ဒသမ ၂၂ သန်းကို တင်သွင်းခဲ့ပြီး ဖြစ်ကြောင်း၊ မိုးခေါင်ခြောက်သွေ့မှု၊ ရေကြီးမှုနှင့် ပိုးမွှားအန္တရာယ်တို့ကြောင့် သီးနှံရိတ်သိမ်းမှုကို ထိခိုက်မှုရှိမှသာ နောက်ထပ်တိုးမြှင့် တင်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ မှ ၁၄၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သည့် ဧည့်မထ ၂၅ မှတ်တန်ဆန်တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ မှ ၇၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧဝိဆန် တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ မှ ၇၃၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၅၀၀၀၀ ကျော်ပိုမိုခဲ့ပြီး ယခုတစ်ပတ်တွင် ဧည့်မထဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် အမျိုးအစားတို့ တင်ပို့ခဲ့ပြီး ဆန်အမျိုးအစားများ၏ ပြည်ပပို့ကုန် ဆန်ဈေးနှုန်းတွင်လည်း ယခင်နှစ်ကာလတူ ဇူလိုင်လကုန်ထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုရရှိသဖြင့် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှာ တန်ဖိုးအားဖြင့် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၅၂ သန်းကျော် ပိုမိုရရှိခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇူလိုင် ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထဆန် တစ်အိတ်လျှင် ၂၈၉ ယွမ်ဝန်းကျင်ရှိပြီး ( ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၂၅ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ ကျော်ပေါက်ဈေးရှိကြောင်း သိရသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇူလိုင် ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ကျပ် ၁၄၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံမြို့တွင် ကျပ် ၄၃၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပဲခူးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လ လဆန်းပိုင်းတွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက် /အကျ ပြောင်းလဲမှုများ ရှိလာကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

## ရေဒေသထွက် ကွမ်းသီးနှုန်းဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်း အများဆုံး စိုက်ပျိုးလျက်ရှိသော ကွမ်းသီးအနုဈေးနှုန်းမှာ ယမန်နှစ် ဇူလိုင်လက တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဈေးနှုန်းသာရရှိ၍ ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၁၀၆၀၀ ဈေးရရှိသဖြင့် ကွမ်းသီးစိုက်ပျိုးသော တောင်သူများ ဈေးကောင်းရလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ကွမ်းသီးအနုထွက်ရှိချိန် မတ်၊ ဧပြီလ ဈေးကွက်အတွင်း စတင်ဝင်ရောက်ပြီး ဇွန်၊ ဇူလိုင်လများတွင် အသီးလှိုင်လှိုင်ဝင်၍ ဩဂုတ်လရောက်လျှင် ကွမ်းသီးအနု မထွက်ရှိသောကြောင့် အရောင်း အဝယ်ရာသီပြီးဆုံးသွားကြောင်း သိရသည်။

ကွမ်းသီးအနုထွက်ရှိချိန် တရုတ်ဝယ်လက်များမှ မြောင်းမြမြို့သို့ လာရောက်၍ မြို့ပေါ်တွင် ကိုယ်စားလှယ်ထားရှိပြီး အဝယ်ဒိုင်ဖွင့်လှစ်ဝယ်ယူ၍ ကျေးရွာများရှိ လက်လီဒိုင်ခွဲများမှ လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ကွမ်းသီးအနုဝယ်ယူရာတွင် ကွမ်းသီးအဝိုင်းဝယ်ယူမှုမရှိဘဲ ဒေသအခေါ် ဥဘဲချွန်း၊ ကပ်ချွန်း၊ မျှော့ချွန်းပုံစံရှိပြီး အလေးချိန် ၁၉ ဂရမ် နှင့် ၁၇ ဂရမ်ကြား ကွမ်းသီးအစိမ်းအနုရောင်ကိုသာ ဝယ်ယူသည်။ အဝါရောင်ရှိသော ကွမ်းသီးများကို ဝယ်ယူမှု မရှိကြောင်း ကွမ်းသီးအနုအရောင်းအဝယ်ဖြစ်သည့် ကာလများတွင် ကွမ်းပင်တက်သောဒေသခံများမှာ မြောင်းမြမြို့ပေါ် နှင့် ပုသိမ်၊ အခြားမြို့နယ်များသို့ ကွမ်းစိုက်ပျိုးသော တောင်သူများ၏ စိုက်ခင်းများသို့ ဈေးကွက်ဝင်သော ကွမ်းသီးအနုများကို လိုက်လံဝယ်ယူကာ လက်လီအဝယ်ဒိုင်ခွဲများသို့ လာရောက်ရောင်းချလျက် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး တစ်နေ့ဝင်ငွေ သောင်းဂဏန်းရနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွမ်းသီးစိုက်ဧက ၂၁၈၆၂ ရှိပြီး မြောင်းမြမြို့နယ်တွင် ၃၅၆၉ ဧက စိုက်ပျိုးလျက်ရှိသည်။ တရုတ်ဈေးကွက်အတွက် မြောင်းမြကွမ်းသီးမှာ ဝယ်လိုအားရှိ၍ ကြိုက်နှစ်သက်မှုရှိသောကြောင့် မြောင်းမြမြို့သည် ကွမ်းသီးအဓိက အရောင်းအဝယ်ဖြစ်နေသည့် ဈေးကွက်ဖြစ်ကြောင်း သိရသည်။

မြောင်းမြဝန်းကျင်ကျေးရွာများတွင် လက်လီအဝယ်ဒိုင်ခွဲ ၁၀ ခန့်ရှိပြီး ဝယ်ယူထားသော ကွမ်းသီးအနုများကို တစ်အိတ်လျှင် ပိဿာ ၃၀ ထည့်သွင်းပြီး ဇူလိုင်လအတွင်း တစ်ရက်လျှင် အိတ်ရေ ၂၀ -၃၀ နှင့်အထက် မြောင်းမြအဝယ်ဒိုင်သို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

မင်းမင်းဦး(ပသ)

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အနေဖြင့် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၁ နိုင်ငံ အနက် ပါရာဂွေးနိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဖင်လန်နိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဘရာဇီးလ်နိုင်ငံတွင် ၂ဒသမ ၇၀ ရာခိုင်နှုန်းနှင့် အဲဆာဗေးဒိုးနိုင်ငံတွင် ၁ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ခြောက်နိုင်ငံရှိကြောင်း သိရသည်။

Global Petrol Prices Website ၏ ဇူလိုင် ၂၉ ရက် ဖော်ပြချက်၌ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ နီပေါ၊ ကနေဒါ၊ ဘူလ်တန်၊ ကိုလံဘီယာ၊ ဂျော်ဒန်၊ ကင်ညာ၊ မက္ကဆီကို၊ နော်ဝေး၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း သိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဂျပန်၊ ပီရူး၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ ဂျာမနီ၊ ဒိန်းမတ်၊ အီတလီ၊ ဘယ်လ်ဂျီယံနှင့် နိုင်ဂျီးရီးယား အပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၂ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ဇူလိုင် ၂၉ ရက် ဓာတ်ဆီဈေးနှုန်းများ အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင်၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၀၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း အဆိုပါဝက်ဘ်ဆိုဒ်၌ ဖော်ပြထားသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဇူလိုင် ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၃၁ နိုင်ငံအနက် နိုင်ဂျီးရီးယားနိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဖင်လန်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ထိုင်ဝမ်တွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း လေးနိုင်ငံသာရှိကြောင်း သိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ ပိုလန်၊ ကနေဒါ၊ ဂျာမနီ၊ နယ်သာလန်၊ ဒိန်းမတ်၊ ဂရိ၊ အီတလီနှင့် ပြင်သစ် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း) မှ ၃ ဒသမ ၅၀ ရာခိုင်နှုန်းအထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ဇူလိုင် ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၂ ဒသမ ၀၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၈၇ | ၀.၇၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၈၅ | ၀.၉၄ |
| ၃ | ထိုင်း | လီတာ | ၁.၃၁ | ၀.၉၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၈၁ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၈ | ၁.၉၀ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၇၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၂ | ၁.၀၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၉ | ၁.၀၁ |
| ၉ | လာအို | လီတာ | ၁.၅၀ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၈ | ၁.၀၅ |
| ၂ | ဂျပန် | လီတာ | ၁.၁၄ | ၁.၀၁ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၁ | ၁.၀၈ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၂၆၃၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၂၇၅၀၊ ဒီဇယ်တစ်လီတာလျှင် ၂၃၆၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၂၇၇၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၂၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၄၀၅၀၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၅၂၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၅၃၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၇၆၀၊ ဒီဇယ် တစ်လီတာလျှင် ၂၃၇၅ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၇၅၀၊ ဒီဇယ် တစ်လီတာလျှင် ၂၃၆၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၅၅ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၅၀ ကျပ် ကျဆင်းလျက်ရှိကြောင်း သိရသည်။

# ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေသော ကြက်သွန်ဖြူ

မြန်မာနိုင်ငံသည် ကြက်သွန်ဖြူကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး မကွေးတိုင်းဒေသကြီး ယောနယ်ဒေသများဖြစ်သည့် ဆော၊ ကျောက်ထု၊ ပေါက် မြို့များတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ ကြက်သွန်ဖြူအပင်သည် ပင်ပျော့ပင်ငယ်တစ်မျိုးဖြစ်ပြီး ရေအလွန်လိုအပ်သော သီးနှံတစ်မျိုးဖြစ်သည်။ အစိုဓာတ်ရှိသော မြေအတော်များများတွင် စိုက်ပျိုးနိုင်ပြီး အပူအအေး သင့်တင့်မျှတသော ရာသီဥတုကိုကြိုက်နှစ်သက်၍ အောက်တိုဘာ၊ နိုဝင်ဘာလလယ်တွင် စိုက်ပျိုးလျက်ရှိကြသည်။ စိုက်ပျိုးရာတွင် ပင်ကြားနှစ်လက်မ၊ တန်းကြားလေး လက်မခန့်ခွာ၍ စိုက်ပျိုးကြသည်။ ကြက်သွန်ဖြူမှာ အစိုဓာတ်ကြိုက်၍ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ရာသီဥတု ပူပြင်းမှုအပေါ်မူတည်၍ ရေသွင်းအကြိမ်ရေ ငါးကြိမ်မှ ၁၀ ကြိမ်ထိရေသွင်း၍ စိုက်ပျိုးကြသည်။ ရေမြေဒေသလိုက်၍ ရာသီဥတုနှင့် ကိုက်ညီသည့် ကြက်သွန်ဖြူမျိုးကို ရွေးချယ်၍စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်ဖြူကို ရှမ်းပြည်နယ်တွင် အများဆုံး စိုက်ပျိုးခဲ့ကြပြီး ရှေးယခင်က ရှမ်းပြည်နယ်မှထွက်သော ကြက်သွန်ဖြူကို ပြည်ပ ထိုင်းနိုင်ငံဈေးကွက်သို့ ကုန်ချိန်အများဆုံး တင်ပို့ခဲ့ရ၍ ပြည်ပဝယ်လိုအားဈေးကွက် ကောင်းခြင်းကြောင့် တောင်သူများ အကျိုးအမြတ်များစွာရရှိခဲ့ကြောင်း သိရှိရသည်။ ၂၀၁၄ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူများကို အများဆုံးဝယ်ယူတင်သွင်းခဲ့၍ မြန်မာ့ကြက်သွန်ဖြူဈေးကွက် ပျောက်ဆုံးခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်ဖြူ စိုက်ပျိုးတောင်သူနှင့် စိုက်ဧကနည်း၍ သီးနှံထွက်ရှိမှုနည်းခြင်းကြောင့် ပြည်တွင်းစားသုံးမှု လိုအပ်ချက်အရ တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူများကို နှစ်စဉ်ဝယ်ယူတင်သွင်းခဲ့ရသည်။

ကြက်သွန်ဖြူသီးနှံသည် အအေးပိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းမှုရှိကြောင်း၊ ဗမာကြက်သွန်ဖြူမျိုးကို အများဆုံး စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမြေအနေဖြင့် စပါးခင်းအလွတ်တွင် သီးထပ်စိုက်ပျိုးခြင်း၊ လယ်ကွက်ယာမြေများနှင့် ကျောချောင်းနံဘေးရှိ သဲနုန်းမြေများတွင် ကျင်းဖွဲ့၍ စိုက်ပျိုးခြင်းတို့ဖြင့် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းပိုင်းတွင် စိုက်ပျိုးကြပြီး တောင်သူများအနေဖြင့် စိုက်ပျိုးရာသီ မတူညီကြောင်း သိရသည်။ ကြက်သွန်ဖြူပင်စိုက် သက်တမ်းမှာ လေးလခန့်ကြာမြင့်ကြောင်း၊ မတ်လကုန်တွင် ကြက်သွန်ဖြူ လှိုင်လှိုင်တူး ဖော်၍ ရိတ်သိမ်းကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရှိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ကြက်သွန်ဖြူ သုည ဒသမ ၅ ဧကစိုက်ပျိုးလျှင် ပိဿာ ၁၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် (ဗမာ)ကြက်သွန်ဖြူဥသေးမျိုးကို စိုက်ပျိုးကြောင်း၊ ကြက်သွန်ဖြူဥကို ခွဲ၍ရရှိသော အမြွှာင့်(အသေး)များကို စိုက်ပျိုးရကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရာတွင် နွားရှည်း ထယ်ချောင်းနောက် ဖြူးချခြင်း၊ မြေပြင်သို့လက်ဖြင့် စိုက်ခြင်း၊ နှစ် နည်းဖြင့် စိုက်ပျိုးကြောင်း၊ ကြက်သွန်ဖြူ တစ်ပိဿာ စိုက်ပျိုးလျှင် ပျမ်းမျှအထွက် ၁၀ ပိဿာ မှ ၁၂ ပိဿာခန့် ထွက်ရှိ၍ သုည ဒသမ ၅ ဧက စိုက်ပျိုးလျှင် ပျမ်းမျှပိဿာ ၁၀၀၀ခန့်ထွက်ရှိကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်ပေါ်သည့်အချိန် ကျပ်သိန်း ၄၀ ခန့်ကုန် ကျ၍ ဝင်ငွေမှာ ကျပ်သိန်း ၁၀၀ ခန့် ရရှိခြင်းကြောင့် သုည ဒသမ ၅ ဧကစိုက်ပျိုးလျှင် ကျပ်သိန်း ၆၀ ခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဒေသတွင်းကြက်သွန်ဖြူသီးနှံပေါ်ချိန် အရောင်းအဝယ် ဖြစ်ခဲ့သော ဈေးနှုန်းမှာ ၂၀၂၂ ခုနှစ်တွင် ကြက်သွန်ဖြူ တစ်ပိဿာ လက်ကားဈေး ကျပ် ၂၀၀၀၊ လက်လီဈေး ကျပ် ၃၀၀၀၊ ၂၀၂၃ ခုနှစ်တွင် လက်ကားဈေး ကျပ် ၃၅၀၀၊ လက်လီဈေး ကျပ် ၆၀၀၀ ယခုဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ်တွင် လက်ကားဈေး ကျပ် ၁၀၀၀၀၊ လက်လီဈေး ကျပ် ၁၅၀၀၀ မှ ၁၈၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ထွက်ရှိသည့် ကြက်သွန်ဖြူများကို ဒေသတွင်း ဝယ်လက်ကုန်သည်များမှတစ်ဆင့် ပခုက္ကူ၊ ကမ္ဘ၊ မြစ်ခြေမြို့များနှင့် ချောက်၊ ဆိပ်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်းမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ စိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် ပြည်တွင်းကြက်သွန်ဖြူဈေးနှုန်း သိသိသာသာ မြင့်တက်အရောင်းအဝယ်ဖြစ်ခြင်းကြောင့် အကျိုးအမြတ် များစွာရရှိကြောင်း ရွာတောကျေးရွာရှိ ကြက်သွန်ဖြူ စိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။

မြင့်မြင့်သန်း (ပခုက္ကူ)

# ဇူလိုင်လအတွင်း ဆန်နှင့် ဆန်ကွဲ တင်ပို့မှုအခြေအနေ

**ဆန်**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၂၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၂၆၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။ ဆန်တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၉၇၀၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၈၂၅၀ ကျော်၊ အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၄၆၃၀ တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုအများဆုံး အာရှနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၂၅၀၀၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၅၄၃၀ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၈၂၀ ကျော်၊ ထိုင်ဝမ်သို့ ဆန်တန်ချိန် ၂၅၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၉၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ၂၆၀ နှင့် ဩစတြေးလျနိုင်ငံသို့လည်း အနည်းငယ် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တင်ပို့မှုမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၄၇၅၀ တန်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၆၁၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၀၊ ချက်ဇ်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၂၃၈၀၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၄၅၀၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၆၀၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၇၅၀၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၆၂၀ ကျော်၊ ဟန်ဂေရီနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ တန်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၆၂၀ ကျော်၊ ဆလိုဗက်ကီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၂၇၀ ကျော်၊ ပြင်သစ်နိုင်ငံသို့ဆန်တန်ချိန် ၁၇၀ ကျော်နှင့် ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀ တင်ပို့ခဲ့သည်။

အာဖရိကနိုင်ငံများဖြစ်သော ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၀၊ တိုဂိုနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ နှင့် မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၀ တင်ပို့ခဲ့သည်။ ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၀ သန်းတန်ဖိုးရှိဆန် ၄၁၅၅ တန် တင်ပို့ခဲ့ပြီး နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု စုစုပေါင်း တန်ချိန် ၄၆၇၅၀ ကျော်ရှိခဲ့ကာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ဒသမ ၈၅၆ သန်းရရှိခဲ့သည်။

**ဆန်ကွဲ**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပုံမှန် ကုန်သွယ်မှု လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃၁၈ သန်းတန်ဖိုး ရှိဆန်ကွဲတန်ချိန် ၆၃၆၂၀ ကျော် တင်ပို့ခဲ့သည်။

ဆန်ကွဲတင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၄၉၁၂၀ ကျော်နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၄၅၀၀ ကျော် တင်ပို့သည်။

ဆန်ကွဲတင်ပို့သော အီးယူအဖွဲ့ဝင် နိုင်ငံများမှာ နယ်သာလန်နိုင်ငံသို့ တန် ၂၀၂၅၀၊ ဘယ်ဂျီယံနိုင်ငံသို့ တန် ၁၈၀၀၀၊ အင်္ဂလန်နိုင်ငံသို့ တန် ၁၀၁၂၀ ကျော်၊ အီတလီနိုင်ငံသို့ တန် ၅၀၀ နှင့် ချက်စ်သမ္မတနိုင်ငံသို့ တန် ၂၅၀ တင်ပို့ခဲ့သည်။

အာရှနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၃၅၉၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၂၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၇၀၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၆၈ တန်နှင့် မလေးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ ကျော် တင် ပို့ခဲ့သည်။

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလအတွင်း မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉၉ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၇၀၀ ကျော်တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု စုစုပေါင်း တန်ချိန် ၆၅၃၂၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ရရှိသည်။

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၁၂၀၇၀ ကျော်ရှိပြီး တန်ဖိုးအမေရိကန် ဒေါ်လာ ၅၃ သန်းခန့်ရရှိခဲ့သည်။

**DAAT**

# မြိတ်ကုန်သွယ်ရေးစခန်း ဇူလိုင်လအတွင်း ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်း၏ ဇူလိုင်လ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၈ သန်း၊ ကုန်သွယ် မှုပမာဏမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ သန်းဖြစ်ပြီး အမှန်ဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ဒသမ ၈၁၉ သန်း ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၂၆ သန်း ဆောင်ရွက်ခဲ့၍ လျာထားချက်အပေါ် ၁၀၄ ဒသမ ၅၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄၅ သန်းနှင့် သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၅၀ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၉၅ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် ငါးမျိုးစုံ၊ ပုစွန်ငါးအသားလွှာ၊ ကဏန်း၊ ကင်းမွန်တို့ တင်ပို့နိုင်မှုမရှိသော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု တင်ပို့နိုင်ခြင်းနှင့် ရေထွက်ပစ္စည်းအုပ်စုတွင် ငါးမှုန့်နှင့် ငါးကြိတ်သား တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စု တင်သွင်းမှုလျော့နည်းခဲ့သော်လည်း၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတို့ ပိုမိုတင်သွင်းနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၂ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၉၁ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ တန်ဖိုး အမေရိကန် ၅ ဒသမ ၆၀၉ သန်း ပိုမိုခဲ့ကြောင်း သိရသည်။ ယခင်လထက် ပို့ကုန်ပိုင်းတွင် လျော့နည်းခဲ့ခြင်းမှာ ငါးမှုန့်နှင့် ငါးကြိတ်သား ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် ပြောင်း၊ ရော်ဘာ၊ သီဟိုဠ်စေ့ တင်ပို့နိုင်မှု လျော့နည်းခဲ့ခြင်းနှင့် ကွမ်းသီးတင်ပို့မှု မရှိခြင်းတို့ကြောင့် ပို့ကုန်တန်ဖိုး လျော့နည်းခြင်းဖြစ်သည်။ အနီးစပ်ဆုံးကာလထက် သွင်းကုန်ပိုင်းတွင် ပိုမိုခြင်းမှာ ရင်းနှီးမြှုပ်နှံကုန်ပစ္စည်းအုပ်စု တင်သွင်းမှုလျော့နည်းခဲ့သော်လည်း လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတို့ တင်သွင်းမှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

မြိတ်ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်အနေဖြင့် ရေထွက်ကုန်ပစ္စည်း ငါးမှုန့်၊ ငါးကြိတ်သား အဓိကတင်ပို့ပြီး သွင်းကုန်အနေဖြင့် စက်သုံးဆီ အဓိကတင်သွင်းပြီး ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းတို့ အနည်းငယ် တင်သွင်းမှုရှိကြောင်း သိရှိရသည်။

**အိမ့် (DOT)**

# ဇူလိုင်လအတွင်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**ဓာတ်မြေသြဇာ**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၄၀ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၄၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် အိုမန်နိုင်ငံမှ တန်ချိန် ၁၀၀၀၀၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၆၀၀၀ ကျော်၊ ဂျာမနီနိုင်ငံမှတန်ချိန် ၅၃၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၄၃၀၀ ကျော်၊ လာအိုနိုင်ငံမှ တန်ချိန် ၂၆၀၀ ကျော်၊ ဥဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၁၈၀၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၁၇၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၂၀၀ ကျော်၊ တူကီယေး(တူရကီ)နိုင်ငံမှ တန်ချိန် ၆၀၀ ကျော်၊ နော်ဝေနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ဂျပန်နိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ ထိုင်ဝမ်မှ တန်ချိန် ၂၀၀ ကျော်၊ ဖင်လန်နိုင်ငံမှ တန်ချိန် ၁၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၂၀ ကျော် တင်သွင်းခဲ့သည်။

**ဘိလပ်မြေ**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၆ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၂၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၇၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော် တင်သွင်းခဲ့သည်။

နယ်စပ်မှ ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၈ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၆၃၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။

**နို့မှုန့်**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၇ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်း တန်ချိန် ၂၄၀ ကျော် နယူးဇီလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ တင်သွင်းခဲ့သည်။

**ဆေးဝါးပစ္စည်းများ**

ဇူလိုင် ၁ ရက်မှ ၂၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၈၃၉ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၂၆၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရက်စ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# မြိတ်ဒေသထွက် ကွမ်းသီးတင်ပို့မှုနှင့် ဈေးနှုန်းဈေးကွက်

တနင်္သာရီတိုင်းဒေသကြီးရှိ ခရိုင်များတွင် ရော်ဘာ၊ သီဟိုဠ်၊ ကွမ်းသီးများ စိုက်ပျိုးထားလျက်ရှိပြီး ကွမ်းသီးမှာ ဈေးကွက်ပုံမှန် ရလျက်ရှိသည်။ မြိတ်ခရိုင် မြိတ်မြို့နယ်ရှိ ကျေးရွာများထဲမှ စန္ဒဝတ်၊ ပပြင်၊ အလယ်ချောင်း၊ ဒေါ၊ ကျောက်ဖြူ၊ မရမ်းပင်ချောင်း၊ သမုတ်၊ ပင်းအို၊ လော့လော့၊ နန်းတော်ရာ၊ တုန်းဗျော၊ မဇော၊ သကန်(ရွာဟောင်း)၊ မရင်း၊ တပ်တောင် စသည်ကျေးရွာတို့တွင် ကွမ်းသီးအများဆုံးထွက်ရှိပြီး မြို့ပေါ်ရှိ အဝယ်ဒိုင်ကြီးများမှ ဝယ်ယူကာ ကွမ်းသီးခြောက်၊ ကွမ်းသီးခြမ်း၊ ကွမ်းသီးပုတ်များဖြင့် နေ့စဉ် ရန်ကုန်၊ မန္တလေးသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိပြီး အခြားပြည်နယ်နှင့် မြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

ဇူလိုင်လအတွင်း မြိတ်ခရိုင် မြိတ်မြို့၏ ကုန်းလမ်းဖြင့် ကွမ်းသီးတင်ပို့မှုမှာ တန်ချိန် ၄၉၀၀ ခန့်ရှိကြောင်း၊ တစ်ပတ်လျှင် အိတ် ၁၂၀၀၀ မှ ၁၄၀၀၀ ခန့်ထိရှိကြောင်း သိရသည်။ ကွမ်းသီးဈေးနှုန်းမှာ ဇူလိုင်လ နောက်ဆုံးပတ်တွင် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ၅၆၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကွမ်းသီးခြမ်းမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ခန့်ဖြစ်နေကြောင်း ကွမ်းသီးလုပ်ငန်းရှင်ထံမှ သိရသည်။

**ကျော်နိုင်(မြိတ်)**

## ရန်ကုန်တိုင်းဒေသကြီးစားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီ

## ကြေညာချက်

### ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃၀ ရက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တွင် စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီ တင်သွင်းသော ကုမ္ပဏီများက လက်လီ/လက်ကားအရောင်းဆိုင်များမှတစ်ဆင့် လုပ်သားပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများဖြန့်ဖြူးပေးလျက်ရှိပါသည်။ ထိုသို့ဖြန့်ဖြူးလျက်ရှိသော်လည်း အရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန်အခက်အခဲရှိသော အိမ်ထောင်စုများအနေဖြင့် စားအုန်းဆီများကို မိသားစုတစ်စု တစ်လစာ ဝယ်ယူနိုင်ရန်၊ လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက် ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး အိမ်ထောင်စု တစ်စုလျှင် တစ်လအတွက်တစ်ကြိမ်လျှင် နှစ်ပိဿာနှုန်းဖြင့် ဝယ်ယူနိုင်ရေးကို ရန်ကုန်တိုင်းဒေသကြီးစားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားပါသည်။

ဝယ်ယူနိုင်ရန်အတွက် Call Center ဖွင့်လှစ်၍ မှာကြားချက်များကို မှာကြားနိုင်ရန် လက်ခံမှတ်သားသွားမည်ဖြစ်ပါသည်။ ၃၁-၇-၂၀၂၄ ရက်နေ့မှစ၍ နံနက် (၉း၀၀)နာရီမှ ညနေ(၃း၃၀)နာရီ အတွင်း တနင်္လာနေ့ မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) အောက်ပါ ဖုန်းနံပါတ်သို့ မှာကြားနိုင်ပါသည်-

**Call Center ဖုန်းနံပါတ် ၀၁ -၂၃၉၉၂၂၂(လိုင်းခွဲ - ၇လိုင်း)**

ဈေးနှုန်းအနေဖြင့် တနင်္လာနေ့တိုင်း သတင်းစာများတွင် ထုတ်ပြန်သည့် လက်ကားရည်ညွှန်းဈေးနှုန်းကိုအခြေခံ၍အကျိုးအမြတ်ထည့်သွင်းထားခြင်းမရှိဘဲ ဘူးခွံဖိုးနှင့် ဘူးသွတ်ခကို ထည့်သွင်းတွက်ချက်ထားသည့် ဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။Delivery ခကို မှာကြားသည့် ဝယ်သူဘက်မှပေးချေရပါမည်။ **ပစ္စည်းရောက်ငွေချေစနစ်** ဖြင့်သာရောင်းချသွားမည်ဖြစ်ပါသည်။ **ဆီဖိုးကို ကြိုတင်ပေးချေရန်မလိုပါ။** မှာကြားရက်နှင့် ပစ္စည်းရောက်မည့်ရက်မှာ သုံးရက်ခန့် ကွာခြားနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးစားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီ

## မြင်းခြံ ငါးအရောင်းဒိုင်များ၏ ဈေးနှုန်းများ

မြင်းခြံမြို့ရှိ စည်ပင်သာယာနယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန်အတွက် အေးမြသီတာဈေး၌ ရောင်းချနေသော ငါးအမျိုးအမည်အလိုက် ဈေးနှုန်းများမှာ ဇူလိုင်လ နောက်ဆုံးပတ်တွင် ငါးကြင်းနီ အကောင်လိုက်တစ်ပိဿာလျှင် ကျပ် ၈၀၀၀ မှ ၉၀၀၀ ထိလည်းကောင်း၊ ငါးကြင်းဖြူအကောင်လိုက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ မှ ၁၁၀၀၀ ထိလည်း ကောင်း၊ ငါးခုတ်သားတစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ ထိလည်းကောင်း၊ ငါးကြင်းခြစ် (အသား) တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ ထိလည်းကောင်း၊ ငါးမြင်း အကောက်လိုက် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ၆၅၀၀ ထိလည်း ကောင်း၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၇၅၀၀ မှ ၈၅၀၀ ထိလည်းကောင်း၊ ငါးကြင်းရွှေဝါအကောင်လိုက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၆၅၀၀ ထိ လည်းကောင်း၊ ပုစွန်အလတ် တစ်ပိဿာလျှင် ကျပ် ၂၆၀၀၀ မှ ၃၂၀၀၀ ထိလည်းကောင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ဇွန်လနောက်ဆုံးပတ် ငါးမျိုးစုံဈေးနှုန်းများကို ကာလတူနှိုင်းယှဉ်ပါက ငါးကြင်းနီ အကောင်လိုက်တစ်ပိဿာလျှင် ကျပ် ၈၀၀၀ မှ ၉၀၀၀ ထိလည်းကောင်း၊ ငါးကြင်းဖြူ အကောင်လိုက် တစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ၁၀၀၀၀ ထိ လည်းကောင်း၊ ငါးခုတ်သား တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ မှ ၁၇၀၀၀ ထိလည်းကောင်း၊ ငါးကြင်းခြစ်(အသား) တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ မှ ၁၆၀၀၀ ထိလည်းကောင်း၊ ငါးမြင်း အကောင်လိုက် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ၆၀၀၀ ထိလည်းကောင်း၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၈၀၀၀ ထိလည်းကောင်း၊ ငါးကြင်း ရွှေဝါအကောင်လိုက် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ၆၀၀၀ ထိလည်း ကောင်း၊ ပုစွန်အလတ် တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀ မှ ၃၀၀၀၀ ထိ လည်းကောင်း ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ရာ ဇူလိုင်လ နောက်ဆုံးပတ်တွင် ငါးအမျိုးအစားအလိုက် တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ ထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ မြင်းခြံမြို့ရှိ အေးမြသီတာဈေးတွင် ရောင်းချနေသော ငါးမျိုးစုံမှာ ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင်ဗဟိုစံပြဈေးကြီးမှ ဝင်ရောက်ကြောင်း ငါးရောင်းဝယ်သူလုပ်ငန်းရှင်တစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

**သူဇာမိုး(မြင်းခြံ)**

## jynfukefpfNdkif , cifESpf ,cktESpf Ucpfaps;EIef;rsm; Edkif;,SOfcif;

ပြည်ကုန်စည်ဒိုင်တွင် ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်နှင့် ယခင်နှစ် ဇူလိုင်လ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ပဲဈေးနှုန်းများအား နှိုင်းယှဉ်ကြည့်လျှင် ပဲဈေးနှုန်းများ မြင့်တက်လာကြောင်း သိရသည်။

**မတ်ပဲ**

ပြည်ကုန်စည်ဒိုင်၏ ယခင်နှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၇၆၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၁၅၀-၂၀၀ ခန့်ရှိသည်။ ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၁၀၈၅၀၀ ဖြင့် အရောင်းအဝယ် တစ်ရက်ကို အိတ် ၂၅၀ခန့် ရန်ကုန်အဝယ် ရှိခဲ့သည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် တစ်တင်းကို ကျပ် ၃၂၅၀၀ ခန့် ယခုနှစ်တွင် ဈေးပိုရခဲ့သည်။

**ပဲတီစိမ်း**

ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် မန္တလေးအဝယ် တစ်ရက်ကို အိတ် ၂၅၀ ခန့်ရှိခဲ့သည်။ ယခင်နှစ်ဇူလိုင်လနောက်ဆုံးပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၆၁၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၂၀၀ ခန့် မန္တလေးအဝယ် ရှိခဲ့သည်။ ယခုနှစ်တွင် ပဲတစ်တင်းလျှင် ကျပ် ၉၀၀၀ ခန့်ဈေးပိုရခဲ့သည်။

**ပဲစင်းငုံ**

ယခင်နှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ရှိခဲ့သည်။ ယခုနှစ်ဇူလိုင်လနောက်ဆုံးပတ်တွင် ပဲစင်းငုံ



တစ်တင်းကို ကျပ် ၁၃၃၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ရှိသည်။ ထို့ကြောင့် ပဲတစ်တင်းလျှင် ကျပ် ၃၃၀၀၀ ခန့် ယခုနှစ်မှာဈေးပိုရခဲ့သည်။

**ကုလားပဲ**

ယခင်နှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ကုလားပဲ(HL) တစ်တင်းကို ကျပ် ၉၁၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၉၁၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၂၅၀-၃၀၀ ခန့် အဝယ်ရှိသည်။ ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၈၅၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၈၆၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၂၅၀ ခန့် မြို့တွင်းနှင့်ရန်ကုန်အဝယ်ရှိသည်။ ကုလားပဲဈေးများမှာ ယခင်နှစ်တွင် ဈေးကောင်းရပြီး ယခုနှစ်တွင် ဈေးအနည်းကျဆင်းလာသည်။

**ပဲကြီး**

ယခုနှစ် ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၈၉၀၀၀၊ ပဲကြီး(ကုန်းပဲ)တစ်တင်းလျှင် ကျပ် ၈၄၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကိုအိတ် ၂၅၀ခန့် ရှိခဲ့သည်။ ယခင်နှစ် ပဲကြီး(ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ ကုန်းပဲ တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၃၀၀ ခန့် ရှိခဲ့သည်။ ရွှေကျွန်းပဲ တစ်တင်းလျှင် ကျပ် ၉၀၀၀၊ ကုန်းပဲ တစ်တင်းလျှင် ကျပ် ၁၂၀၀၀ ခန့် ယခင်နှစ်က ဈေးပိုရခဲ့သည်။

**ဗိုလ်ကိတ်ပဲ**

ယခင်နှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ကျပ် ၅၈၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၁၀၀-၁၅၀ ခန့်ရှိခဲ့သည်။ ယခုနှစ် ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၉၂၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၁၅၀ ခန့်ရှိခဲ့သည်။ ဗိုလ်ကိတ်တစ်တင်းလျှင် ကျပ် ၃၄၀၀၀ ခန့် ယခုနှစ်တွင်ဈေးပိုရခဲ့သည်။

ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဗိုလ်ကိတ်ဈေးမှာ ယခင်နှစ်ထက် ဈေးပိုကောင်းခဲ့ပြီး ကုလားပဲနှင့် ပဲကြီးမှာ ယခင်နှစ်က ဈေးပိုကောင်းခဲ့ကြောင်း သိရှိရသည်။

**မိမိအေး(ပြည်)**

# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

# ZECUF*

Relieves cough. Soothes throat.

လည်ချောင်းနာခြင်း ချောင်းဆိုးကင်း
လျင်မြန်ထိရောက် ဇီးကပ်(ဖ်) သောက်




Manufactured by: Unique Pharmaceutical Laboratories








QUALITY
GUARANTEES
RELIABILITY

ARCHITECTURAL SAFETY GLASS

• TEMPER GLASS • LAMINATED GLASS • INSULATED GLASS

Factory : No 305-306, 9th Street, Yangon Industrial Zone, Mingalardon Township, Yangon.
☎ 095054554, 09791519555
Shop 1 : Corner of Moe Kaung St & Aung Zay Ya St, Yankin Township, Yangon.
☎ 09420970235, 09420970236
Shop 2 : E10-11, Thiriyadanar Wholesale Market, North Oakkalr Township, Yangon.
☎ 09253099339, 098612949
Mandalay : T.N.O No 5, 45/46, 78 st & 117 st, Ye Baw Kwat Thit, Pyigyitagon Township, Mandalay.
☎ 09444659365, 09421150766



# ဓနိပင်မှ ရရှိသော အလုပ်အကိုင် အခွင့်အလမ်းများ

ဓနိပင်သည် အမြဲစိမ်းနှစ်ရှည် သီးပင်အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် ကမ်းရိုးတန်းဒေသများတွင် သဘာဝအတိုင်း အလေ့ကျ ပေါက်ရောက်လေ့ရှိသည်။ ပင်လယ်ရေငန်ရောက်သော ဒီရေတောများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။

ဓနိပင်သည် တစ်ပင်လုံးအသုံးဝင်သည်။ ဓနိအရွက်ကို အိမ်အမိုးမိုးရန် သက်ကယ်ပျစ်ကဲ့သို့ သုံးနိုင်သည်။ ဓနိရွက်ဖြင့် အမိုးအကာပြုလုပ်သော အလေ့အထသည် ရှေးယခင်ကပင်ရှိခဲ့ပြီး ယနေ့ထိတိုင် သုံးစွဲနေကြဆဲဖြစ်သည်။ အရိုးကိုမူ ခြံစည်းရိုး ကာရန်အတွက်သော်လည်းကောင်း၊ အုန်းဆန်ကြိုးကဲ့သို့ ကြိုးကျစ်၍လည်းကောင်း အသုံးပြုနိုင်သည်။ အသီးကိုခွဲ၍ စားသုံးနိုင်သည့်အပြင် အရွက်နုကိုမူ ချက်ပြုတ်စားသုံးနိုင်သည်။

အရွက်နုသည် သင်းပျံ့သော ရနံ့ရှိသဖြင့် မုန့်များ၊ ကောက်ညှင်းထုပ်များ ထုပ်ပိုးရာတွင် ဖက်အဖြစ် အသုံးပြုကြသည်။ ဓနိရည်ကို အပင်မှထုတ်ယူပြီး သောက်သုံးပါက အလွန်ပင် ချိုမြသည့် အရသာကို ခံစားနိုင်ပြီး ၎င်းအရည်ဖြင့် ချက်လုပ်ပြီး သကြား၊ သကာ၊ အချိုခဲအဖြစ် ထုတ်ယူနိုင်သလို အရက်ဘီယာအဖြစ်လည်း ထုတ်လုပ်နိုင်သည်။ ဓနိရွက်နုကိုမူ ကောက်ညှင်းထုပ်ထုပ်၍ စားကြသည်။ ဓနိဖူးကို ဟင်း ချက်စား၊ သုပ်စားကြသည်။

ဓနိဖူးလက်ဖက်ခြောက်လုပ်ငန်းသည် တွင်ကျယ်စွာ လုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဈေးကွက်၌လည်း နေရာယူလျက်ရှိသည်။ ဓနိဖူး လက်ဖက်ခြောက်လုပ်ငန်း လုပ်ကိုင်သူ လုပ်ငန်းရှင်တစ်ဦးမှ ပြောကြားရာတွင် ဓနိဖူးခြောက်လုပ်ငန်းကို ဒီဇင်ဘာလမှ ဧပြီလအတွင်း လုပ်ကိုင်ကြကြောင်း၊ ခုတ်ထားပြီးသော ဓနိဖူးများကို ပွင့်ဖတ်၊ ရိုးတံ အစရှိသဖြင့် အမျိုးအစားခွဲကာ ပါးပါးဖြတ်ပြီး နေလှန်းရကြောင်း၊ နေလှန်းရာတွင်လည်း ချက်ချင်းလှန်းရပြီး နေလှန်းရန် နောက်ကျပါက အရောင်ပြောင်းပြီး လေလွင့်ခြင်း၊ အာနိသင်ပျက်ခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ခြောက်သွေ့ပြီး စိုထိုင်းဆမကျန်အောင် နေလှန်းပြီး ထုပ်ပိုးသိမ်းဆည်းရကြောင်း၊ ဓနိဖူးလက်ဖက်ခြောက်သည် အာမခံကာလအနေဖြင့် နှစ်နှစ်ရှိကြောင်း သိရသည်။

ထို့အပြင် ဓနိဖူးမှထွက်ရှိသည့် ပအုန်းရည်သည် အချဉ်၊ ကတ်ကြေးကိုက်၊ ငါးပိသုပ်၊ မုန့်လက်သုပ်နှင့် အခြား အစားအစာ အမြောက်အမြားကို လုပ်စား၍ရကြောင်း၊ ဓနိပွင့်ယို၊ ဓနိဗီနီကာ ချဉ်ရည်ဘူးများ ထုတ်လုပ်ကြောင်း သိရသည်။ ဓနိသီးမှလည်း ဓနိဝိုင်၊ ဓနိသကာ၊ ဓနိသကြား၊ ဓနိပျားရည်များကိုလည်း ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဓနိဖူးဖြင့် ပြုလုပ်ထားသည့် လက်ဖက်ခြောက်ကို အမြဲသောက်သုံးပါက အရွယ်တင်နုပျိုစေကြောင်း၊ သွေးတိုး၊ ဆီးချို၊ သွေးတွင်း အဆီဓာတ်များကို ချေဖျက်နိုင်ပြီး အစာအိမ်၊ ကင်ဆာရောဂါများကို သက်သာစေကြောင်း၊ ညဘက်အိပ်မပျော်သူများ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေခြင်း၊ ဆီး၊ ဝမ်း၊ လေမှန်စေခြင်း၊ နှာစေး၊ ချောင်းဆိုး၊ လည်ပင်းနာခြင်းကို သက်သာစေခြင်း၊ အစာချေလွယ်ပြီး ဇက်ကြောတက်ခြင်း၊ ညောင်းညာကိုက်ခဲခြင်းကိုသက်သာစေခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

ဒေသထွက် စားသောက်ကုန်တစ်မျိုးဖြစ်သည့် ဓနိဖူးမှ ထွက်ရှိသည့် ပအုန်းရည်သည် ဘူးသေးတစ်ဘူးလျှင် ကျပ် ၁၅၀၀ ဖြင့် ရောင်းချရကြောင်း၊ ဓနိဖူးခြောက် ၁၄၀ ဂရမ် တစ်ထုပ်လျှင် ကျပ် ၆၀၀၀၊ ဓနိပွင့်ယို ၂၅ ကျပ်သားလျှင် ကျပ် ၃၅၀၀၊ ဓနိရည် ဗီနီကာချဉ်တစ်ဘူးလျှင် ကျပ် ၁၅၀၀ ဖြင့် ဒေသတွင်း စားသုံးသူများသလို အခြားမြို့နယ်များသို့လည်း ရောင်းချကြသည်။

ဒေသတွင်း တစ်ပိုင်တစ်နိုင် လုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအတွက် ကောင်းမွန်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ဓနိပင်မှ ရရှိသော အသီး၊ အရွက်၊ အရည်များသည် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်အတွက် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိနိုင်မည်ဖြစ်ပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေကြောင်း ရေးသားလိုက်ရပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## ကြီးပင်ကန်ကျေးရွာတွင် နွေနှမ်းများ စတင်ထွက်ပေါ်လျက်ရှိ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ကြီးပင်ကန်ကျေးရွာအုပ်စုရှိ ကြီးပင်ကန်ကျေးရွာတွင် တောင်သူများအနေဖြင့် နွေနှမ်း ဧက ၃၀၀ ကျော်ကို ၂၀၂၄ ခုနှစ် ဧပြီလတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် ဆည်ရေကိုအသုံးပြုကာ စိုက်ပျိုးကြောင်း သိရသည်။

နှမ်းမျိုးများမှာ နှမ်းနက်စမုန်၊ ဂျပန်နှမ်းဖြူများကို အဓိက စိုက်ပျိုးကြပြီး ယခင်နှစ်ကမျိုးကို ပြန်လည်အသုံးပြု၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၅၀၀၀၀၀ ခန့်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် နှမ်းနက်စမုန် ကျပ် ၁၁၄၀၀၀၊ နှမ်းဖြူ ကျပ် ၁၀၉၅၀၀ ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့် နှမ်းနက်စမုန် တစ်ဧကလျှင် ကျပ် ၆၄၀၀၀၀၊ ဂျပန်နှမ်းဖြူ ကျပ် ၅၉၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများနှင့် မင်းဘူးမြို့ရှိ ဆီစက်များ၊ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း ကြီးပင်ကန်ကျေးရွာနေ နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**ဟိန်းလင်းစိုး(မကွေး)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၉-၇-၂၀၂၄)ရက်နေ့မှ (၄-၈-၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 998 |
| ငွေလဲနှုန်း | 2944 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,672,640 | 6.00 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ငွေလဲနှုန်း | 29,381,120 | 47.98 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 104,790,000 | 171.12 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,273,600 | 15.14 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 41,916,000 | 68.45 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ငွေလဲနှုန်း x 1.167% | 34,287,767 | 55.99 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 2 Day x ပြင်ပငွေလဲနှုန်း | 11,752,448.00 | 19.19 |
| | **အထွေထွေစရိတ်ပေါင်း** | | **305,032,465** | **498.10** |
| ၁၆ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **2,938,112,000** | **4,797.78** |
| | **စရိတ်စုစုပေါင်း** | | **3,243,144,465** | **5,295.88** |

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၃၄၅၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၄၀၀၀၀၀ သို့ လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၆၃၅၁၀၀ ရှိရာမှ ၂၀၂၄ခုနှစ်တွင် ကျပ် ၂၀၄၂၃၀၀ သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၃၁၅၀၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၄၄၃၀၀၀၀ သို့လည်းကောင်း ပဲလွန်းဖြူအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၄၆၀၆၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၅၅၃၇၀၀ သို့လည်းကောင်း အသီးသီးဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာနက မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။


တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် မတ်ပဲနှင့် ပဲစင်းငုံတို့အား စီးပွားဖြစ်ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့၏ ဩဂုတ် ၁ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၃ခုနှစ်နှင့် ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်
ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၃ (ဩဂုတ်) | ၂၃၄၅၀၀၀ | ၁၆၃၅၁၀၀ | ၃၁၅၀၀၀၀ | ၁၄၆၀၆၀၀ |
| ၂ | ၂၀၂၄ (ဩဂုတ်) | ၃၄၀၀၀၀၀ | ၂၀၄၂၃၀၀ | ၄၄၃၀၀၀၀ | ၂၅၅၃၇၀၀ |



# တနင်္သာရီတိုင်းဒေသကြီး၏ ကွမ်းသီး၊ ရော်ဘာနှင့် သီဟိုဠ် ဈေးနှုန်း၊ ဈေးကွက်

မြန်မာနိုင်ငံ တောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသည် ပင်လယ်ထွက်ပေါက်ရှိရာ တိုင်းဒေသကြီးဖြစ်သည့်အပြင် တနင်္သာရီရိုးမလည်းရှိပြီး တောကုန်း၊ တောင်တန်းများနှင့် ကျွန်းပေါင်းများစွာလည်းရှိပြီး တိုင်းဒေသကြီး၏ အဓိကအသက်မွေးဝမ်းကျောင်း စီးပွားရေးဖြစ်သော ရေလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းများအား လုပ်ကိုင်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းခရိုင် လေးခုရှိရာ ခရိုင်လေးခရိုင်လုံး၏ တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များရှိ တောင်စောင်းတစ်လျှောက်နှင့် တောင်ကြား မြေပြန့်လွင်ပြင်အများစုတွင် ကွမ်းသီးပင်၊ ရော်ဘာပင်နှင့် သီဟိုဠ်ပင်များကို စီးပွားဖြစ် အများအပြား စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ဒေသတွင်းမှထွက်ရှိသော ကွမ်းသီး၊ ရော်ဘာနှင့် သီဟိုဠ်ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိသည်။

**ကွမ်းသီး**

တနင်္သာရီတိုင်းဒေသကြီး၏ ဒေသတွင်း ဥယျာဉ်ခြံများမှထွက်ရှိသော ဒေသထွက်ကုန်တစ်ခုဖြစ်သည့် ကွမ်းသီးဈေးနှုန်းဈေးကွက် အခြေအနေများမှာ ကွမ်းသီးခြောက်အခြမ်း တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ ကွမ်းသီးခြောက်အလုံး တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ဖြစ်ပြီး ကွမ်းသီးအနုအလုံး တစ်ပိဿာလျှင် အလုံးပေါ်မူတည်၍ အလုံး ၇၀-၈၀ ခန့် ဝင်ဆံ့လျက်ရှိပြီး တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၆၀၀၀ ဝန်းကျင်ခန့်ရှိပြီး ကွမ်းသီးရရှိမှု လမ်းခရီးနှင့် ဝယ်လိုအားပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားချက်များရှိသည်။

**ရော်ဘာ**

တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသော ရော်ဘာ ဈေးနှုန်း/ဈေးကွက် အခြေအနေများမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၂၂၅၀ နှင့် RSS-5 တစ်ပေါင်လျှင် ကျပ် ၂၁၅၀ ပေါက်ဈေးရှိသည်။

**သီဟိုဠ်**

တနင်္သာရီတိုင်းဒေသကြီး၏ သီဟိုဠ်ဈေးနှုန်းဈေးကွက် အခြေအနေများမှာ ဇူလိုင်လအတွင်း ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိပြီး သီဟိုဠ် ပုံချောအသန့် တစ်ပိဿာလျှင် ကျပ် ၄၈၀၀ ရှိပြီး အခွံပါအကြမ်း တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ရှိသည်။

ထားဝယ်မြို့ပေါ်တွင် ဇူလိုင်လအတွင်း ဖြစ်ပေါ်လျက်ရှိသော ဈေးနှုန်းများဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်များရှိ ဈေးနှုန်းများမှာ ခရိုင်အလိုက် အနည်းငယ် ကွာခြားနိုင်ကြောင်း သိရသည်။

**မောင်ထက်ဝင်း (ထားဝယ်)**

# ပြည်မြို့၏ မန်ကျည်းသီးစိမ်း ဈေးကွက်နှင့် နနွင်းတက် ဈေးနှုန်းဈေးကွက်

ယခုအချိန်တွင် မိုးရာသီ ရောက်ရှိနေပြီဖြစ်သည့်အတွက် ရာသီစာဖြစ်သော မန်ကျည်းသီး စိမ်းများ ဈေးကွက်သို့ ဝင်ရောက်နေပြီဖြစ်သည်။ မန်ကျည်းသီးစိမ်းများကို ပြည်မြို့နယ် အနီးတစ်ဝိုက်ဖြစ်သော ရွှေတောင်၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပြည်တစ်ဖက်ကမ်းရှိ ရွှေဘုံသာ၊ ငွေဘုံသာကျေးရွာများမှ ပြည်ဈေးကွက်အတွင်းသို့ လာရောက်ရောင်းချကြသည်။

ပြည်ဈေးကွက်အတွင်းတွင် ရောင်းချသော မန်ကျည်းသီးစိမ်းဈေးများမှာ ယခင်နှစ်တွင် ၁၀ ကျပ်သားလျှင် ကျပ် ၆၀၀-၇၀၀ ဖြင့်ရောင်းချခဲ့ပြီး ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ၁၀ ကျပ်သားလျှင် ကျပ် ၁၂၀၀ ဖြင့်ရောင်းချနေကြောင်း သိရသည်။

ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၀ ကျပ်သားကို ကျပ် ၅၀၀-၆၀၀ခန့် ဈေးများပိုလာခဲ့သည်။ ထိုကဲ့သို့ဈေးနှုန်းများ ပိုလာရခြင်းမှာ မန်ကျည်းသီးများသီးချိန်တွင် ရာသီဥတုပူပြင်း၍ အသီးထွက်နှုန်း နည်းပါးလာ၍ဖြစ်ကြောင်း သိရသည်။

နနွင်းတက်ထွက်ရှိရာ ဒေသများအလိုက် အခေါ်အဝေါ် အမျိုးမျိုးရှိသည်။ နနွင်းတက် ထွက်ရှိရာ ဒေသများမှာ အောင်ပန်း၊ ကလောမြို့၊ ပင်လောင်းမြို့နှင့် ရှမ်းပြည်နယ်စသည်များမှ ဝင်ရောက်လာကြောင်း သိရပြီး ကျောက်ဆည်၊ ဟင်္သာတ၊ မင်းတုန်းဒေသများမှလည်း ပြည်ပွဲရုံများသို့ ဝင်ရောက်ကြောင်း သိရသည်။ နနွင်းတက်ဈေးမှာ ကျောက်ဆည်နနွင်း (အချော)တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ နနွင်းတက်(အသေး)တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ယဉ်သိမ့်နွေး၊ ခင်ဆွေဦး(ပြည်)**

# မိတ္ထီလာခရိုင်တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်း




မိတ္ထီလာခရိုင် မိတ္ထီလာမြို့ရှိမြို့မဈေးကြီးတွင် လူသုံးကုန်၊ စားသောက်ကုန်များ လက်လီလက်ကားရောင်းချလျက်ရှိသည်။ ဇူလိုင်လ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်နေသော အခြေခံစားသောက်ကုန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း တစ်ပြည် ကျပ် ၆၅၀၀၊ မနောသုခ တစ်ပြည် ကျပ် ၂၇၀၀-၃၃၅၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ အခြေခံစားကုန်များ၏ တစ်ပိဿာဈေးနှုန်းများမှာ စားအုန်းဆီ ကျပ် ၆၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀-၁၇၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၄၅၀၀-၁၆၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ကုလားပဲဆန် တစ်ပိဿာ ကျပ် ၆၂၀၀၊ ကြက်သွန်နီ လက်လီတစ်ပိဿာ ကျပ် ၂၂၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငရုတ်သီးပုတစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ ငရုတ်ရှည် တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၃၀၀၀၊ ချင်းတစ်ပိဿာလျှင် ကျပ် ၄၀၀၀-၆၀၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၃၅၀၀ တို့ဖြစ်သည်။

မွေးမြူရေး ထွက်ကုန်များဖြစ်သော ကြက်ဥလက်လီဈေးနှုန်းမှာ တစ်လုံး ကျပ် ၃၀၀၊ ဘဲဥကြီး တစ်လုံး ကျပ် ၃၈၀ ရှိသည်။ မိတ္ထီလာမြို့၏ သား/ငါး ဈေးနှုန်းနှင့် ငါးခြောက်တစ်ပိဿာဈေးများမှာ ကြက် သား (ဒေသကြက်) ကျပ် ၁၈၀၀၀၊ ကြက်သား(CP) ကျပ် ၁၁၀၀၀၊ ဝက်သား ကျပ် ၂၄၀၀၀၊ အမဲသား ကျပ် ၂၀၀၀၀၊ ဆိတ်သား ကျပ် ၂၂၀၀၀၊ ငါးကြင်း ကျပ် ၁၀၀၀၀၊ ငါးမြင်း ကျပ် ၂၀၀၀၀၊ ငါးမြစ်ချင်း ကျပ် ၈၅၀၀၊ ငါးတန် ကျပ် ၇၅၀၀၊ ငါးခူ ကျပ် ၁၅၀၀၀၊ ငါးရံ့ ကျပ် ၁၅၀၀၀၊ ငါးသလောက် ကျပ် ၂၀၀၀၀၊ ငါးဘတ် ကျပ် ၂၀၀၀၀၊ ငါးဖယ် ကျပ် ၁၅၀၀၀၊ ရေချိုပုစွန်(လတ်) ကျပ် ၃၅၀၀၀၊ ငါးခြောက် လက်လီဈေးနှုန်းမှာ အာပြဲခြောက် ကျပ် ၂၀၀၀၀၊ ငါးရံ့ခြောက် ကျပ် ၄၆၀၀၀၊ ငါးတံခွန်ခြောက် ကျပ် ၁၂၀၀၀၊ ငါးနီတူခြောက် ကျပ် ၁၄၀၀၀၊ ငါးရောင်ခြောက် ကျပ် ၄၂၀၀၀၊ ပုစွန်ခြောက် ကျပ် ၅၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မြို့ရီ**

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်




**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ ဇူလိုင်လစတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်တွင်း အရောင်းအဝယ်ပုံမှန်ဖြစ်နေသော ဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၁၉၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၁၁၅၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၁၉၀၀၊ ဖြင့်အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်အေး၍ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး**

ဇူလိုင်လ စတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၈၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ကွန်ပေါင်း(Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခုတစ်ပတ်တွင် ကွန်ပေါင်း(Thai Grow How) 15:15:15နှင့် ထိုင်း(မြင်းပျံ)တို့မှာ ပစ္စည်းဝင်ရောက်မှု မရှိ သဖြင့် လက်ကျန်များကိုသာ ရောင်းချနေရကြောင်း ဓာတ်မြေဩဇာ ရောင်းချသူများထံမှ သိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန် ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၈၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ်၁၆၅၀ ရှိခဲ့ပြီး ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၅ ရက်ထိဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၂၅၅၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၄၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၁၂၀၊ ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၁၀၂၀ ခန့် ဈေးနှုန်းပိုမိုလာခဲ့သည်။

မိုးရာသီဖြစ်သဖြင့် ရော်ဘာအစေးခြစ်ခြင်းကို ရပ်နားထားခြင်းကြောင့် ရော်ဘာထွက်ရှိမှု မရှိသောကြောင့် ဈေးနှုန်း အနည်းငယ်မြင့်လာခြင်းဖြစ်သည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ 50 kg ပါတစ်ထုပ်လျှင် ကျပ် ၂၄၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၄၈၀၀၀၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၃၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၇၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(မွန်)**




# ဆေးဝါးများ တိုက်ရိုက်ရောင်းချမည့် အရောင်းစင်တာများ တိုးချဲ့ဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဈေးသက်သက်သာသာဖြင့် ဆေးဝါးများ တိုက်ရိုက်ရောင်းချနိုင်မည့် အရောင်းစင်တာများကို တိုးချဲ့ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့် ဆေးကုမ္ပဏီများမှ မိဘပြည်သူများထံ ဆေးဝါးတိုက်ရိုက်ရောင်းချနိုင်မည့် အရောင်းစင်တာများအား ရန်ကုန်မြို့တွင် အရောင်းစင်တာ နှစ်ခု၊ ပဲခူးတိုင်း ဒေသကြီးတွင် အရောင်းစင်တာတစ်ခု ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ပြည်သူများ၏ လိုအပ်ချက်အပေါ် မူတည်ကာ ဆက်လက် တိုးချဲ့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

“အခုလိုမျိုးရောင်းချတဲ့အတွက် ပြည်သူတွေအနေနဲ့ ဈေးသက်သက်သာသာနဲ့ ဆေးဝါးတွေရတဲ့အခါကျတော့ အဆင်ပြေတယ်။ ဆေးဝါးလာဝယ်တဲ့သူတွေအနေနဲ့လည်း အခုလိုမျိုး ဈေးသက်သက်သာသာနဲ့ ရတဲ့အတွက် ဝမ်းသာကြတယ်။ နောက်တစ်ခုက ထူးခြားတာက Health Center ဆိုပြီး ဆရာဝန်လေးတွေ ထိုင်တယ်။ အကြောင်းအမျိုးမျိုးကြောင့် ပစ္စည်းပြတ်နေတဲ့ ဆေးတွေရှိခဲ့မယ်ဆိုရင်လည်း ဘယ်ပစ္စည်းတွေက အလားတူ ဘယ်လိုပစ္စည်းတွေရှိမလဲပေါ့။ သောက်လို့ရတယ်ဆိုတာမျိုးကို ရှင်းပြတဲ့ ဆရာဝန်အဖွဲ့လည်းရှိပါတယ်။ ဆေးဝါးရဖို့ အခက်အခဲရှိတဲ့ မိဘပြည်သူတွေအနေနဲ့လည်း အဆင်ပြေ သွားတာပေါ့”ဟု မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ပြန်ကြားရေးတာဝန်ခံ ဒေါက်တာ ဝင်းမော်ဖြိုးက ပြောသည်။

လက်ရှိ ပြင်ပဈေးကွက်၌ ဆေးဝါးများ ဝယ်ယူရာတွင် ဈေးနှုန်းများ ကြီးမြင့်လျက်ရှိရာ သင့်တင့်မျှတသော ဆေးဝါးတွေ ဝယ်ယူရရှိစေရေး ရည်ရွယ်ချက်ဖြင့် အများပြည်သူများထံ ဆေးဝါးများ တိုက်ရိုက်ရောင်းချမှုအား ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့ရှိ ပန်းဘဲတန်းရှိ မြန်မာကုန်သွယ်ရေး မြှင့်တင်မှုဗဟိုဌာနတွင် အရောင်းစင်တာ(၁) ဖွင့်လှစ်ခဲ့ပြီး အရောင်းစင်တာ(၂)အား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံဝင်း၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန အဆောက်အအုံတွင် လည်းကောင်း၊ အရောင်းစင်တာ (၃) အား ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ကိုတိုး

# ဩဂုတ်လအတွင်း ရန်ကုန်အိမ်ခြံမြေဈေးကွက် အရောင်းအဝယ် အေးစက်နေ

ပြီးခဲ့သည့်နှစ်အတွင်း ရင်းနှီးမြှုပ်နှံသူများ၊ ဈေးကစားလိုသူများ အာရုံစိုက်ခြင်းခံခဲ့ရသည့် ရန်ကုန်အိမ် ခြံမြေဈေးကွက် ယခုနှစ် ဩဂုတ်လအတွင်း အရောင်းအဝယ် အေးစက်နေကြောင်း သိရသည်။

ပြည်တွင်းအိမ်ခြံမြေဝယ်ယူမှုနှုန်းသည် ၂၀၂၂ ခုနှစ်မှစတင်ကာ ငွေပိုငွေလျှံရှိသူများ၊ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာမှုကြောင့် ဆက်တိုက်မြင့်တက်လာခဲ့သော်လည်း ၂၀၂၄ ခုနှစ်အတွင်း အရောင်းအဝယ် တုံ့ဆိုင်းနေခြင်းဖြစ်သည်။

“ရန်ကုန် အိမ်ခြံမြေကတော့ လောလောဆယ် အရောင်းအဝယ်က အေးနေတယ်။ မြေကွက်ဈေးတွေက မြင့်တက်တော့ ဝယ်လိုအားက သိပ်မရှိဘူး။ အရောင်းအဝယ်ဖြစ်ရင်လည်း တိုက်ခန်းတွေလောက်ပဲ ဖြစ်တယ်။ ရောင်းသူတွေကလည်း နဂိုတက်သွားတဲ့ ဈေးတိုင်းကို သိပ်မချချင်ဘူး။ တချို့လည်း နည်းနည်းပဲ ဈေးချတယ်ဆိုတော့ မဝယ်ချင်ကြဘူး။ ဒီအချိန်မှာက အငှားဈေးကွက်ကတော့ ပိုပြီးဖြစ်ထွန်းနေပါတယ်”ဟု ရန်ကုန်မြို့နေ အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးကပြောသည်။

လက်ရှိတွင် ရန်ကုန်အိမ်ခြံမြေဈေးကွက်တွင် ကျပ်နှစ်သိန်းမှ ကျပ်ငါးသိန်းအကြား အိမ်ခန်းများ အငှားသွက်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

ထို့ပြင် SP GP လွှဲပြောင်းရယူကာ ဈေးကစားခြင်းများအား ယခုနောက်ပိုင်းတွင် အိမ်ခြံမြေအရောင်း အဝယ်စာချုပ်ချုပ်ဆိုကာ ရောင်းခွန်ဆောင်ပြီးမှ လွှဲပြောင်းရယူခွင့်ပြုမှုကြောင့် ဈေးကွက်အတွင်း အမှန်တကယ်လိုအပ်သူသာ အိမ်ခြံမြေအရောင်းအဝယ် ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။



# ကျပ် ၅ ဒသမ ၉ ဘီလီယံ ကုန်ကျမည့် အဆင့်မြင့်ဈေး ဘားအံမြို့တွင် တည်ဆောက်မည်

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျပ် ၅ ဒသမ ၉ ဘီလီယံ (ကျပ် ၅၉၀၀ သန်း) ရင်းနှီးမြှုပ်နှံမည့် အဆင့်မြင့်ဈေး (Hyper Market) ကို ဘားအံမြို့ အမှတ် (၂) ရပ်ကွက် ရွှေရင်မျှော်ဘုရားအနီးရှိမြေနေရာတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဈေးစီမံကိန်း တည်ဆောက်ရန်အတွက် မြေနေရာအား ဇူလိုင် ၄ ရက်က ပန္နက်ရိုက်ခဲ့ပြီး ယင်းအဆင့်မြင့်ဈေးတွင် ဆိုင်ခန်းပေါင်း ၁၆၄ ခန်း ပါဝင်ကာ Hyper Market ကို Kayin State Development (Public) ကုမ္ပဏီလီမိတက်၏ ဦးဆောင်မှုဖြင့် အောင်ငွေဖူးကုမ္ပဏီလီမိတက်မှ မြေဧရိယာ ၃ ဒသမ ၆၄၂ ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းဈေးစီမံကိန်း၌ ၂၀ ပေ x ၅၀ ပေ x RC နှစ်ထပ် အဆင့်မြင့် လူနေဆိုင်ခန်း ၁၀ လုံး၊ ၃၀ ပေ x ၅၀ ပေ x RC နှစ်ထပ် အဆင့်မြင့်လူနေဆိုင်ခန်း တစ်လုံး၊ ၁၀၀ ပေ x ၁၀၀ ပေ x RC ၄ ထပ် အဆင့်မြင့်ဈေး အဆောက်အအုံများကို တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ ဈေးဆိုင်ခန်းများကို ဦးရာလူစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ်အစိုးအရအဖွဲ့ထံမှ သိရသည်။

# သုံးလအတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော်ဝင်ရောက်



ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ သုံးလအတွင်း ပြည်ပနိုင်ငံများ၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော် ဝင်ရောက် ရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အမေရိကန်ဒေါ်လာ ၁၄၇ သန်း ဝင်ရောက်ထားပြီး ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၉ ခုထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးခဲ့သည်။

ပြည်တွင်းသို့ စင်ကာပူ၊ တရုတ်နှင့် အင်ဒိုနီးရှား စသည့်နိုင်ငံများမှ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားပြီး ယင်းသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍမှ FDI အများဆုံး ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ အမေရိကန်ဒေါ်လာ ၈၂ သန်း၊ ဒုတိယနေရာတွင် စက်မှုကုန်ချောကဏ္ဍမှ အမေရိကန်ဒေါ်လာ ၆၄ သန်းဖြင့် လည်းကောင်း၊ တတိယနေရာတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းမှ အမေရိကန်ဒေါ်လာ တစ်သန်းဖြင့်လည်းကောင်း အသီးသီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကိုတိုး-စုစည်းသည်

# “ပြည်တွင်းထုတ်ကုန်တွေကို များများထုတ်ပေးပါ။ ထုတ်ကုန်သေးသေးလေးတွေကို အစပြုပြီး ထုတ်လုပ်ပါ။ ကုမ္ပဏီတစ်ခုက ချက်ချင်း ကြီးလာတာ မဟုတ်ဘဲ သေးသေးလေးကနေ စကြတာပါပဲ”

## Royal Lucky Fish အထည်ချုပ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်ပန်းအိဝင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍသည် ပြည်တွင်းရှိ လုပ်သားအများအပြားအား အလုပ်အကိုင် အခွင့်အလမ်း အများဆုံး ဖန်တီးပေးနိုင်သည့် ကဏ္ဍဖြစ်သည်။ ဂျပန်၊ ပိုလန်၊ စပိန်၊ ဂျာမနီ၊ ကိုရီးယား၊ ယူကေ၊ နယ်သာလန်၊ ပြင်သစ်၊ အီတလီ၊ အမေရိကန်၊ ဒိန်းမတ်နှင့် ဘယ်လ်ဂျီယံ စသည့် အနောက်နိုင်ငံများသည် မြန်မာအထည်ချုပ်များ အဓိကတင်ပို့သည့် ဈေးကွက်ဖြစ်သည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွင်း အထည်ချုပ်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံပမာဏခန့် တင်ပို့နိုင်ခဲ့ပြီး ချုပ်လုပ်ပြီး အထည်များကို နိုင်ငံပေါင်း ၁၀၀ ခန့်သို့ တင်ပို့နိုင်ခဲ့သည်။သို့ဖြစ်ရာ အလုပ်အကိုင် အခွင့်အလမ်းများ အများဆုံးဖန်တီးပေးလျက်ရှိသည့် ပြည်တွင်းအထည်ချုပ်ကဏ္ဍ၏ လတ်တလော အခြေအနေများ၊ ဈေးကွက်ထိုးဖောက်နိုင်ရေး သိကောင်းစရာများနှင့် စပ်လျဉ်း၍ အထည်ချုပ်လုပ်ငန်းအား နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့သည့် Royal Lucky Fish အထည်ချုပ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်ပန်းအိဝင်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ကနဦးအနေနဲ့ ကုမ္ပဏီရဲ့ အထည်ချုပ်လုပ်ငန်း အကြောင်းလေး ရှင်းပြပေးပါဦး။**

လုပ်ငန်းကတော့ အထည်ချုပ်လုပ်ငန်းကို ဦးတည်ထားတယ်။ ဒီအထည်ချုပ်လုပ်ငန်းက ပြည်တွင်းက လုပ်သားအများအပြားကို အလုပ်အကိုင်အခွင့်အလမ်းအများဆုံးပေးနိုင်တဲ့ ကဏ္ဍလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ခေတ်နဲ့အညီ ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းကို လုပ်ဆောင်လျက်ရှိပါတယ်။ နောက်ပြီး အထည်ချုပ်လုပ်ငန်းအပြင် အထည်ချုပ်နဲ့ဆက်စပ်တဲ့ လက်ဆောင်ပစ္စည်း ထုတ်လုပ်တဲ့ လုပ်ငန်းကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။

**ပြည်တွင်းအထည်ချုပ်ကဏ္ဍရဲ့ လတ်တလော အခြေအနေလေး သိပါရစေ။**

အထည်ချုပ်ကဏ္ဍမှာတော့ လူငယ်တွေ ပြည်ပကို သွားရောက်လုပ်ကိုင်ကြတယ်ဆိုတာက အသက်အရွယ်နဲ့လည်း ဆိုင်တယ်။ အဲလိုသွားတဲ့သူတွေမှာ ယောကျ်ားလေးတွေ သွားတာများတယ်။ အသက်အရွယ်ငယ်တဲ့သူတွေဆိုရင် ကိုယ့်နိုင်ငံမှာ အလုပ်လုပ်ရင်လည်းရတယ်။ ဒါပေမယ့် အသက်ငယ်တုန်းမှာ ဗဟုသုတရှာချင်တယ်။ နောက်တစ်ခုက အသိပညာ၊ အတတ်ပညာရှာချင်တယ်။ ဒါကြောင့် နိုင်ငံရပ်ခြားကို ထွက်ပြီးတော့ အလုပ်လုပ်ကြည့်တယ်။ အဆင်ပြေတဲ့သူရှိသလို၊ အဆင်မပြေတဲ့သူလည်း ရှိပါတယ်။ အဓိကတော့ မြန်မာနိုင်ငံမှာက အလုပ်လုပ်ဖို့အတွက် အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ မြင်တတ်တဲ့သူတွေ လုပ်တတ်တဲ့သူအတွက်တော့ လုပ်ငန်းတွေ အများကြီး ရှိပါသေးတယ်။ ပြည်ပကို ယောကျ်ားလေးအများစုသွားကြတယ်။ မိန်းကလေးအများစုက ဒီမှာနေထိုင်ပြီး မိသားစုနဲ့ လုပ်ကိုင်စားသောက်တဲ့အတွက် ဝန်ထမ်းကိစ္စနဲ့ပတ်သက်ပြီး တည်ငြိမ်ပါတယ်။ တစ်စုံတစ်ရာ ရိုက်ခတ်တာမျိုးမရှိပါဘူး။ အထည်ချုပ်က အသက် ၁၈ နှစ်ကနေ အသက် ၆၀ ထိက အလုပ်လုပ်လို့ရသလို လစာတစ်ခုရနေတဲ့အတွက်ကြောင့် အလုပ်သမားကဏ္ဍနဲ့ ပတ်သက်ပြီး တည်ငြိမ်တယ်လို့ ပြောလို့ရပါတယ်။

**လက်ရှိမှာ အထည်ချုပ်လုပ်ငန်းက လက်ခစား CMP စနစ်နဲ့ သွားတာများတော့ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

အထည်ချုပ်ကဏ္ဍမှာ လက်ခစား CMP စနစ်က ပစ္စည်းတင်မဟုတ်ဘဲနဲ့ ဂျက်ဖာပုံးတွေပါ အကုန်ပို့ပေးတာ။ နောက်စတေကာတွေပါ ကပ်ပေးရပြီးတော့ အထည်ဆိုဒ်တွေလည်း သေချာခွဲပေးလိုက်တာပေါ့။ ဒါက လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကသွားခဲ့တယ်။ ပရိုမိုးရှင်းကလည်း သုံးတဲ့ကုမ္ပဏီတွေ သုံးကြပါတယ်။ နောက်တစ်ချက်က ယုဇနပလာဇာ၊ မင်္ဂလာဈေးတို့ကျတော့ အရည်အသွေးပိုင်းက အဆင်ပြေတယ်။ ဈေးနှုန်း မှန်ကန်တယ်။ တိကျသေချာတယ်ဆိုရင် ပြန်ပြီးတော့ဆက်သွယ်တာပေါ့။ ကျွန်မတို့အနေနဲ့ကုမ္ပဏီကြီးတွေကို သွားပြီးတော့ ယူနီဖောင်းအပိုင်း ဝန်ဆောင်မှုပေးရတဲ့ လိုင်း၊ နောက်တစ်ခုက ဈေးကြီးများကို ပို့တဲ့ လိုင်း အဲဒီလိုမျိုးသွားနေပါတယ်။ တချို့တွေကလည်း လက်ခစားအနေနဲ့သွားတယ်။ ကျွန်မတို့ကျတော့ FOC စနစ်ပါ။သူတို့လိုချင်



တဲ့ ပုံစံကိုပဲပြော အကုန်လုပ်ပေးရတာဆို တော့ ကျွန်မတို့ ကတော့ CMP၊ စနစ်နှစ်ခုစလုံးတော့လုပ်နေတယ်။ FOC စနစ်ပိုများတယ်လို့ပြောလို့ရတယ်။ ဈေးကွက်အနေနဲ့ကတော့ ရှားသွားတာမျိုး မဟုတ်ပါဘူး။ လုပ်တတ်ရင် လုပ်တတ်သလို ဈေးကွက်ရှိပါတယ်။ နောက် တစ်ချက်က တင်ဒါတွေပါ။ ကိုယ်ကြိုးစားရင် ကိုယ့်ကုမ္ပဏီ ခိုင်မာရင် တင်ဒါဆိုတာ လာတာပါပဲ။ တင်ဒါဆိုတာကတော့ ပြိုင်ဘက်တွေ အရမ်းများတယ်။ ဒါပေမယ့် တင်ဒါတွေကို ရအောင် ကြိုးစားရင် ကြိုးစားသလိုဝင်ပါတယ်။ အခုဆိုရင် ကျောင်းတင်ဒါတွေရှိမယ်။ ကျောင်းတင်ဒါကတော့ ဘယ်တော့မှ တစ်ခုတည်းမရဘဲနဲ့ သုံးခုလောက်တော့ရတယ်။ ကိုယ့်ထုတ်လုပ်နိုင်တဲ့ ပစ္စည်းပေါ် မူတည်ပြီးတော့ ချပေးတာဆိုတော့လေ။ ဒါမျိုးလေးတွေလည်းရှိတယ်။ တင်ဒါဆိုတဲ့အခါမှာ ကျောင်းတင်ဒါနဲ့ မိုးရာသီတင်ဒါတွေရှိတယ်။ နောက်အလုပ်တွေအများကြီးရှိတဲ့ အချိန်မျိုးတွေမှာလည်း တင်ဒါတွေရှိတယ်။

**အထည်ချုပ် အပါအဝင် SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ငန်းရှင်တွေကို ဘယ်လိုမျိုး အကြံပြုချင်ပါသလဲ။**

အသေးစား၊ အလတ်စားလုပ်ငန်းကို လုပ်ကိုင်တဲ့သူတွေက ကိုယ့်ကိုယ်ကိုယ် ဘာလုပ်ချင်တာလဲ။ ဘာဖြစ်ချင်တာလဲဆိုတာကို သိအောင်လုပ်ပါ။ ထိတွေ့သင့်တဲ့သူ ဘယ်သူလဲဆိုတာကို တွေးပေးပါ။ နောက်တစ်ချက်က အမြဲတမ်း အိမ်ထဲ အလုပ်ရုံထဲ မနေဘဲနဲ့ အပြင်ကိုထွက်ပေးပါ။ လူမကြောက်ပါနဲ့။ ကိုယ်နဲ့ သက်ဆိုင်တဲ့ အခမ်းအနားတွေရှိရင် သွားရောက်လေ့လာပါ။ လုပ်ငန်းနဲ့ သက်ဆိုင်တဲ့သူတွေကို မကြောက်ဘဲ စကားပြောပေးပါ။ ကိုယ့်ကို ကူညီလောက်တဲ့ အဖွဲ့အစည်းတွေရှိပါတယ်။ NGO, INGO အဖွဲ့အစည်းတွေရှိတယ်။အခက်အခဲရှိနေတာတွေအတွက် စကားပြောကြည့်ပါ။ နောက်တစ်ခုက ဘဝတူ SME လုပ်ငန်း အချင်းချင်း စည်းလုံးပါ။ သူက ငါးပိရည်ထုတ်မယ်၊ ကိုယ်က ငါးပိရည်ထုတ်မယ်ဆိုရင် အတူတူပူးပေါင်းပြီး ပိုကောင်းတဲ့ ထုတ်ကုန်တွေ ထုတ်လို့ရပါတယ်။ လုပ်ငန်းတူရင် ပေါင်းလုပ်လိုက်ပါလို့ ပြောချင်ပါတယ်။ ပေါင်းလုပ်ရင် ခေါင်းနှစ်ခေါင်းဆို လေးခေါင်းဖြစ်မယ်။ စုပေါင်းလုပ်ကိုင်ရင် ပိုပြီးတိုးလာမှာဖြစ်တဲ့အတွက် အလုပ်လုပ်တဲ့အခါမှာ ပိုပြီးပါတယ်။ အဓိကတော့အတ္တနဲ့ မာန နည်းနည်းလျှော့ပြီးတော့ လုပ်စေချင်ပါတယ်။ ငွေရေးကြေး ရေးကဏ္ဍအတွက်က

**တိုပ္ပ**

တကယ်လုပ်တဲ့သူတွေအတွက်ဆိုရင် ဘဏ်တွေက စီစဉ်ဖြည့်ဆည်းပေးနေတာတွေရှိပါတယ်။ ကျွန်မတို့ကိုယ်တိုင်လည်း အကူအညီ ယူရပါတယ်။ ဒါကြောင့် ကိုယ်ဘာဖြစ်ချင်တာလဲ ဆိုတာ သိအောင်လုပ်ပြီးတော့ ချဉ်းကပ်ပါလို့ အကြံပြုချင်ပါတယ်။

**လုပ်ငန်းတွေရေရှည် ရပ်တည်နိုင်ရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေး အတွက် ဘယ်လိုမျိုး ပြင်ဆင်သင့်ပါသလဲ။**

အဓိကတော့ စီးပွားရေးမှာ ကျရှုံးခြင်း၊ အောင်မြင်ခြင်းဆိုတာ ကာလတစ်ခုနဲ့ မသက်ဆိုင်ဘူးလို့ ထင်ပါတယ်။ ကိုယ့်ခံယူချက်နဲ့ကိုယ် ဘယ်လောက်အထိ ဈေးကွက်ကိုနားလည်လဲ။ စီးပွားရေး ကြီးကြီးသေးသေး ဈေးကွက်ကို နားလည်ဖို့ပဲအရေးကြီးတာပါ။ တကယ်ကို ဈေးကွက်ထိုးဖောက်ချင်တာဆိုရင် ပြည်တွင်းမှာ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ မြင်တတ်ဖို့ လုပ်တတ်ဖို့လည်း လိုပါတယ်။ မြင်တတ်ပြီး လုပ်တတ်တယ်ဆိုရင် အခွင့်အလမ်းတွေက အများကြီးရှိပါသေးတယ်။ နောက်တစ်ခု ပြောချင်တာက ပြည်တွင်းထွက်ကုန်တွေကို များများထုတ်ပေးပါ။ ထုတ်ကုန်သေးသေးလေးတွေကို အစပြုပြီးထုတ်လုပ်ပါ။ ကုမ္ပဏီတစ်ခုက ချက်ချင်းကြီးလာတာ မဟုတ်ဘဲ သေးသေးလေးကနေ စကြတာပဲ။ ဆိုင်သေးသေးလေးကနေ ဆိုင်ခွဲပေါင်းများစွာဖွင့်တဲ့ လုပ်ငန်းတွေရှိနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုချိန်မှာ ဒီလိုမျိုးလုပ်ငန်းတွေ လုပ်လို့ရပါတယ်။ အခွင့်အရေးအများဆုံးလို့ မြင်ပါတယ်။ အခက်အခဲကို အခက်အခဲလို မမြင်ဘဲနဲ့ စိန်ခေါ်မှုဆိုတာကို မြင်ပေးပြီး ဒီစိန်ခေါ်မှုကို ငါဘယ်လိုကျော်လွှားရမလဲဆိုပြီး သွားရင်တော့ အခုချိန်မှာ အလုပ်တွေအများကြီး လုပ်လို့ရနေပါသေးတယ်လို့ ပြောချင်ပါတယ်။ အခက်အခဲကတော့ နိုင်ငံတိုင်းမှာရှိပါတယ်။ အခက်အခဲကို အခက်အခဲလို့မမြင်ဘဲ ကြိုးစားပေးပါ။ ကိုယ့်အတွက် နေရာတစ်နေရာကတော့ ဘယ်မှာပဲဖြစ်ဖြစ် ရှိနေပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ပြောချင်တာကတော့ ဘာအလုပ်မှ မလုပ်ရင် ဘဏ်တိုးကတော့ တက်မှာပေါ့။ ဘဏ်ကလည်း ဖြစ်မြောက်လောက်တဲ့လုပ်ငန်းလေးအတွက်ကို ငွေချထားပေးလိုက်တယ်။ ကိုယ်က ဘဏ်ကနေငွေယူလိုက်ပြီဆိုရင် အဲဒီငွေကို ဘယ်လိုသုံးမလဲလို့ စဉ်းစားပါ။ လုပ်ငန်း တွေက ဒီလိုပါပဲ။ ဒီငွေကို ဘယ်လိုခိုင်း ရမလဲတွေးရပါတယ်။ ငွေကို ခိုင်းတတ်ရပါတယ်။ ဘဏ်ကနေ ချေးငွေပြီးတော့ လုပ်စရာ အလုပ်မရှိရင် ဘဏ်ချေးငွေမယူပါနဲ့လို့ ပြောချင်ပါတယ်။ ဒီငွေသည် ကိုယ်ကသူ့ကိုမခိုင်းရင် သူ့ကကိုယ့်ကို ခိုင်းသွားပါလိမ့်မယ်။ အသေးစား၊ အလတ်စားလုပ်ငန်းတွေက လုပ်ငန်း အသေးစားလေးတွေဆိုတော့ အခြားလုပ်ငန်းတွေထက် ပိုပြီးတွေးပေးရပါတယ်။ အဲ့ဒါလေးတွေ ပေးဆပ်ပြီးတော့မှ ဘဏ်ချေးငွေယူပါလို့ ပြောချင်ပါတယ်။ အခက်အခဲကတော့ လူတိုင်းရှိပါတယ်။ ရအောင် ကျော်လွှားပါလို့ ပြောချင်ပါတယ်။

# စာပေနှင့် အနုပညာလက်ရာများ မှတ်ပုံတင်ခြင်းနှင့် အခွင့်အရေးများ

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် စာပေနှင့် အနုပညာ ဖန်တီးမှုများဖြင့် လွှမ်းခြုံလျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး တိုးတက်မှုများကလည်း စာပေနှင့် အနုပညာဖန်တီးမှု၊ ထုတ်လုပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်နွှယ်နေသည်။ စာပေနှင့်အနုပညာ ဖန်တီးထုတ်လုပ်မှုများအတွက် ဖန်တီးထုတ်လုပ်သူများကို ထိုက်သင့်သော အကျိုးခံစားခွင့်များရရှိစေရန်၊ မူပိုင်ခွင့် ချိုးဖောက်ခံရမှုများ လျော့နည်းစေရန် ဖန်တီးသူများ၏ အခွင့်အရေးများအား အကာအကွယ်ပေးမှုများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဥပဒေများပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာ စံနှုန်းများနှင့်ကိုက်ညီသော စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကို ၂၀၁၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး The Myanmar Copyright Act (1914)ကို ၎င်းဥပဒေဖြင့်ရုပ်သိမ်းခဲ့သည်။ အဆိုပါ ဥပဒေသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီဖြစ်သည်။ စာပေနှင့်အနုပညာလက်ရာ မှတ်ပုံတင် လျှောက်ထားမှုများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်နေပြီဖြစ်သည်။

စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင် လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် လျှောက်ထားမှု အမျိုးမျိုးအတွက် အသုံးပြုရမည့် လျှောက်လွှာပုံစံ စုစုပေါင်း (၁၃) မျိုးရှိသည်။ စာပေ သို့မဟုတ် အနုပညာလက်ရာများကို မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လျှောက်လွှာပုံစံ (CR-1) ကို အသုံးပြုရမည်ဖြစ်ပြီး၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင် လျှောက်ထားခြင်းအတွက် လျှောက်လွှာပုံစံ (CR-2) ကို အသုံးပြုရမည်ဖြစ်သည်။ စာအရေးအသား အမှားပြင်ဆင်ခြင်း၊ မှတ်ပုံတင်လျှောက်ထားချက်ကို ရုပ်သိမ်းခြင်း၊ မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားခြင်း၊ မှတ်ပုံတင်ထားသည့် လက်ရာများအတွက် စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်း ကို မှတ်တမ်းတင်ပေးခြင်း စသည့် မူပိုင်ခွင့်ဆိုင်ရာ လျှောက်ထားခြင်းများအတွက် သက်ဆိုင်ရာ လျှောက်လွှာပုံစံများကို အသုံးပြုပြီး လျှောက်ထားရမည်ဖြစ်သည်။

မှတ်ပုံတင် လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် လျှောက်ထားမှု အမျိုးမျိုးအတွက် ပေးသွင်းရမည့် အခကြေးငွေများကိုလည်း အမိန့်ကြော်ငြာစာနှင့် သတ်မှတ်ထုတ်ပြန်ပြီးဖြစ်သည်။ စာပေနှင့် အနုပညာလက်ရာ မှတ်ပုံတင် လျှောက်ထားရန်အတွက် ကျပ်တစ်သိန်း၊ ရုပ်ရှင်လက်ရာနှင့် အရုပ် အသံလက်ရာအတွက် ကျပ် သုံးသိန်းပေးသွင်းရမည်ဖြစ်သည်။ စာပေနှင့် အနုပညာလက်ရာတွင် အကျုံးဝင်သည့် တေးဂီတလက်ရာအတွက် လျှောက်ထားရာတွင် လျှောက်ထားချက် တစ်စောင်လျှင် တေးသီချင်းဖြစ်ပါက တေးသီချင်း ၁၂ ပုဒ်၊ ကဗျာဆိုပါက ၁၀ ပုဒ်အထိ ပါဝင်နိုင်ကြောင်း သတ်မှတ်ထားသည်။

ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင်လျှောက်ထားခြင်း၊ စီးပွားရေးဆိုင်ရာ အခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်း၊ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းတို့အတွက် ကျပ်တစ်သိန်းစီ သတ်မှတ်ထားပြီး ကျန်သောလျှောက်ထားမှုများအတွက် ကျပ်ငါးသောင်းစီ သတ်မှတ်ထားသည်။

မှတ်ပုံတင်လျှောက်ထားမှုများကို လူကိုယ်တိုင်(Over the Counter)သို့မဟုတ် အီလက်ထရောနစ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း(online filing) ဖြင့် လျှောက်ထားနိုင်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည့်အပြင် အီလက်ထရောနစ်စနစ်ကို အသုံးပြုပြီး CRFile System ဖြင့် https://crfile.ipd.gov.mm တွင်လည်း လျှောက်ထားနိုင်သည်။ လူကိုယ်တိုင် လျှောက်ထားမှုများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်တွင်လည်းကောင်း၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)နှင့် အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)တို့တွင် လည်းကောင်း လာရောက် လျှောက်ထားနိုင်သည်။

မှတ်ပုံတင်လျှောက်ထားရာတွင် မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင် လျှောက်ထားနိုင်သကဲ့သို့ ကိုယ်စားလှယ်ဖြင့်လည်း လျှောက်ထားနိုင်သည်။ ကိုယ်စားလှယ်ဖြင့် လျှောက်ထားလျှင် ကိုယ်စားလှယ်လွှဲစာ (CR-10) ကို ပူးတွဲတင်ပြရမည်ဖြစ်သည်။ နိုင်ငံခြားသားကလျှောက်ထားမည်ဆိုလျှင် မြန်မာနိုင်ငံသား ကိုယ်စားလှယ်ကို မဖြစ်မနေ ခန့်အပ်ပြီး လျှောက်ထားရမည်။ ကိုယ်စားလှယ်သည် အသက် (၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသား ဖြစ်ရမည့်အပြင် မူပိုင်ခွင့်ဦးစီးဌာနကဖွင့်လှစ်သည့် ကိုယ်စားလှယ်သင်တန်း တက်ရောက် အောင်မြင်ပြီးသူ ဖြစ်ရမည်။

မူပိုင် ခွင့်ဦးစီးဌာနက စာပေ၊ အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားမှုအတွက် ကိုယ်စားလှယ်သင်တန်းများကို ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုယ်စားလှယ် သင်တန်းများကို တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ကိုယ်စားလှယ်သင်တန်း(၁/၂၀၂၄) ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ ကိုယ်စားလှယ် ၁၀၀ ဦးခန့် တက်ရောက် အောင်မြင်ခဲ့ပြီးဖြစ်သည်။

မူပိုင်ခွင့်ဦးစီးဌာန၏ Website ဖြစ်သည့် https://www.ipd.gov.mm တွင် လျှောက်လွှာပုံစံများ download ရယူနိုင်သည့်အပြင် လူကိုယ်တိုင် လျှောက်ထားရာတွင် လည်းကောင်း၊ CRFile System ဖြင့်လျှောက်ထားရာတွင် လည်းကောင်း လျှောက်လွှာဖြည့်စွက်ပုံ ဖြည့်စွက်နည်း (Guidelines) များ၊ လျှောက်လွှာပုံစံ နမူနာဖြည့်စွက်ထားမှုများကိုလည်း အဆိုပါ Website တွင် လေ့လာကြည့်ရှုနိုင်သည်။

စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်ရေးဆိုင်ရာ ကိစ္စရပ်များကို မူလလက်ရာရှင်များ သို့မဟုတ် အခွင့်အရေး ပိုင်ရှင်များက မှတ်ပုံတင်လျှောက်ထားနိုင်သည်။ စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များသည် ဥပဒေအရ စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများကို ရရှိမည်ဖြစ်သည်။ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ သက်တမ်းမှာ ယေဘုယျအားဖြင့် မူလလက်ရာရှင်သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးနောက် နှစ် ၅၀ ရရှိမည်ဖြစ်ပြီး ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေး၏ သက်တမ်းမှာ အကန့်အသတ်မရှိ ရရှိမည်ဖြစ်သည်။

စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင် လျှောက်ထားရာတွင် လက်ရာကို မိမိကိုယ်တိုင် ဖန်တီးထားခြင်းဖြစ်ကြောင်း ဝန်ခံချက်၊ လက်ရာကို ဖန်တီးပြုလုပ်ခဲ့သည့် ရက်စွဲ၊ လက်ရာဖော်ပြချက် အကျဉ်းချုပ်တို့ကို ထည့်သွင်းတင်ပြရမည်ဖြစ်သည်။ အထောက်အထားများ ပြည့်စုံပါက မူပိုင်ခွင့်ဦးစီးဌာနက မှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်သည်။ မှတ်ပုံတင်ထားသည့် လက်ရာများကိုလည်း မှတ်ပုံတင်စာရင်း (Database) ဖြင့် ထားရှိမည်ဖြစ်ပြီး မှတ်ပုံတင်ခွင့်ပြုသည့် လက်ရာများကိုလည်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ အဆိုပါ မှတ်ပုံတင်ထုတ်ပြန် ကြေညာချက်များကိုလည်း နိုင်ငံတကာမှ ကြည့်ရှုနိုင်မည်ဖြစ်သည်။

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံတကာတွင် စာပေနှင့်အနုပညာ မူပိုင်ခွင့် ချိုးဖောက်မှုများ၊ အထူးသဖြင့် online မူပိုင်ခွင့် ချိုးဖောက်မှုများ များပြားလာသည်။ မူပိုင်ခွင့် ချိုးဖောက်မှု၊ မူပိုင်ခွင့်အငြင်းပွားမှုများ ဖြစ်လျှင် မူပိုင်ခွင့်ဦးစီးဌာနက ထုတ်ပေးသည့် နိုင်ငံတော်အစိုးရက အသိအမှတ်ပြုသော မှတ်ပုံတင်လက်မှတ်ကို ခိုင်လုံသော အထောက်အထားအဖြစ် တင်ပြနိုင်မည်ဖြစ်သည်။ စာပေနှင့်အနုပညာ မူပိုင်ခွင့်သည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေ အကာအကွယ် ရရှိသော်လည်း မူပိုင်ခွင့် အငြင်းပွားမှု၊ ချိုးဖောက်မှုများ ဖြစ်လာလျှင် မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မှတ်ပုံတင် လက်မှတ်ရှိပါက ဖြေရှင်းဆောင်ရွက်ရာတွင် လွယ်ကူသည့်အတွက် စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်စနစ်ကို နိုင်ငံအတော်များများတွင် ကျင့်သုံးဆောင်ရွက်လာကြသည်။ ထို့ပြင်မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် စာပေနှင့်အနုပညာလက်ရာများအတွက်သာ စီးပွားရေးဆိုင်ရာ အခွင့်အရေး လွှဲပြောင်းခြင်းများကို မှတ်တမ်းတင်ထားနိုင်မည်ဖြစ်သည်။ စီးပွားရေးဆိုင်ရာ အခွင့်အရေး လွှဲပြောင်းမှုများကို မှတ်တမ်းတင်ထားမှသာလျှင် မူလလက်ရာရှင် ကွယ်လွန်ပါကလည်း မူပိုင်ခွင့် အငြင်းပွားမှု၊ ချိုးဖောက်မှုများကို ဖြေရှင်းရာတွင် လွယ်ကူစေသည့်အတွက် နိုင်ငံတကာတွင်လည်း စီးပွားရေးဆိုင်ရာ အခွင့်အရေးလွှဲပြောင်းမှုများကို မှတ်တမ်းတင်သည့်စနစ် ကျင့်သုံးလာကြသည်။

စာပေနှင့်အနုပညာလက်ရာများ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းလိုသည်များရှိပါက ဖုန်းနံပါတ် ၀၆၇၃၄၃၀၅၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ**
**မူပိုင်ခွင့်ဦးစီးဌာန**

# ပြည်မြို့ရှိ ပွဲရုံများနှင့် ဈေးကွက်များတွင် ဆီထွက်သီးနှံဈေးများ ဆက်လက်မြင့်တက်

ဇူလိုင်လအတွင်း ပြည်ဈေးကွက်တွင် ဆီထွက်သီးနှံများဖြစ်သော နှမ်းနှင့် မြေပဲဆန်ဈေးများ မြင့်တက်လာခဲ့သည်။ မိုးနှမ်းနှင့် မိုးမြေပဲများ စိုက်ပျိုးချိန်ဖြစ်၍ ဝင်ရောက်မှုမရှိခြင်း၊ ဒေသတွင်းလည်း လာရောက် ရောင်းချခြင်းမရှိ၍ ယခင်လက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မြေပဲဆန်မှာ ဝယ်လိုအားရှိသော်လည်း ပစ္စည်းလက်ကျန်နည်းနေသည့်အတွက် ဈေးများမြင့်တက်လာသလို နှမ်းသီးနှံမှာလည်း နောက်ထပ် တစ်လခွဲအကြာတွင် ထွက်ပေါ်လာမည်ဖြစ်သည်ဟု သိရသည်။ ယခုအချိန်တွင် လူအများမှာ မြေပဲဆီနှင့် နှမ်းဆီကို ဝယ်ယူစားသုံးကြသည့်အတွက် ဆီစက်သမားများကလည်း နှမ်းနှင့်မြေပဲကို ဆီကြိတ်ရန် အဝယ်ရှိသဖြင့် သီးနှံများ ထွက်ပေါ်မှုမရှိသေးဘဲ စပ်ကူးမတ်ကူးအချိန်ဖြစ်၍ ဈေးနှုန်းများ မြင့်တက်လာသည်ဟု သိရသည်။

ဇူလိုင်လ နောက်ဆုံးပတ်တွင် မြေပဲ ဆီဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၈၂၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှင့် မြေပဲလုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၈၆၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၈၃၀၀ ဖြင့် ရောင်းချသလို ဈေးကွက်များတွင် မြေပဲကြော်စားရန်အတွက် ရောင်းချသော မြေပဲ ဆန်ဈေးမှာ နို့ဆီဘူးတစ်ဘူးလျှင် ကျပ် ၁၀၀၀-၁၁၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

နှမ်းဈေးမှာ ဈေးကွက်တွင် ပစ္စည်းပြတ်နေသော်လည်း ဈေးသာဖြစ်နေ၍ နှမ်းနီတစ်တင်းလျှင် ကျပ် ၁၁၂၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၄၃၀၀၀ နှင့် စမုန်နက်နှမ်းတစ်တင်းလျှင် ကျပ် ၁၄၈၀၀၀ ဖြင့် ဈေးဖြစ်ပြီး ရံဖန်ရံခါသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု သိရသည်။ ယခင် ဇွန်လနှင့် နှိုင်းယှဉ်လျှင် မြေပဲဆီဆန်(အဖြူ)နှင့် (အနီ) တစ်ပိဿာလျှင် ကျပ် ၁၂၀၀ စီ၊ မြေဆန်လုံးဆန်(အဖြူ)တစ်ပိဿာလျှင်ကျပ် ၉၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၈၀၀ ဖြင့် ဈေးနှုန်းများမြင့်တက်လာခဲ့သည်။ နှမ်းဈေးမှာ ယခင်ဇွန်လအတိုင်း ဈေးငြိမ်နေကြောင်း သိရသည်။ ပြည်ဈေးကွက်ဖြစ်ပေါ်ခဲ့သော ဆီထွက်သီးနှံဈေးနှုန်းများကို ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အလိုက် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ယခုနှစ်တွင် ဈေးမြင့်တက်လာခဲ့ကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၂၃ခုနှစ် | | ၂၀၂၄ခုနှစ်(ဇန်နဝါရီလမှ ဇူလိုင်လနောက်ဆုံးပတ်) | |
|---|---|---|---|---|---|---|
| | | | အနိမ့် | အမြင့် | အနိမ့် | အမြင့် |
| ၁ | မြေပဲဆန်(လုံးဆန်) | ပိဿာ | ၅၇၀၀ | ၇၇၀၀ | ၈၃၀၀ | ၈၆၀၀ |
| ၂ | မြေပဲဆန်(ဆီဆန်) | ပိဿာ | ၅၀၀၀ | ၆၇၀၀ | ၈၂၀၀ | ၈၀၀၀ |
| ၃ | နှမ်းနီ | တင်း | ၇၉၅၀၀ | ၁၀၅၀၀၀ | ၁၀၈၀၀၀ | ၁၁၂၀၀၀ |
| ၄ | နှမ်းနက် | တင်း | ၉၀၀၀၀ | ၁၂၀၀၀၀ | ၁၄၃၀၀၀ | ၁၄၅၀၀၀ |
| ၅ | စမုံနက်နှမ်း | တင်း | ၉၄၅၀၀ | ၁၁၂၅၀၀ | ၁၄၈၀၀၀ | ၁၅၀၀၀၀ |

# စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ

ယှဉ်ပြိုင်မှုများ မြင့်မားနေသည့် ယနေ့ခေတ်တွင် တီထွင်ဖန်တီးမှုများကို အပြိုင်အဆိုင် ပြုလုပ်လာကြသည်။ ထိုကဲ့သို့ တီထွင်ဖန်တီးမှုများပြုလုပ်ရာတွင် မိမိ၏ ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး ဈေးကွက်ကို ထိုးဖောက်နိုင်ရန်အတွက် ခေတ်မီဆန်းသစ်သော ဒီဇိုင်းများ တီထွင်ဖန်တီးခြင်းကလည်း အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လာသည်ကို တွေ့ရှိရသည်။ ဒီဇိုင်းဖန်တီးသူများအနေဖြင့်လည်း ဆန်းသစ်သော ဒီဇိုင်းများ ပြုလုပ်ကြသည့်အတွက် ဈေးကွက်တွင် ထုတ်ကုန်ပစ္စည်းများကို ရောင်းအား မြှင့်တင်ပေးနိုင်ရုံသာမက ဈေးကွက်ယှဉ်ပြိုင်နိုင်မှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ယနေ့ခေတ်တွင် ဆန်းသစ်လှပသော ဒီဇိုင်းများပါဝင်သည့် လူ့အသုံးအဆောင်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသည့်အခါ သုံးစွဲသူကြိုက်နှစ်သက်သည့် ထုတ်ကုန်ပစ္စည်း ဒီဇိုင်းများကို စီးပွားပြိုင်ဘက်များမှတုပ၍ ရောင်းချလာသည်ကို တွေ့ရှိရသည်။ မိမိတို့ပတ်ဝန်းကျင်တွင် မြင်တွေ့နိုင်သည့် အိမ်သုံးပစ္စည်းများ၊ အလှဆင်ပစ္စည်းများဖြစ်သည့် လက်ဝတ်ရတနာများ၊ လက်ကိုင်အိတ်များနှင့် ဖိမ်ခံပစ္စည်းများဖြစ်သည့် ဖုန်း၊ ကင်မရာ၊ i pad၊ မော်တော်ကား စသည့်ဒီဇိုင်းများကို မူပိုင်ခွင့်ချိုးဖောက်မှုများမှ ဟန့်တားနိုင်ရန်အတွက် ဒီဇိုင်းမူပိုင်ခွင့်ဖြင့် အကာအကွယ် ရယူထားရန် လိုအပ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ဖန်တီးသူများ၏အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရေး၊ ဒီဇိုင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးတို့အတွက် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်လည်း စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဥပဒေအာဏာ သက်ဝင်ခဲ့ပြီးဖြစ်သည်။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ လျှောက်ထားနိုင်ပြီဖြစ်သည်။

ဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ် ထုတ်ပြန်ထားသည့် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း လျှောက်လွှာပုံစံ (ID-1) ကို အသုံးပြု၍ လျှောက်လွှာတွင် ပါဝင်သည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားသည့်အခါ လျှောက်ထားသူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ခန့်အပ်၍သော် လည်းကောင်း လျှောက်ထားနိုင်သည်။ ကိုယ်စားလှယ်ဖြင့် လျှောက် ထားမည်ဆိုပါက ကိုယ်စားလှယ် ခန့်အပ်လွှာ ID-2 form ကို ပူးတွဲတင်ပြရမည်ဖြစ်သည်။ လျှောက်လွှာဖြည့်သွင်းရာတွင် လျှောက်ထားသူနှင့် ပတ်သက်သည့် အချက်အလက်များ၊ လျှောက်ထားလိုသည့် စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသည့် ဖော်ပြချက်များ၊ စက်မှုဒီဇိုင်း၏ အမျိုးအစားနှင့် အမျိုးအစားခွဲနံပါတ်များ၊ အသုံးပြုမည့် ဒီဇိုင်း၏ ထုတ်ကုန်အမည်များကို ပြည့်စုံစွာဖြည့်စွက်ပြီး သတ်မှတ်အခကြေးငွေများကိုလည်း ပေးသွင်းဆောင်ရွက်ရမည်ဖြစ်သည်။ အခကြေးငွေပေးသွင်းရာတွင်လည်း ဒီဇိုင်းအရေအတွက်ပေါ် မူတည်၍ ပေးသွင်းရမည်။

စက်မှုဒီဇိုင်း လျှောက်လွှာပုံစံများကို မူပိုင်ခွင့်ဦးစီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.ipd.gov.mm တွင် ရယူနိုင်သည်။ စက်မှုဒီဇိုင်းများကို မှတ်ပုံတင်လျှောက်ထားရာတွင် လျှောက်လွှာများကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားနိုင်ပြီး လျှောက်လွှာလက်ခံ ကောင်တာများသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည့်အပြင် အီလက်ထရောနစ်စနစ် (WIPOFile) ဖြင့်လည်း လျှောက်ထားနိုင်သည်။ လူကိုယ်တိုင် လာရောက်လျှောက်ထားမည်ဆိုပါက ရုံးအမှတ် ၅၂ (နေပြည်တော်)၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) နှင့် အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) တို့တွင် လာရောက် လျှောက်ထားနိုင်သည်။ အီလက်ထရောနစ်စနစ် (WIPOFile) ဖြင့် လျှောက်ထားမည်ဆိုပါက WIPO FILE User Account ရှိသည့် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သာလျှင် လျှောက်ထားနိုင်မည်ဖြစ်သည်။

လျှောက်ထားသူများသည် ကိုယ်စားလှယ်ဖြင့် လျှောက်ထားမည်ဆိုပါက မူပိုင်ခွင့်ဦးစီးဌာနက ဖွင့်လှစ်သည့် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းကို တက်ရောက်အောင်မြင်ပြီးသူဖြစ်ရန် လိုအပ်သည်။ ထို့အပြင် မူပိုင်ခွင့်ဦးစီးဌာနက စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိရာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများအနေဖြင့် အဆိုပါသင်တန်းကို တက်ရောက်နိုင်ပြီး တက်ရောက်အောင်မြင်ပြီးပါက စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်များကို လက်ခံစစ်ဆေးပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသော လျှောက်ထားချက်များကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အခြားသူများမှ ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးသွားမည်ဖြစ်သည့်အတွက် ဒီဇိုင်းဖန်တီးသူများ၊ ဒီဇိုင်းပိုင်ရှင်များအနေဖြင့် မှတ်ပုံတင်လက်မှတ်ရရှိပြီးပါက မိမိတို့၏ ဒီဇိုင်းများကို အခြားသူများမှ တုပခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း အန္တရာယ်များကို ဟန့်တားနိုင်မည့်အပြင် ချိုးဖောက်သူများကိုလည်း ထိရောက်စွာ အရေးယူနိုင်မည်ဖြစ်သည်။ ထို့အပြင် မိမိတို့၏ဒီဇိုင်းများကို စီးပွားရေးဈေးကွက်အတွင်း ယုံကြည်စိတ်ချမှုရှိစွာဖြင့် ရောင်းချနိုင်မည်ဖြစ်သည်။

> **ဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည့် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်း လျှောက်လွှာပုံစံ (ID-1) ကို အသုံးပြု၍ လျှောက်လွှာတွင် ပါဝင်သည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားရမည် ဖြစ်သည်။**

စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စက်မှုဒီဇိုင်း၏ မူပိုင်ခွင့်သက်တမ်းမှာ မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ ကနဦး ငါးနှစ်သက်တမ်းရရှိမည်ဖြစ်သည်။ မှတ်ပုံတင်သက်တမ်းကို တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် နှစ်ကြိမ်အထိ သက်တမ်းတိုးနိုင်ပြီး စုစုပေါင်း သက်တမ်း ၁၅ နှစ်ရရှိမည်ဖြစ်သည်။ ဒီဇိုင်းသက်တမ်းကို ငါးနှစ် နှစ်ကြိမ် သက်တမ်းတိုးနိုင်သည့်အတွက် ဒီဇိုင်းလျှောက်ထားသူများအနေဖြင့် မိမိတို့၏ ဒီဇိုင်းများကို လူကြိုက်များ ရောင်းချမှုအပေါ် မူတည်၍ သက်တမ်းတိုးနိုင်မည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များလည်း ရရှိခံစားနိုင်မည်ဖြစ်သည်။

မိမိ၏ ထုတ်ကုန်ဒီဇိုင်းများကို စက်မှုဒီဇိုင်းမူပိုင်ခွင့် အကာအကွယ်ရယူထားခြင်းဖြင့် ဒီဇိုင်းဖန်တီးသူများ၏ ဖန်တီးမှုလက်ရာများကို အခြားသူများ ခိုးယူတုပခြင်းတို့မှ အကာအကွယ်ပေးနိုင်ခြင်း၊ လှပဆန်းသစ်သော ဒီဇိုင်းသစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာနိုင်စေခြင်း၊ ဒီဇိုင်းဖန်တီးလိုစိတ်များ မြှင့်တင်ပေးနိုင်ခြင်းတို့အပြင် စီးပွားရေးနယ်ပယ်များတွင်လည်း မျှတသော ယှဉ်ပြိုင်ရောင်းဝယ်မှုများကိုလည်း ဖြစ်ပေါ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ထို့ကြောင့် ဒီဇိုင်ဖန်တီး သူများ၊ ဒီဇိုင်းပိုင်ရှင်များအနေဖြင့် မိမိတို့၏ စက်မှု သို့မဟုတ် လက်မှုဒီဇိုင်းများကို မူပိုင်ခွင့် အကာအကွယ်ယူထားသင့်ပါကြောင်းနှင့် မူပိုင်ခွင့်ဦးစီးဌာနမှ စက်မှုဒီဇိုင်း မှတ်ပုံတင် လျှောက်ထားချက်များကို ခွင့်ပြုပေးနိုင်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ စက်မှုဒီဇိုင်း မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ကြေညာချက်များ၊ အမိန့် ကြော်ငြာစာများ၊ လျှောက်လွှာပုံစံများ၊ အခကြေးငွေများ၊ လျှောက်ထားသူများအတွက် လမ်းညွှန်ချက်များကို မူပိုင်ခွင့်ဦးစီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.ipd.gov.mm တွင် အချိန်နှင့် တစ်ပြေးညီ လွှင့်တင်လျက်ရှိရာ စိတ်ပါဝင်စားသူများ၊ မူပိုင်ခွင့်ရယူ လျှောက်ထားလိုသူများအနေဖြင့် ဝင်ရောက်လေ့လာနိုင်သည်။

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ**
**မူပိုင်ခွင့်ဦးစီးဌာန**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံ့ရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ပြည်ခရိုင်အတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ

ဝေဝေမင်း(ပြည်)

မြန်မာနိုင်ငံသည် ယခုအခါတွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ အလေးထား ဆောင်ရွက်လျက်ရှိသည်။ မြို့ရွာများတွင် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် ဒေသထွက်ကုန်များအား တန်ဖိုးမြင့်ထုတ်လုပ်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ လုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရန်ပြုလုပ်ခြင်းဖြင့် မိမိတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်သလို ပြည်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ ရရှိနိုင်မည်ဖြစ်သည်။



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အနေဖြင့် MSME လုပ်ငန်းရှင် ၅၀ ကျော်ရှိပြီး ပြည်မြို့နယ်တွင် ၃၀ ဦးကျော်၊ ရွှေတောင်မြို့နယ်တွင် ၁၀ ဦးကျော်၊ ပန်းတောင်းမြို့နယ်တွင် နှစ်ဦး၊ ပေါက်ခေါင်းမြို့နယ်တွင် ၁၀ ဦးကျော်ရှိသည်။ ပြည်မြို့နယ်တွင် စားသောက်ကုန်လုပ်ငန်းများဖြစ်သော နွားနို့မှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန် နို့ဆီ၊ မလိုင်လုံး၊ မလိုင်ခဲ၊ ဒိန်ချဉ်လုပ်ငန်းများရှိသကဲ့သို့၊ သဘာဝသစ်သီးများဖြစ်သော ကတွတ်သီး၊ သရက်သီး၊ မရန်းသီး၊ ဆီးသီး၊ ချဉ်ပေါင်ဖူး စသည့် အသီးများအားယိုများပြုလုပ်၍ ရောင်းချခြင်းအပြင် ချဉ်ပေါင်ဖူးကို ဂျယ်လီ၊ ချဉ်ပေါင်ဖူးဖျော်ရည်များကို ထုတ်လုပ်ရောင်းချရန် တီထွင်စမ်းသပ်လျက်ရှိသည်။ ထို့ပြင် နာမည်ကျော်ကြားသော ထမင်းသုပ်လုပ်ငန်းများကို တစ်ဆင့်မြင့်တင်ပြီး အထုပ်များ ထုတ်လုပ်၍ ရောင်းချခြင်း၊ ရှားစောင်းလက်ပပ်ကို ယိုပြုလုပ်ခြင်း၊ မြေပဲယို၊ နှမ်းယိုများ ပြုလုပ်ခြင်း၊ ငရုတ်သီးအား အလှော်မှုန့်၊ အကြမ်းမှုန့်၊ အရောင်တင်မှုန့်များပြုလုပ်ခြင်း၊ ကုလားပဲကို ခွဲကြမ်းပြုလုပ်ပြီး ထိုမှတစ်ဆင့် ပဲမှုန့်၊ အကြော်မှုန့်များပြုလုပ်၍ရောင်းချခြင်း စသည့် လုပ်ငန်း များလုပ်ကိုင်ကြသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချိန်ကုန် လူပင်ပန်းသက်သာ စေရန်အတွက် လယ်ယာများတွင် အသုံးပြုရန် ကောက်စိုက်စက်၊ မြေဩဇာချစက်၊ ကြံစိုက်စက်များ ထုတ်လုပ်နိုင်သည့်အပြင် ပဲမျိုးစေ့ချစက်နှင့် မတ်ပဲရိတ်စက်များကို ထပ်မံထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လယ်ယာများတွင် စပါးနှင့် ပဲအထွက်နှုန်း ကောင်းမွန်ရန်အတွက် အသုံးပြုရန် သဘာဝမြေဩဇာများထုတ်လုပ်သည့် လုပ်ငန်းများလည်းရှိသည်။ လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သော ဆပ်ပြာဆီကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ထိုမှတစ်ဆင့် အသင့်သုံး ဆပ်ပြာဆီများ၊ ကိုယ်တိုက်ဆပ်ပြာများ၊ မျက်နှာသစ် ဆပ်ပြာများထုတ်လုပ်သော လုပ်ငန်းရှင်ပေါင်းလည်း များစွာရှိသည်။

ရွှေတောင်မြို့နယ်တွင် လူ့အသုံးအဆောင်ဖြစ်သော ဝတ်စားဆင်ယင်မှုအနေဖြင့် မြန်မာ့ရိုးရာ ချည်ထည်လုပ်ငန်းပေါင်းမြောက်မြားစွာရှိပြီး စည်းလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးခန့်ရှိကြောင်း သိရသည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါမှတစ်ဆင့် ဝါဂွမ်း၊ ဝါဂွမ်းမှတစ်ဆင့် ချည်ငင်ပြီး ချည်ထည်များကို ရက်လုပ် ရောင်းချသည့် စက်ရက်ကန်းများ၊ လက်ရက်ကန်းများမှ အဆင့်မြင့်ထုတ်ကုန် ၂/၁၀၀ချည်၊ ၂/၈၀ချည်များ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများရှိသလို စားသောက်ကုန်လုပ်ငန်းများအနေဖြင့် နာမည်ကြီး ရွှေတောင်ခေါက်ဆွဲ၊ ရွှေတောင်ထမင်းသုပ်များကို အသင့်စားသုံး၍ ရသလို တစ်ခါစားထမင်းသုပ်အထုပ်များအား အဆင့်မီ ပါကင်အထုပ်များထုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချသော လုပ်ငန်းများလည်းရှိသည်။ ထို့ပြင် အစာကြေဆေးများအဖြစ် ဆင်တုံးမန္တယ် ရှောက်ပေါင်း၊ ရှောက်တောင့်များပြုလုပ်၍ နယ်အနှံ့သို့ ဖြန့်ဖြူးရောင်းချခြင်းများရှိသည်။ လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သော ဝါးမှတစ်ဆင့် ဝါးကုလားထိုင်၊ ထန်းကုလားထိုင်များအပြင် တစ်နိုင်တစ်ပိုင် ခမောက်လုပ်ငန်းများ လုပ်ကိုင်သည့် လုပ်ငန်းများလည်းရှိသည်။

ပေါက်ခေါင်းမြို့နယ်သည် ကြံအများဆုံး စိုက်ပျိုးသော မြို့နယ်ဖြစ်သကဲ့သို့ ဝါသီးနှံ စိုက်ပျိုးခြင်း၊ နှမ်းနှင့် မြေပဲများကိုလည်း စိုက်ပျိုးသည့် မြို့နယ်ဖြစ်သည့်အတွက် ထိုသီးနှံများမှတစ်ဆင့် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင်များရှိသကဲ့သို့ အဝတ်အထည်လုပ်ငန်းများဖြစ်သော ရိုးရာချည်ထည်များကို ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများလည်းရှိသည်။ ကြံသီးနှံကို အခြေခံ၍ ကြံမှတစ်ဆင့် မြင့်ထုတ်ကုန်ဖြစ်သော သကြားအပြင် ကြံမွှ၊ မြေပဲကြံသကာ၊ မြေပဲယို၊ နှမ်းယို၊ မြေပဲ ဆားလှော်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသည်။

ထိုသို့ အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသော ပြည်ခရိုင်အတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်များကို အဆင့်မြင့်တင်ထုတ်လုပ်၍ ဈေးကွက်များ၊ ဈေးရောင်းပွဲတော်များတွင် ရောင်းချခြင်းဖြင့် ပြည်တွင်းဈေးကွက်သာမကဘဲ ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည်။ ထို့ပြင် စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်လာနိုင် မည် ဆိုပါက ပိုမိုအကျိုးအမြတ် ဖြစ်ထွန်းလာနိုင်ပြီး အမှိုက်ထဲမှ ရွှေဖြစ်လာမည်ဖြစ်သည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမြင့်မားခြင်း၊ လူနေမှုအဆင့်အတန်းများ တိုးတက်ကောင်းမွန်လာခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် နိုင်ငံခြားဝင်ငွေရရှိလာနိုင်ခြင်း စသည့် ကောင်းကျိုးများ ရရှိလာနိုင်မည်ဖြစ်သည်။

ယခင်က ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးမှုနိမ့်ကျခဲ့ရခြင်းမှာ တစ်ဦးချင်းဝင်ငွေ ရရှိမှုနည်းပါးခြင်းလည်းပါဝင်သည်။ ယခု အခါတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် လုပ်ငန်းစီမံကိန်းအသစ်များ တိုးချဲ့ပြုလုပ်လာနိုင်ကြသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖွံ့ဖြိုးတိုးတက် များပြားလာကြမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူလာကြရာမှ စီးပွားဖြစ်စိုက်ပျိုးမွေးမြူလာကြသဖြင့် ဝင်ငွေများ များပြားလာကြသည်။ ထို့အတူ စက်မှုလက်မှုလုပ်ငန်းများလည်း ပိုမိုထုတ်လုပ်လာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ရောင်းချနိုင်ခြင်းဖြင့်လည်း ဝင်ငွေများစွာရရှိလာကြသည်။ ထိုကဲ့သို့ တစ်ဦးချင်းဝင်ငွေများ များပြားလာပါက ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှု အဆင့်အတန်းများ မြင့်မားလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို အဆင့်မြင့်တင်ထုတ်လုပ်ခြင်းနှင့် စနစ်တကျထုပ်ပိုးနိုင်ပါက ပြည်ပနိုင်ငံများအထိ ဈေးကွက်ထိုးဖောက် ဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# သီရိမင်္ဂလာဈေးနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ကုန်ဈေးနှုန်းများ

**သစ်သီးဝလံ**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိဖြစ်ပေါ်ခဲ့သော မိတ္ထီလာမြို့မှ ဖရဲသီး ၂၁၁ အလုံးကြီး ကျပ် ၃၀၀၀၊ အလုံးလတ် ကျပ် ၂၅၀၀၊ အလုံးသေး ကျပ် ၂၀၀၀၊ မိတ္ထီလာမြို့မှ ဖရဲသီး (၈၅၅) အလုံးကြီး ကျပ် ၇၀၀၀၊ အလုံးလတ် ကျပ် ၆၀၀၀၊ အလုံးသေး ကျပ် ၅၀၀၀၊ တပ်ကုန်းမြို့မှ ဖရဲသီး (ဟီရာ) အလုံးကြီး ကျပ် ၃၀၀၀၊ အလုံးလတ် ကျပ် ၂၅၀၀၊ အလုံးသေး ကျပ် ၂၀၀၀၊ သီပေါမြို့မှ နာနတ်သီး အလုံးကြီး ကျပ် ၁၅၀၀၊ အလုံးလတ် ကျပ် ၁၃၀၀၊ အလုံးသေး ကျပ် ၁၀၀၀၊ ပြင်ဦးလွင်မှ နဂါးမောက်သီးတစ်ဖာ အလုံးကြီး ကျပ် ၃၀၀၀၀၊ အလုံးလတ် ကျပ် ၂၅၀၀၀၊ အလုံးသေး ကျပ် ၁၂၀၀၀၊ မော်လမြိုင်မှ ကျွဲကောသီး အလုံးကြီး ကျပ် ၆၀၀၀၊ အလုံးလတ် ကျပ် ၄၀၀၀၊ အလုံးသေး ကျပ် ၃၀၀၀၊ တောင်ငူမှ ဒူးရင်းသီး (မြန်မာ) အလုံးကြီး ကျပ် ၁၃၀၀၀၊ အလုံးလတ် ကျပ် ၁၀၀၀၀၊ အလုံးသေး ကျပ် ၇၀၀၀၊ ကလော မှ ပန်းသီး စက္ကူပုံးတစ်ပုံး အလုံးကြီး ကျပ် ၄၈၀၀၀၊ အလုံးသေး ကျပ် ၃၈၀၀၀၊ တိုက်ကြီးမှ မာလကာသီး အလုံးကြီး ကျပ် ၅၀၀၊ ရှမ်းပြည်မှ သရက်သီး(ရင်ကွဲ) အလုံးကြီး တစ်ခြင်း ၆၀ ပါ ကျပ် ၃၀၀၀၀၊ အလုံးလတ် ကျပ် ၂၅၀၀၀၊ အလုံးသေး ကျပ် ၂၀၀၀၀ ဈေးတို့ရှိကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

**ရေထွက်ကုန်ပစ္စည်း**

ဇူလိုင် ၃၀ ရက် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေထွက်ကုန်ပစ္စည်းများ၏ တစ်ပိဿာဈေးနှုန်းများမှာ ဖျာပုံရွှေပုစွန်ရှယ်မှာ ကျပ် ၁၅၀၀၀၀၊ ဖျာပုံရွှေပုစွန် ရိုးရိုး ကျပ် ၉၅၀၀၀၊ ဖျာပုံချိုကြီးရှယ် ကျပ် ၇၅၀၀၀၊ ဖျာပုံချိုကြီး ရိုးရိုး ကျပ် ၇၀၀၀၀၊ ဖျာပုံချိုသေးရှယ် ကျပ် ၄၈၀၀၀၊ ဖျာပုံချိုသေး ရိုးရိုးကျပ် ၃၀၀၀၀၊ မြိတ်ပုစွန်လတ် ကျပ် ၅၀၀၀၀၊ မြိတ်ပုစွန်ရိုးရိုး ကျပ် ၆၀၀၀၀၊ ရခိုင်ရွှေပုစွန်ရှယ်မှာ ကျပ် ၇၈၀၀၀၊ ရခိုင်ရွှေပုစွန် ရိုးရိုးကျပ် ၆၀၀၀၀၊ ရေချိုငါးခြောက်များဖြစ်ကြသော ငါးကျီးကြပ်တိုက်ကြီး ကျပ် ၇၀၀၀၀၊ ငါးကျည်းကြပ်တိုက်သေး ကျပ် ၆၀၀၀၀၊ ငါးမြွေထိုးကျပ် ၄၀၀၀၀၊ ငါးရံ့ခြောက်ကြီး ကျပ် ၆၀၀၀၀၊ ငါးရံ့ခြောက် လတ် ကျပ် ၅၅၀၀၀၊ ငါးရံ့လုံး ကျပ် ၄၅၀၀၀၊ ရေငန်ငါးခြောက်များဖြစ်ကြသော ကလိန် ကျပ် ၁၀၀၀၀၊ ငါးကွမ်းရှပ် ကျပ် ၄၀၀၀၀၊ ငါးတံခွန်မျှင်ကြီး ကျပ် ၁၂၀၀၀၊ ငါးတံခွန်လုံး ကျပ် ၇၅၀၀၊ ငါးနုပ်ချို ကျပ် ၁၂၀၀၀၊ ငါးပုပ်သင် တစ်ပိဿာ ကျပ် ၂၅၀၀၀၊ ငါးရောင်ကြီး ကျပ် ၅၀၀၀၀ ၊ ငါးရောင်လတ် ကျပ် ၃၃၀၀၀၊ ဆီငါးရောင် ကျပ် ၄၀၀၀၀၊ ငါးရွှေကြီး ကျပ် ၂၅၀၀၀၊ ငါးရွှေသေး ကျပ် ၁၀၀၀၀၊ ငါးမီးတံသွယ် ကျပ် ၇၀၀၀၊ ငါးဘူစီ ကျပ် ၇၀၀၀ ဈေးတို့ အသီးသီးရှိကြကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

**သဘာဝဒေသထွက်ကုန်**

ဇူလိုင် ၃၀ ရက် ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်သစ် တစ်ပိဿာ ဈေးနှုန်းများမှာ တောင်သာ၊ မလိုင်(ဖွဲ့)သစ် ကျပ် ၄၇၀၀ မှ ၄၇၅၀၊ ညောင်ဦးဆေးရှယ် (ထန်း) သစ် ကျပ် ၄၉၀၀ မှ အမြင့်ဈေး ကျပ် ၅၂၀၀၊ ညောင်ဦးဆေးရှယ် (ထန်းရော)သစ် ကျပ် ၄၂၀၀ မှ ၄၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၇၅၀ မှ ၄၈၀၀၊ ရေစကြို ထန်းလျက် ကျပ် ၅၈၅၀ မှ ကျပ် ၅၉၅၀၊ ကြံသကာ(သွပ်စ) ကျပ် ၃၁၀၀ မှ ၃၁၅၀၊ မန်ကျည်းသီးများဖြစ်သော မန်ကျည်းသီးပွင့် ကပ်(သစ်) ကျပ် ၃၄၀၀ မှ ၃၆၀၀၊ မန်ကျည်းသီး အသား(သစ်) ကျပ် ၅၅၀၀ မှ ၆၄၀၀ နှင့် ပြည်တွင်းသကြား တစ်ပိဿာ အနိမ့်ဆုံး ကျပ် ၄၇၀၀ မှ အမြင့်ဆုံး ကျပ် ၄၇၅၀ တို့အသီးသီးဖြစ်ကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

STDT (Yangon), West DOCA(ZYL)

# ဘိုးရင်းကုမ္ပဏီ လေယာဉ်အသစ်များကို အစီးရေ ၅၀ အထိ ဝယ်ယူသွားမည်




တောင်ကိုရီးယားနိုင်ငံရှိ ကိုရီးယားလေကြောင်းလိုင်း (Korean Air) သည် လေယာဉ်များ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရန်နှင့် ကုမ္ပဏီမှချမှတ်ထားသည့် ရေရှည်တည်တံ့မှုရည်မှန်း ချက်ပန်းတိုင်များ ရောက်ရှိစေရန်ရည်ရွယ်၍ Boeing ကုမ္ပဏီထုတ် လေယာဉ်အသစ်များကို အစီးရေ ၅၀ အထိ ဝယ်ယူသွားမည်ဖြစ်ကြောင်း လေကြောင်းလိုင်းကဏ္ဍမှ သုတေသီများက ပြောကြားခဲ့သည်။

ဗြိတန်နိုင်ငံတွင် လက်ရှိကျင်းပနေသော Farnborough International Airshow 2024 ကာလဖြစ်သည့် ဇူလိုင် ၂၂ ရက်တွင် Korean Air နှင့် Boeing ကုမ္ပဏီတို့သည် နားလည်မှု စာချွန်လွှာတစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ လက်မှတ်ရေးထိုးသည့်ပွဲသို့ Korean Air ၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Mr. Walter Cho နှင့် Boeing Commercial Airplanes ၏ CEO ဖြစ်သည့် Ms. Stephanie Pope တို့ တက်ရောက်ခဲ့ကြသည်။ နားလည်မှုစာချွန်လွှာအရ Korean Air onf Boeing 777-9 အစီးရေ ၂၀ စီး၊ Boeing 787-10 အစီးရေ ၁၀ စီးကို ဝယ်ယူရန် ကမ်းလှမ်းခဲ့ပြီး လိုအပ်လျှင် Boeing 787 Dreamliner အစီးရေ ၁၀ စီးကိုပါ ဝယ်ယူသွားမည်ဖြစ်သည်။

Boeing 777-9 နှင့် 787-10 လေယာဉ်များကို ထပ်မံဖြည့်စွက်ခြင်းသည် Korean Air ကို တိုးချဲ့၍ အဆင့်မြှင့်တင်မည့် မဟာဗျူဟာမြောက် ရည်မှန်းချက်တွင် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည်ဟု Korean Air ၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Mr. Walter Cho က ပြောကြားခဲ့သည်။

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံခြင်းသည် အကောင်းဆုံးလေယာဉ်စီးမှုအတွေ့အကြုံ (Best-in-Class Flying Experience) ကို ဖန်တီးပေးမည်ဆိုသည့် Korean Air ၏ ကတိကဝတ်ကို အလေးအနက်ထားဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လေယာဉ်သစ်များသည် ခရီးသည်များကို သက်သောင့်သက်သာရှိစေမည့်အပြင် လုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကိုလည်း သိသိသာသာ လျှော့ချပေးမည်ဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲမည့် လေကြောင်းလိုင်းဖြစ်စေရေး ကတိကဝတ်ကို အထောက်အပံ့ပေးခြင်းဖြစ်ကြောင်း Korean Air ၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Mr. Walter Cho က ပြောကြားခဲ့သည်။

Boeing Commercial Airplanes ၏ CEO ဖြစ်သည့် Ms. Stephanie Pope ကလည်း Korean Air သည် Boeing ကုမ္ပဏီမှ ထုတ်လုပ်သည့် အကြီးဆုံးနှင့် စွမ်းဆောင်ရည်အမြင့်ဆုံး လေယာဉ်များကို ရွေးချယ်ဝယ်ယူသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ ၎င်းလေယာဉ်များသည် Korean Air ၏ ရေရှည်တည်တံ့မှုရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိစေရေး အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

Boeing 777-9 သည် အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် အမေရိကန်ပြည်ထောင်စုရှိ နှစ်သက်ရာ လေဆိပ်များအကြား ကီလိုမီတာ ၁၃၀၀၀ ကျော်ကို တိုက်ရိုက်ပျံသန်းနိုင်ပြီး Boeing 787-10 သည် 787 အမျိုးအစားလေယာဉ်များအနက် အကြီးဆုံးဖြစ်သည်။

ထို့ပြင် ခရီးသည်နှင့် ကုန်စည်များကို Boeing 787-9 ထက် ၁၅ ရာခိုင်နှုန်းကျော် ပိုမိုသယ်ဆောင်နိုင်မည်ဖြစ်သည်။ အခြားသော အရွယ်အစားတူလေယာဉ်များထက် လောင်စာဆီသုံးစွဲမှုသက်သာသည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုသည်လည်း ၂၀ ရာခိုင်နှုန်းကျော် သက်သာမည်ဖြစ်သည်။

**Source: The Korea Herald (23-7-2024)**

**ပပ၊ စီးပွားရေးသံမှူး၊ တောင်ကိုရီးယားသမ္မတနိုင်ငံ။**

# ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှု ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၃ ဒသမ ၈ သန်းထိ ရှိနိုင်ကြောင်း Food and Agriculture Organization(FAO) ခန့်မှန်း

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ပြည်တွင်းစားသုံးမှု မြင့်တက်လာခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၃ဒသမ၈ သန်းထိ ရှိနိုင်ကြောင်း Food and Agriculuture Organization (FAO)မှ ခန့်မှန်းထားပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် ခန့်မှန်းထားရှိခဲ့သည့် ဆန်တင်သွင်းမှု မက်ထရစ်တန်ချိန် ၃ ဒသမ ၅ သန်း၏ ၈ ဒသမ ၅ ရာခိုင်နှုန်း ထိတိုးမြင့်ခန့်မှန်းထားခြင်းဖြစ်သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စားသုံးမှုသည် လက်ရှိထက် ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးမြင့်ပြီး ဆန်တန်ချိန် မက်ထရစ်တန် ၁၇ ဒသမ ၅ သန်းထိရှိနိုင်ကြောင်း United Nations Agency မှ ခန့်မှန်းထားကြောင်း ဖော်ပြပါရှိသည်။

ပြည်တွင်းဆန်ဈေးနှုန်းများ ကျဆင်းစေရန် ရည်ရွယ်ပြီး ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားအား ၁၅ရာခိုင်နှုန်းသို့ လျှော့ချခြင်းကို ၂၀၂၈ ခုနှစ်ထိ ဆက်လက်လျှော့ချပေးမည့် အမိန့်ကြော်ငြာစာအမှတ် ၆၂ အား သမ္မတမားကို့စ်မှ အတည်ပြုထုတ်ပြန်ခဲ့သည်။ အကောက်ခွန်နှုန်းထား အသစ်များအတွက် ပြန်လည်သုံးသပ်ခြင်းကို လေးလတစ်ကြိမ်ပြုလုပ်သွားမည်ဖြစ်သည်။

Bureau of Plant and Industry မှ ထုတ်ပြန်သည့် ကိန်းဂဏန်း အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ၂၀-၆-၂၀၂၄ ရက်အထိ မက်ထရစ်တန်ချိန် ၂ ဒသမ ၂၈ သန်း တင်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းစိုက်ပျိုးထွက်ရှိမှု Milled Rice သည် FAO မှ ခန့်မှန်းတွက်ချက်ထားသည့် မက်ထရစ်တန်ချိန် ၁၃ဒသမ၃ သန်းထက် တိုးမြင့်၍ ၁၃ ဒသမ ၃၇ သန်းထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်က Milled Rice မက်ထရစ်တန်ချိန် ၁၃ သန်းနှင့်ညီမျှသည့် Unmilled Rice မက်ထရစ်တန်ချိန် ၂၀ ဒသမ ၀၆ သန်း စိုက်ပျိုးထွက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ပြည်တွင်းစားသုံးမှု တရိပ်ရိပ် မြင့်တက်လာခြင်းကြောင့် ၂၀၃၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၅ ဒသမ ၁ သန်းထိ ရှိနိုင်ကြောင်းကိုလည်း Food and Agriculuture Organization -FAO မှ ခန့်မှန်းထားရှိပြီး အဆိုပါပမာဏသည် ကမ္ဘာ့စုစုပေါင်း ဆန်တင်သွင်းမှု၏ ၈ ရာခိုင်နှုန်းထိ ရှိကြောင်း၊ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ဆန်စားသုံးမှုသည် ၂၀၃၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁၃ ဒသမ ၉ သန်းထိ ရှိနိုင်ပြီး ကမ္ဘာ့စုစုပေါင်း ဆန်စားသုံးမှု၏ ၃ ရာခိုင်နှုန်းထိရှိနိုင်သည်ဟုလည်း ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

လူဦးရေများ တိုးမြင့်လာသဖြင့် ဆန်စားသုံးမှုမြင့်တက်လာခြင်းကြောင့် အာရှနိုင်ငံများ၏ ဆန်စားသုံးမှုသည် ခန့်မှန်းတွက်ချက်ခဲ့သည့်အတိုင်းပင် ၆၆ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပြီး လွန်ခဲ့သော ၁၀ စုနှစ်ကာလအတွင်း နှုန်းတူမြင့်တက်နေသောကြောင့် ကမ္ဘာ့စုစုပေါင်း ဆန်စားသုံးမှုသည်လည်း နှစ်စဉ် သုည ဒသမ ၉ ရာခိုင်နှုန်းထိ တိုးမြင့်လာနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းဆန်စိုက်ပျိုးထွက်ရှိမှုသည် Milled Rice မက်ထရစ်တန်ချိန် ၁၄ ဒသမ ၈ သန်းနှင့်ညီမျှသည့်ပမာဏထိ ထွက်ရှိနိုင်ကြောင်း FAO မှ ခန့်မှန်းထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ ပထမ ၆ လပတ်ကာလအတွင်း မက်ထရစ်တန်ချိန် ၂ ဒသမ ၂၈ သန်း တင်သွင်းခဲ့ပြီးဖြစ်သဖြင့် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်မည်ဆိုပါက ၂၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် ၂၀၂၄ ခုနှစ် ဇွန်လတစ်လတည်း ကြည့်မည်ဆိုပါက ၁၆၀၄၄၈ မက်ထရစ်တန်တင်သွင်းခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်မည်ဆိုပါက ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကိုတွေ့ရှိရပြီး အကြောင်းရင်းမှာ အစိုးရမှ ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းလျှော့ချပေးသည့် အမိန့်ကြော်ငြာစာ အမှတ် ၆၂ အား ဇွန်လက ထုတ်ပြန်ခဲ့သည့်အတွက် ဆန်တင်သွင်းသူများ၏ shipment delay များ ဖြစ်ပေါ်ခဲ့မှုကြောင့်ဖြစ်သည်။

လက်ရှိ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့နေသည့် နိုင်ငံများတွင် ဗီယက်နမ်နိုင်ငံသည် ထိပ်တန်းနိုင်ငံအဖြစ် ပထမနေရာတွင် ဆက်လက်ရပ်တည်နေပြီး ဆန်တင်သွင်းမှု စုစုပေါင်း၏ ၇၄ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထိုင်းနိုင်ငံမှ ဒုတိယနေရာ၊ ပါကစ္စတန်မှ တတိယနေရာနှင့် မြန်မာနိုင်ငံမှ စတုတ္ထနေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

အယ်လ်နီညိုနှင့်လာနီညာသက်ရောက်မှုများကြောင့် ပြည်တွင်းဆန်စိုက်ပျိုးထွက်ရှိမှုနှုန်းများ ကျဆင်းနိုင်သည့်အတွက် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှလည်း ပြည်တွင်းဆန်ကုန်သည်ကြီးများနှင့် ဆန်တိုးမြှင့်တင်သွင်းရန် သဘောတူညီမှုများရှိနေကြောင်း သိရသည်။

**ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့။**

**Source; https:// www.bworldonline.com/ economy/2024/07/04/606329/phl-rice-imports-seen-at-3-8-mmt-in-2025-**

# ၂၀၂၅ ခုနှစ်၌ ဆီအုန်းမှ ဇီဝလောင်စာ ထုတ်လုပ်မှုကို တိုးမြှင့်ရန် အင်ဒိုနီးရှားစီစဉ်

ကမ္ဘာ့စားအုန်းဆီ အများဆုံးထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီ ၃၅ ရာခိုင်နှုန်းခန့် (B35) ကို ဇီဝဒီဇယ်အဖြစ် ရောနှောအသုံးပြုလျက်ရှိရာမှ လာမည့် ၂၀၂၅ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်း (B40) အထိရောနှော၍ လောင်စာဆီအဖြစ် အသုံးပြုရန် စမ်းသပ်နေသည်ဟု အင်ဒိုနီးရှား စွမ်းအင်ဝန်ကြီးဌာနက ပြော ကြားကြောင်း The Edge Malaysia သတင်းဌာနက ဇူလိုင် ၂၄ ရက်တွင် ဖော်ပြထားသည်။

စားအုန်းဆီ ၃၅ ရာခိုင်နှုန်းခန့်ကို ဇီဝဒီဇယ်အဖြစ် ရောနှောအသုံးပြုခြင်းအစီအစဉ် B35 အရ ၂၀၂၄ ခုနှစ်တွင်သုံးစွဲရန်ခန့်မှန်းထားသည့် ပမာဏမှာ ကီလိုလီတာပေါင်း ၁၃ သန်းခန့်သာဖြစ်ပြီး B40 အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက လာမည့် ၂၀၂၅ ခုနှစ် တွင် ကီလိုလီတာပေါင်း ၁၆ သန်းအထိ လိုအပ်မည့်ပမာဏ တိုးမြှင့်နိုင်မည်ဟု စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း၊ B40 အစီအစဉ်အတွက် စမ်းသပ်အသုံးပြုမှုကာလကို ဒီဇင်ဘာလ၌ အပြီးသတ်လျက် အပြည့်အဝ အကောင်အထည်ဖော်ခြင်းကို ၂၀၂၅ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်နိုင်ရန် မျှော်လင့်ထားသည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ Ms. Eniya Listiani Dewi က ပြောကြားခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှား ဇီဝလောင်စာဆီ ထုတ်လုပ်သူများအသင်း (Indonesian Biofuel Producers Association-APROBI) မှ အထွေထွေအတွင်းရေးမှူး Mr. Ernest Gunawan က အင်ဒိုနီးရှား ဆီအုန်းလုပ်ငန်းနယ်ပယ်သည် တပ်ဆင်ထားသော စက်စွမ်းအားအရ လက်ရှိကာလတွင် ကီလိုလီတာပေါင်း ၁၈ သန်း ထုတ်ပေးလျက်ရှိရာမှ လာမည့်နှစ်တွင် စုစုပေါင်း ကီလိုလီတာ သန်း ၂၀ အထိ နှစ်စဉ် တိုးမြှင့်ထုတ်လုပ်နိုင်ဖွယ်ရှိသဖြင့် B40 အစီအစဉ်၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိကြောင်း၊ သို့သော် ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ကုန်ကြမ်းပစ္စည်း ပိုမိုလိုအပ်လာမည်ဖြစ်ကြောင်းဖြင့် ရိုက်တာ (Reuters) သတင်းဌာနသို့ ပြောဆိုထားသည်။

၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီ ထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၂ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်လျက် တန်ချိန် ၅၄ ဒသမ ၄ သန်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ဇီဝဒီဇယ်ထုတ်လုပ်ရေး လျာထားချက်အရ ပြည်တွင်း၌ စားအုန်းဆီအသုံးပြုမှု မြင့်တက်လာခြင်းကြောင့် တင်ပို့မှုအနေဖြင့် ၂ ဒသမ ၄၇ ရာခိုင်နှုန်းကျဆင်းလျက် တန်ချိန် ၂၉ ဒသမ၅ သန်းခန့်သာရှိနိုင်ကြောင်း ရေးသားဖော်ပြသည်။

အင်ဒိုနီးရှား စွမ်းအင်ဝန်ကြီးဌာနသည် စားအုန်းဆီ ၄၀ ရာခိုင်နှုန်းနှင့် ရောနှောထားသည့် ဇီဝဒီဇယ်ကို ယခုသီတင်းပတ် အစောပိုင်းတွင် ရထားများ၌ ပထမဆုံးအကြိမ် စမ်းသပ်အသုံးပြုခဲ့ကြောင်း၊ ထပ်မံ၍ စိုက်ပျိုးရေးသုံး စက်ယန္တရားများ၊ ဓာတ်အားပေးစက်ရုံများနှင့် သင်္ဘောများတွင် စားအုန်းဆီ ၄၀ ရာ ခိုင်နှုန်းနှင့် ရောနှောထားသည့် ဇီဝဒီဇယ် (B40) အား စမ်းသပ်အသုံးပြုရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Source: The Edge Malaysia, 24th July 2024**

**D Thi, DOCA**

# ဆန်တန်ချိန် ၈ ဒသမ ၂ သန်းအထိ တင်ပို့နိုင်မည်ဟု ထိုင်းအစိုးရ တိုးမြှင့်ခန့်မှန်း

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ အပါအဝင် အဓိကဈေးကွက်များမှ ဆန်ဝယ်လိုအား မြင့်တက်လာခြင်း၊ ပြည်တွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြင့်မားဖွယ်ရှိပြီး ဘတ်ငွေတန်ဖိုး ကျဆင်းလျက်ရှိခြင်း စသည့် အခြေအနေများအရ ထိုင်းနိုင်ငံ၏ ယခုနှစ်ဆန်တင်ပို့မှုမှာ ယခင်ခန့်မှန်းထားသည့် တန်ချိန် ၇ ဒသမ ၅ သန်းကို ကျော်လွန်လျက် တန်ချိန် ၈ ဒသမ ၂ သန်းအထိ တင်ပို့နိုင်ဖွယ်ရှိမည်ဟု ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ထိုသို့ ဆန်တင်ပို့နိုင်မည့် ပမာဏကို တိုးမြှင့်ခန့်မှန်းထားသော်လည်း ယခင်နှစ်၌ တင်ပို့ခဲ့သည့် ဆန်စုစုပေါင်း ပမာဏနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၅ ရာခိုင်နှုန်းခန့် လျော့နည်းနေဦးမည်ဖြစ်သည်။ ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကာလတွင် ဆန်တန်ချိန် ၅ ဒသမ ၀၈ သန်း တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် ၂၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဆန်တင်သွင်းသည့် နိုင်ငံများအနေဖြင့် ပြည်တွင်းစားသုံးရန်နှင့် အရန်ရိက္ခာသိုလှောင်ထားရှိရန်အတွက် ဆန်တင်သွင်းရန် ဆန္ဒရှိနေကြကြောင်း၊ ဈေးနှုန်းများကြီးမြင့်မှုနှင့် ရာသီဥတုခြောက်သွေ့သည့် ဒဏ်၏ သက်ရောက်မှုတို့မှ လျော့ပါးသက်သာစေရေးအတွက် ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အနေဖြင့် ဆန်ဆက်လက် တင်သွင်းသင့်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

ထိုင်းပြည်ပကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat က ၂၀၂၄ ခုနှစ် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်ကထက် ၅ ဒသမ ၇၅ ရာခိုင်နှုန်းခန့် တိုးတက်ဖွယ်ရှိသည်ဟု သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောဆိုခဲ့သည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုမှာ လျော့နည်းလာခဲ့ပြီး ယခုနှစ် နောက်ဆုံးသုံးလပတ်တွင် ဆန်စပါးထွက်ရှိမှုမှာ မြင့်မားနိုင်မည်ဟု ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မျှော်လင့်ထားသည်။

ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်တွင် တင်ပို့ရန် ရည်မှန်းထားသော ဆန်တန်ချိန် ရှစ်သန်းကို ကျော်လွန်လျက် ဆန်တန်ချိန် ၈ ဒသမ ၇၇ သန်းတင်ပို့နိုင်ခဲ့ရာ ၂၀၂၂ ခုနှစ်ကထက် ၁၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

**Source: Bangkok Post, 30 July 2024**

**UNAL, DOCA**

# ဝယ်လိုအားများ မြင့်တက်လာခြင်းကြောင့် အိန္ဒိယမှ ဘာစမာတီဆန်များ တင်ပို့မှု တိုးမြင့်လာ

အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်၏ နှစ်လအတွင်း ဆော်ဒီအာရေဗျနှင့် အီရတ်တို့ကဲ့သို့သော အနောက်အာရှမှ ဝယ်လိုအားများ တိုးမြင့်လာခြင်းကြောင့် ၁၃ ရာခိုင်နှုန်းခန့် တင်ပို့မှုများ တိုးမြင့်လာခဲ့သည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် ဆန်တန်ချိန် ဒသမ ၁၈ သိန်းကျော်ဖြင့် ဝယ်လိုအား အများဆုံးနိုင်ငံဖြစ်ပြီး လွန်ခဲ့သည့်နှစ်က ဝယ်ယူတင်သွင်းခဲ့သည့် ဆန်တန်ချိန် ၁ ဒသမ ၅၄ သိန်းထက် ၄၁ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်သည်။ ငွေတန်ဖိုးအရ အိန္ဒိယမှ ဆော်ဒီအာရေးဗီးယားသို့ တင်ပို့မှုသည် လွန်ခဲ့သည့်နှစ်က တန်ဖိုးဒေါ်လာ ၁၇၇ သန်းသို့ ၁၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။

အလားတူပင် ဒုတိယအများဆုံး ဝယ်ယူသော အီရတ်နိုင်ငံသို့ ဘာစမာတီဆန်များ တင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၅၇ သိန်းရှိပြီး ယခင်နှစ်ကထက် ၂၇ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ငွေတန်ဖိုးအားဖြင့် လွန်ခဲ့သောနှစ်၏ အလားတူကာလက အီရတ်သို့တင်ပို့ခဲ့သော တန်ဖိုး ဒေါ်လာ ၁၃၀ဒသမ၈၄ သန်းမှ ဒေါ်လာ ၁၆၁ ဒသမ ၇၂ သန်းသို့ ၂၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

အီရန်နိုင်ငံမှာ အိန္ဒိယနိုင်ငံမှ တတိယအများဆုံးဝယ်ယူသော နိုင်ငံဖြစ်သည်။ သို့သော် အီရန်နိုင်ငံသို့ တင်ပို့မှုမှာ လွန်ခဲ့သောနှစ်ကတင်ပို့ခဲ့သော ဆန်တန်ချိန် ၁ ဒသမ ၅၃ သိန်းမှ ၁ ဒသမ ၁၆ သိန်းသို့ ၂၄ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။ တန်ဖိုးအားဖြင့် အီရန်သို့ ဘာစမာတီဆန်တင်ပို့မှုသည် ဒေါ်လာ ၁၅၅ သန်းမှ ဒေါ်လာ ၁၁၅ ဒသမ ၅၃ သန်းသို့ ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။

အမေရိကန်နိုင်ငံမှာ စတုတ္ထအများဆုံးဝယ်ယူသော နိုင်ငံဖြစ်ပြီး ဆန်တန်ချိန် ၄၆၅၆၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။ တန်ဖိုးအားဖြင့် ဒေါ်လာ ၄၁ ဒသမ ၄၇ သန်းမှ ဒေါ်လာ သန်း ၆၀ သို့ ၄၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘာစမာတီဆန် အများဆုံးထုတ်လုပ်တင်ပို့သော နိုင်ငံဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဘာစမာတီဆန်များတင်ပို့မှုသည် တန်ချိန် ၅ ဒသမ ၂၄ သန်းအထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ပမာဏအားဖြင့် ၁၅ ရာခိုင်နှုန်း တိုးလာပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၅ ဒသမ ၈၃ ဘီလီယံကျော် လွန်ခဲ့သည်။ အနောက်အာရှနိုင်ငံများသည် အိန္ဒိယ၏ ဘာစမာတီဆန်ကို အများဆုံးဝယ်ယူသော နိုင်ငံများဖြစ်ပြီး တင်ပို့ရောင်းချမှု၏ သုံးပုံတစ်ပုံခန့်ရှိသည်။

**Source: thehinduburinessline**

**ဟန်ကိုကျော် (DOCA Yangon)**

# တရုတ် လျှပ်စစ်ကားကုမ္ပဏီ GAC AION ထိုင်းနိုင်ငံတွင် စက်ရုံဖွင့်လှစ်

GAC Group ၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် တရုတ်လျှပ်စစ်ကားထုတ်လုပ်သည့် GAC Aion သည် ထိုင်းနိုင်ငံတွင် ပထမဆုံးစက်ရုံကို ဖွင့်လှစ်ခဲ့ပြီး လျင်မြန်စွာကြီးထွားလာသည့် လျှပ်စစ်ကားဈေးကွက်အတွက် ဒေသအတွင်း အဓိကတင်ပို့ရာနှင့် တပ်ဆင်ရာ အချက်အချာနေရာအဖြစ် အသုံးပြုသွားမည်ဟု သိရသည်။

GAC Group ၏ ဥက္ကဋ္ဌ Zeng Qinghong က ၎င်းတို့သည် ထိုင်းနိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်မှုကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံကို အရှေ့တောင်အာရှ၏ လျှပ်စစ်ကားစက်မှုလုပ်ငန်း ဗဟိုချက်အဖြစ် မြှင့်တင်သွားမည်ဟု ပြောကြားခဲ့သည်။ စက်ရုံကို ဘန်ကောက်မြို့ အရှေ့ဘက် ၁၁၂ မိုင်အကွာရှိ Rayong စီရင်စုရှိ စက်မှုဇုန်တွင် တည်ဆောက်ထားကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် ဆယ်စုနှစ်များစွာတိုင်အောင် ဒေသတွင်းကားထုတ်လုပ်ရာ အချက်အခြာဖြစ်ခဲ့ပြီး ဂျပန်ကားထုတ်လုပ်သည့် Toyota Motor နှင့် Isuzu Motor တို့က လွှမ်းမိုးထားကြောင်း သိရသည်။ သို့သော် တရုတ်




လျှပ်စစ်ကားထုတ်လုပ်သူများ၏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်းသည် ဂျပန်ကုမ္ပဏီများကို စိန်ခေါ်လျက်ရှိပြီး ထိုင်းနိုင်ငံမှ သုံးစွဲသူများကလည်း အစိုးရ၏ ထောက်ပံ့မှု၊ အခွန်သက်သာခွင့်တို့ကြောင့် လျှပ်စစ်များကို လျင်မြန်စွာ အစားထိုးသုံးစွဲလာကြောင်း သိရသည်။

ထိုင်းအစိုးရကလည်း ၂၀၃၀ ပြည့်နှစ်တွင် ၎င်းတို့၏ နှစ်စဉ်ကားထုတ်လုပ်မှုပမာဏ ၂ ဒသမ ၅ သန်း၏ ၃၀ ရာခိုင်နှုန်းကို လျှပ်စစ်ကားများဖြစ်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။ GAC Aion ၏ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၃ သန်း ရင်းနှီးထားသည့် စက်ရုံသည် နှစ်စဉ် ကားအစီးရေ ၅၀၀၀၀ ထုတ် လုပ်နိုင်စွမ်းရှိကြောင်း ထိုင်းနိုင်ငံ စက်မှုဝန်ကြီးက ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

GAC Aion ၏ အရှေ့ တောင်အာရှ မန်နေဂျင်းဒါရိုက်တာ Ma Haiyang က ၎င်းတို့သည် အလေအလွင့်နည်းပါးရန်နှင့် ကုန်ကျစရိတ် လျှော့ချရန် AI နည်းပညာအသုံးပြု၍ လျင်မြန်စွာ ထုတ်လုပ်သွားမည်ဟု ပြောကြားခဲ့သည်။

**Source: Bangkok Post, မြသူ (DOCA Yangon)**


Perkins
Shwe Ein Machinery
Reliable and cost-effective way of
meeting your power generation needs
Telecom gensets with 4 years extended warranty
Shwe Ein Machinery Limited
No.20, Myaing Hay Wun Lane, Industrial Zone, Thaketa Township, Yangon, Myanmar
Ph : 09 777 049 522, 09 777 049 530, 09 777 049 532
Mail | PerkinsMyanmar@sem.com.mm Web | sem.com.mm

# Infinity Speed Lucky Co., Ltd

ISL Logistics

DOOR TO DOOR WORLD WIDE SERVICE







Bld (67), 8th floor, Yonegyi Street, Kyimyindaing Tsp, Yangon.
Ph : 09965155012, 09893456889, 09269313336, 09406736819
Email : aung@islgroups.com, Webside : www.islgroups.com

MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.

L-3, Shwe Zabe Housing,
Bayint Naung Road,
Kamayut Township,
Yangon, Myanmar.

Tel : +95-1-535571
Fax : +95-1-535571
E-mail:mkkwhalelogistics2012@gmail.com
thetthetwin.ygn@gmail.com



SHWE HTAY MIN

# KLIRE ANTACID

## Anaesthetic Antacid




လေပြည်သနပ်များပြေးရှင်းဖို့
KLIRE ANTACID ကိုသောက်ကြစို့

*Quality Medicines . . . You Can Always Trust*

K I L

## KUMAR INTERNATIONAL LIMITED

- Pharmaceutical Distribution
- Industrial Raw Material Supply
- Import: Animal Feed
- Export: Beans & Pulses

Add : No.561, Merchant Street, #402 MAC Tower,
Kyauktada Township, Yangon Redion.
Ph : 01 8242383, 01 8243762, 01 8248154
09 780995897, 09 420191563, 09 250354561
Email : kumar2010@gmail.com




# IPO အခြေခံ သဘောတရားများ (၂)

(ယခင်လမှအဆက်)

### စတော့သည် ငွေသားကဲ့သို့ အသုံးဝင်

အများပိုင်ကုမ္ပဏီများ၏ ရှယ်ယာများသည် ငွေသားနှင့် အများအားဖြင့် ဆင်တူသည်။ သို့အတွက် အခြားကုမ္ပဏီများကို ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်းများပြုရာတွင် စတော့ဖြင့်ပေးချေနိုင်သည်။ ကုမ္ပဏီ၏ စတော့ဈေးနှုန်းများ မြင့်တက်နေသည့်အချိန်များတွင် ပိုမို၍အလုပ်ဖြစ်မည်။ တစ်နည်းအားဖြင့် ကုမ္ပဏီတစ်ခုကို ဈေးချိုချိုဖြင့် ဝယ်ယူနိုင်သည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။ သို့သော်လည်း အကန့်အသတ်များရှိနေသည်။ ဥပမာ-ဝယ်ယူသူသည် အဝယ်ခံရမည့်ကုမ္ပဏီ၏ အုပ်ချုပ်ရေးအဖွဲ့ကို တစ်နှစ်သို့မဟုတ် တစ်နှစ်ထက်ပို၍ ဆက်လက်ထားရှိခြင်းဖြစ်သည်။ ထို့အတွက် မန်နေဂျာများအနေနှင့် ဆွဲဆောင်မှု ပိုမိုရရှိစေကာ ကုမ္ပဏီ၏ တန်ဖိုးကိုလည်း ပိုမိုမြင့်တက်စေမည်ဖြစ်သည်။

### ရင်းနှီးမြှုပ်နှံသူများအတွက် ငွေဖြစ်လွယ်မှု

ရှားပါးသည့်ဖြစ်ရပ်မှအပ ကုမ္ပဏီတစ်ခု အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲရာတွင် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူ (Institutional Investors) များဖြစ်ကြသည့် Private Equity Fund များ၊ Venture Capital Fund များ၊ Mutual Fund များက အဆင်သင့် စောင့်ကြိုနေမြဲဖြစ်သည်။ ၎င်းအဖွဲ့တို့သည် ရင်းနှီးမြှုပ်နှံမှုများကို ၅ နှစ်မှ ၁၀ နှစ်အထိကိုင်ဆောင်ကာ အဆုံးတွင် ပြန်လည်ထုတ်ရောင်းလိုကြသည်။ အချို့ကိစ္စများတွင် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများအနေနှင့် Registration Right ရရှိကြသည်။ အဓိပ္ပာယ်မှာ ၎င်းတို့သည် အခြေခံအားဖြင့် ကုမ္ပဏီအား အများပိုင်အဖြစ် ပြောင်းလဲရန် တွန်းအားပေးနိုင်ခွင့်ရှိခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ကုမ္ပဏီများသည် ၎င်းတို့ပိုင်ဆိုင်သည့် ရှယ်ယာအချိုးအစား အနည်းငယ် (ဥပမာ 2% ၊ 5% ) သာ IPO ထုတ်ရောင်းပြီး အများစုကို Founder များက ကိုင်ထားလေ့ရှိသည်။ ဤသို့လုပ်ခြင်းဖြင့် Supply side ကို ကန့်သတ်ထားကာ ရှယ်ယာဈေးနှုန်းမြင့်တက်ရန် တွန်းအားကို ဖြစ်စေသည်။ Private Equity Fund များ ငွေပြန်ဖော်သည့်အချိန်တွင် IPO နည်းလမ်းကို အသုံးပြုကာ ရောင်းထုတ်လိုခြင်းကြောင့် ကုမ္ပဏီကို အများပိုင်အဖြစ်ပြောင်းကာ စတော့ဈေးကွက်မှတစ်ဆင့် ထွက်ခွာခွင့်ပြုခြင်းဖြစ်သည်။

### IPO လုပ်ငန်းစဉ်တွင် ပါဝင်သည့် ဇာတ်ကောင်များ

**Angel Investors and Venture Capitalists ။။** အိုင်ပီအို လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းမပြုမီ ကုမ္ပဏီတစ်ခုသည် မိမိအား ငွေကြေးထောက်ပံ့မှုပြုလုပ်မည့်သူများကို ရှာဖွေရန်လိုအပ်သည်။ ကနဦးအဆင့်တွင် ကုမ္ပဏီသည် ငွေကြေးအရင်းအနှီးကို သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် Angel များထံမှ ရှာဖွေလေ့ရှိသည်။ Angel Investor ဆိုသည်မှာ ငွေကြေးကြွယ်ဝချမ်းသာသည့်

## ထွန်းသက်ထွန်း

တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများဖြစ်ပြီး စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို ထည့်ဝင်ပေးခြင်းဖြစ်သည်။ အပြန်အလှန်အားဖြင့် ထည့်ဝင်ထားသည့် ငွေကြေးအတွက် စတော့ရှယ်ယာအဖြစ် ပြောင်းလဲနိုင်သည့် ချေးငွေများ (သို့မဟုတ်) ရှယ်ယာအိကွိတီများကို ရယူလေ့ရှိသည်။

နောက်ပိုင်းတွင် ကုမ္ပဏီသည် ရင်းနှီးငွေ အများအပြားထပ်မံလိုအပ်လာမည်ဖြစ်သည်။ ရရှိနိုင်သည့်နေရာမှာ Venture Capital (VC) အဖွဲ့များထံမှဖြစ်သည်။ VC တို့သည် အလားအလာကောင်းမွန်သည့် ကုမ္ပဏီများသို့ ငွေကြေးထည့်ဝင်လေ့ရှိသည်။ ၎င်းတို့သည် အစောပိုင်းတွင် ဒေါ်လာ ၅ သန်းမှ ၁၀ သန်းအထိ စတင်ထည့်ဝင်လေ့ရှိပြီး နောက်ပိုင်းတွင် သန်း ၁၀၀ ကျော်အထိ ထည့်ဝင်လေ့ရှိသည်။ ငွေအများစုသည် ကုမ္ပဏီ၏ ဘဏ္ဍာတိုက်သို့ ရောက်ရှိသွားသည်။ သို့သော် ကုမ္ပဏီတိုးတက်ကြီးပွားလာသည်နှင့်အတူ တည်ထောင်သူများသည်လည်း ဆုကြေးငွေများရရှိနိုင်သည်။ VC တို့သည် ကုမ္ပဏီသို့ ငွေချည်းပဲ ယူဆောင်လာခြင်းမဟုတ်ဘဲ လုပ်ငန်းအတွက် ကျွမ်းကျင်သည့် အမှုဆောင်များ ငှားရမ်းပေးခြင်း၊ ဖောက်သည်များ ရှာဖွေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသည်။ သို့အတွက် IPO ရှယ်ယာများကို ဝယ်ယူရာတွင် VC ကျောထောက်နောက်ခံပြုထားသည့် ကုမ္ပဏီများကို ရွေးချယ်ခြင်းသည် အကြံကောင်းတစ်ခုဖြစ်သည်။

**Strategic Investors ။ ။** ကော်ပိုရေးရှင်းကြီးများသည် အများအားဖြင့် IPO မသွားရသေးသည့် ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံလေ့ရှိသည်။ အချို့သောကုမ္ပဏီကြီးများတွင် ကိုယ်ပိုင် VC လုပ်ငန်းခွဲများပင် ထားရှိကြသည်။ အထူးသဖြင့် Intel နှင့် SAP တို့ဖြစ်ကြသည်။ အဆိုပါကုမ္ပဏီများကို Strategic Investor ဟု ခေါ်ဆိုသည်။ စင်စစ် ယင်းကုမ္ပဏီများသည် ၎င်းတို့၏ ထည့်ဝင်ထားသည့် ငွေအပေါ်ပြန်ရနှုန်းကို အဓိက ထည့်သွင်းစဉ်းစားသည်မဟုတ်ဘဲ အခြားအကြောင်းရင်းများအပေါ် အခြေခံလေ့ရှိသည်။ နည်းပညာအသစ်များ လျင်မြန်စွာ ပြောင်းလဲနေသည့်ခေတ်ကြီးတွင် ကုမ္ပဏီကြီးများအနေနှင့် အသစ်တီထွင်မှုများလျင်မြန်စွာပြုလုပ်ရန် လွန်စွာခက်ခဲသည်။ ပြင်းထန်သည့် အမြန်နှုန်းဖြင့်တီထွင်သူများဟု ခေါ်ဆိုသည့် ကနဦးတည်ထောင်စ ကုမ္ပဏီများတွင် ပါဝင်ရင်းနှီးမြှုပ်နှံခြင်းသည် ကုမ္ပဏီကြီးများအတွက် အဖြေတစ်ခုဖြစ်သည်။ စတင်တည်ထောင်စ ကုမ္ပဏီငယ်လေးများတွင် အားသာချက်များရှိသည်။ ယင်းမှာ လုပ်ငန်း၏ အတားအဆီးဖြစ်သည့် ဗျူရိုကရေစီစနစ်မရှိခြင်းနှင့် ထုတ်ကုန်တစ်ခုကို အာရုံစူးစိုက် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

အချို့သောလုပ်ငန်းအမျိုးအစားများမှာ Strategic Investor များ၏အခန်းကဏ္ဍမှ အခရာကျသည်။ အထူးသဖြင့် ဘိုင်အိုနည်းပညာလုပ်ငန်းများဖြစ်သည်။ အဆိုပါကုမ္ပဏီများသည် များပြားလှသည့်ရင်းနှီးငွေများ လိုအပ်သလို ၎င်းတို့၏ ဆေးဝါးများကို ဖြန့်ချိရန် ကြီးမားသည့် ဖြန့်ချိရေး ပလက်ဖောင်းတစ်ခုလည်း လိုအပ်သည်။

**Auditor ။ ။** IPO အစီအစဉ်တွင် စာရင်းစစ်များ ပါဝင်ရခြင်း၏ အကြောင်းရင်းမှာ ကုမ္ပဏီ၏ ဘဏ္ဍာရေး စာရင်းရှင်းတမ်းများကို တိကျမှန်ကန်စေရေးအတွက်ဖြစ်သည်။ စာရင်းကိုင် တစ်ယောက်၏ စိစစ်သရုပ်ခွဲမှုသည် ကုမ္ပဏီတစ်ခုအနေနှင့် ယေဘူယျလက်ခံကျင့်သုံးနေသည့် စာရင်းကိုင်နည်းစနစ်များကို လိုက်နာကျင့်သုံးနေကြောင်း သေချာစေသည်။ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှုများကို ကာကွယ်ရန်အတွက် ကုမ္ပဏီ၏ စာရင်းကိုင်သည် လွတ်လပ်သည့် စာရင်းကိုင်တစ်ဦးဖြစ်ရန် လိုအပ်သည်။ စာရင်းကိုင်များသည် IPO သွားလိုသည့်ကုမ္ပဏီများအတွက် ဘဏ္ဍာရေးအစီရင်ခံစာများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SEC) ၏ လို အပ်ချက်နှင့်အညီ ပြုစုပေးရသည်။ ထို့အတူ ကုမ္ပဏီရှယ်ယာများကို တာဝန်ခံဖြန့်ချိပေးမည့် underwriter များအတွက် Comfort Letter များကိုလည်း ပြုစုပေးရသည်။ အတွေ့အကြုံ ရင့်ကျက်ပြီး အများက လေးစားယုံကြည်ရသည့် စာရင်းစစ်တစ်ဦးရှိရန်အရေးကြီးသည်။ အကယ်၍စာရင်းစစ်က လွဲမှားစွာဆောင်ရွက်ထားပါက SEC ၏မေးမြန်းမှုများကြောင့် IPO ခရီးစဉ် နှောင့်နှေးနိုင်သည်။

**Attorneys ။ ။** IPO လုပ်ငန်းစဉ်ကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာ စည်းမျဉ်းထိန်းကျောင်းသည့် အဖွဲ့များမှ ချမှတ်ထားသည့် များပြားလှစွာသော ဥပဒေကြောင်းများနှင့် ထုတ်ဖော်ကြေညာချက်များ ဆောင်ရွက်ရန်အတွက် ရှေ့နေအဖွဲ့တစ်ဖွဲ့ လိုအပ်သည်။ အရည်အချင်းပြည့်ဝသည့် ဥပဒေအကြံပေးများသည် IPO လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သည်။ မှားယွင်းသည့် အကြံဉာဏ်များပေးမိပါက IPO လုပ်ငန်းတွင် ကြီးမားသည့်ဒုက္ခ တွေ့ရတတ်သည်။ ရှေ့နေအဖွဲ့၏ တာဝန်မှာ ကုမ္ပဏီ၏ လက်ရှိစာချုပ်စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ ကုမ္ပဏီစည်းမျဉ်းနှင့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဝန်ထမ်းများ စတော့ပိုင်ဆိုင်ရေးအစီအစဉ်များ ရေးဆွဲခြင်း၊ အရင်းအနှီးတည်ဆောက်ပုံကို ပြင်ဆင်ညှိနှိုင်းခြင်း စသည်တို့ကိုဆောင်ရွက်ပေးရသည်။ ရှေ့နေအဖွဲ့သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် SEC မှ တာဝန် ရှိသူများနှင့်တွေ့ဆုံကာ စာရင်းဝင်မည့် အထောက်အထားများကို ပြန်လည်သုံးသပ်ခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့သို့ အများပြည်သူသို့ ချပြရန်လိုသည့် အချက်များ၊ မလိုသည့် အချက်များကို အကြံပေးခြင်းတို့ကိုဆောင်ရွက်သည်။ အချို့သော ကိစ္စရပ်များတွင် ကုမ္ပဏီစတင်တည်ထောင်ကတည်းကပင် အဆိုပါရှေ့နေအဖွဲ့ကို သစ္စာရှိစွာ အသုံးပြုကြသည်။ ရှေ့နေများသည် ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းများနှင့် အလွန်ရင်းနှီးသော်လည်း ၎င်းတို့ထံတွင် IPO နှင့်ပတ်သက်သည့် အတွေ့အကြုံမရှိသည့်အခါမျိုးတွင် ပြဿနာရှိနိုင်သည်။

**Ref: Investment Guidebook**

# SEVEN STARS

## Shipping and General Services Co., Ltd.





Seven Star Shipping and General Service Co.,Ltd.
Building-A, Room-805, 8th Floor Mahar Nawarat Condo.
51st Street, Between Marchant Road & Mahar Bandula Road,
Botahtaung Tsp, Yangon.
Ph: + 959 426043656, +959 784597920
Email: 7star@7starship.com
Wabsite : http://www.7starship,com/online-application-form/
Fb: Seven Stars Shipping

## တိုးတက်အောင် အထွေထွေရောင်းဝယ်ရေး



စိုက်ပျိုးရေးသုံးစနကာလိပ်များ



စကာပြာလိပ်များ



ပလပ်စတစ်ဖြူကြည်လိပ်နှင့် မိုးကာလိပ်များ



ကော်ဇောလိပ်များ



ဖယောင်းပုဆိုးလိပ်များ



ပိနံအိတ်များ

လိပ်စာ – အမှတ် (၂၆)၊ သရက်တော(၁)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

☎ - 09-796891111, 09-973077038, 09750488889


OXY
ခန့်ညားလန်းဆန်း
သဘာဝအစွမ်း
OXY PERFECT WASH
OXY DEEP WASH
OXY TOTAL
NEVER SAY NEVER
ROHTO
Rohto-Mentholatum (Myanmar) Co., Ltd.
Room (1002, 1003), 10th Floor, M Tower, Pyay Road, Kamayut Township, Yangon.
09 959537374, 09798458487
www.facebook.com/oxymyanmar
www.rohto.com.mm


メラノCC
Melano CC
Pure
Vitamin
C
နေ့သစ်တိုင်းလှပနေစေဖို့
Melano CC
No. 1 In Japan
NEVER SAY NEVER
ROHTO
Rohto-Mentholatum (Myanmar) Co., Ltd.
Room (1002, 1003) 10th Floor, M Tower, Pyay Road, Kamayut Township, Yangon.
09 959537374, 09 798458487
MelanoCCMyanmar
www.rohto.com.mm
for more info, scan here !!

COMMERCE
INTERNATIONAL

# တရုတ်-တောင်အာရှ ကုန်စည်ပြပွဲက ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ကူမင်းမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ် ပြသခဲ့သည့် ရှစ်ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် လာရောက်သူ ၂၀၀၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း ဩဂုတ် ၂ ရက်က ဆင်ဟွာသတင်းတစ်ရပ်၏ ရေးသားဖော်ပြချက်အရ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြသခဲ့သည့် အဆိုပါ ရှစ်ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲတွင် ဝင်ရောက်ပြသသူ ထက်ဝက်နီးပါးခန့်သည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသမှ ကုမ္ပဏီများဖြစ်ကြောင်း သိရသည်။




ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်အထိ ပြသခဲ့သည့် ရှစ်ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် ဗိသုကာနည်းပညာများ၊ ကုန်ထုတ်လုပ်မှုများ၊ အစိမ်းရောင်စွမ်းအင်နှင့် ခေတ်မီစိုက်ပျိုးရေး စသည်တို့အပါအဝင် အဓိကကျသော အခန်းကဏ္ဍများဖြင့် ပြခန်းအမျိုးအစားပေါင်း ၁၅ ခုဖြင့် ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကော်ဖီလုပ်ငန်းတစ်ခုကလည်း ပထမဆုံးအကြိမ်အဖြစ် ပြခန်းတစ်ခု ဝင်ရောက်ပြသခဲ့ရာ တရုတ်၏ ပထမတန်းစား ကော်ဖီထုတ်လုပ်သည့် ယူနန်ပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုအနေအထားကို ပြသလိုက်ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ ရှစ်ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် ကုမ္ပဏီပေါင်း ၁၆၀ ကျော်က ၎င်းတို့၏ ထုတ်ကုန်များကို ပြသခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို ၂၀၁၃ ခုနှစ်က ကူမင်းမြို့၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ကုန်စည်ပြပွဲ စတင်ကျင်းပချိန်မှစ၍ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီပေါင်း ၁၈၀၀၀ ကျော် ပါဝင်ပြသခဲ့ကြောင်း၊ ကုန်သွယ်မှုမှာ အမေရိကန် ဒေါ်လာ ဘီလီယံ ၁၀၀ ကျော် ရှိခဲ့ကြောင်းနှင့် စီမံကိန်းပေါင်း ၃၀၀၀ ကျော်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြပွဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်အစိုးရတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယင်းကုန်စည်ပြပွဲသည် တရုတ်နှင့် တောင်အာရှနိုင်ငံများကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ဖလှယ်မှုများအတွက် လွန်စွာအရေးကြီးသော ပြပွဲတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**Source; Xinhua**

# ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံခြားကုန်သွယ်မှု ၄၀ ရာခိုင်နှုန်း တိုးတက်ရန် တရုတ်ရည်မှန်းထား

တရုတ်နိုင်ငံသည် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံခြားကုန်သွယ်မှု ၄၀ ရာခိုင်နှုန်းတိုးတက်ရန် လွတ်လပ်သော ကုန်သွယ်မှု နယ်မြေများကွန်ရက် (Free Trade Areas-FTAs)က မျှော်မှန်းထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဩဂုတ် ၂ ရက်တွင် ရေးသားဖော်ပြထားချက်အရ သိရသည်။

တရုတ်နိုင်ငံသည် ၎င်းတို့၏ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေများကွန်ရက် (FTAs) သည် ၂၀၃၀ ပြည့်နှစ်တွင် စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းတိုးတက်လာရန် သေချာစေရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂ ရက်တွင် ပြောကြားခဲ့သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ လက်ထောက်ကိုယ်စားလှယ် Li Yongjie က တရုတ်နိုင်ငံသည် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းမြင့်သော (A Free Trade Agreement - FTAs) ကွန်ရက်ကို ပိုမိုချဲ့ထွင်ကာ နိုင်ငံနှင့် ဒေသများကို ပိုမိုကျယ်ပြန့်စွာ လွှမ်းခြုံနိုင်စေရန် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ယခုအချိန်အထိ နိုင်ငံနှင့် ဒေသပေါင်း ၂၉ နိုင်ငံနှင့် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက် ၂၂ ချက်ကို လက်မှတ်ရေးထိုးထားနိုင်ခဲ့ပြီး နိုင်ငံခြားကုန်သွယ်မှု၏ သုံးပုံတစ်ပုံကို ရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေးအတွက် ဘက်စုံတိုးတက်ရေး သဘောတူစာချုပ် (CPTPP) တွင် တရုတ်-အာဆီယံ FTA ဗားရှင်း 3.0 ကို အစောဆုံး အဆုံးသတ်ကာ FTA ကို တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့အကြား မြှင့်တင်ရန် ကတိပြုခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ လက်ထောက်ကိုယ်စားလှယ် Li Yongjie က ဆက်လက်ပြောဆိုခဲ့သည်။

FTA အသစ်များ ထူထောင်ရာတွင် တရုတ်နိုင်ငံသည် အကောက်ခွန်မဲ့ ကုန်ပစ္စည်းစာရင်းကို ချဲ့ထွင်ကာ တယ်လီကွန်း၊ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများကို တိုးချဲ့ပြီး ဒစ်ဂျစ်တယ် စီးပွားရေး၊ အစိမ်းရောင် စီးပွားရေး၊ ဉာဏပစ္စည်း မူပိုင်ခွင့်နှင့် စံနှုန်းများကို အပြန်အလှန် အသိအမှတ်ပြုမှုတို့ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Source; Xinhua**







# အင်တယ်လ်၏ စတော့ဈေးကွက်များ လျော့ကျလာ

အမေရိကန် ချစ်ပ်ထုတ်လုပ်သည့် Intel ၏ စတော့ဈေးကွက်များ လျော့နည်းကျဆင်းလာသဖြင့် ဝန်ထမ်းပေါင်း ၁၅၀၀၀ ကို အလုပ်မှ ရပ်နားရန် စီစဉ်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်က ဩဂုတ် ၂ ရက်တွင် ရေးသားဖော်ပြထားသည်။

Intel ကုမ္ပဏီသည် ဝန်ထမ်းပေါင်း ၁၅၀၀၀ ကို လျှော့ချရန် ဩဂုတ် ၂ ရက်က ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ Intel ကုမ္ပဏီက ထိုကဲ့သို့ ကြေညာပြီးနောက် ကုမ္ပဏီတွင် ရှယ်ယာများ ၂၀ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားကာ အရောင်းလည်း ကျဆင်းသွားကြောင်း သိရသည်။

Intel ၏ ယခုသတင်းသည် အခြားသော နည်းပညာကုမ္ပဏီကြီးများကိုလည်း ရိုက်ခတ်မှုရှိနေပြီး အခြားသော ရှယ်ယာများကိုပါ ထိခိုက်စေခဲ့ကြောင်းနှင့် အာရှ စတော့ဈေးကွက်များတွင်လည်း ရှယ်ယာများ သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ဂျပန်၏ Nikkei ရှယ်ယာအညွှန်းကိန်းသည် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကိုဗစ်ကပ်ရောဂါစတင်ချိန် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းတွင် အကြီးမားဆုံးသော ကျဆင်းမှုဖြစ်ကာ ဂျပန်နည်းပညာကုမ္ပဏီများသည် အကြီးမားဆုံး အရှုံးခံသူများထဲတွင် ပါဝင်လာခဲ့ကြသည်။

အမေရိကန် ကုန်ထုတ်လုပ်ငန်းကုမ္ပဏီများ၏ စစ်တမ်းတစ်ခုက စီးပွားရေး အားနည်းလာမည်ကို စိုးရိမ်မှုများ ဖြစ်ပေါ်စေပြီး ဩဂုတ် ၂ ရက်နောက်ပိုင်းတွင် ထွက်ရှိမည့် နောက်ဆုံး အမေရိကန် အလုပ်အကိုင် ကိန်းဂဏန်းများကို စိတ်ဝင်စားမှု တိုးလာစေခဲ့သည်။

အမေရိကန်ရှိ အဓိက ရှယ်ယာအညွှန်းကိန်း သုံးခုသည် ဩဂုတ် ၂ ရက်တွင် နိမ့်ကျခဲ့ပြီး Amazon အပါအဝင် နာမည်ကြီး ရှယ်ယာများလည်း နာရီပိုင်းအတွင်း ကုန်သွယ်မှု ဆက်လက်ကျဆင်းခဲ့ကြောင်း သိရသည်။ e-commerce ကုမ္ပဏီကြီးသည် အမေရိကန်ဒေါ်လာ ၁၄၈ ဘီလီယံအထိ ရောင်းအား ၁၀ ရာခိုင်နှုန်း တက်လာပြီး Amazon ၏ ရှယ်ယာများသည် ၄ ရာခိုင်နှုန်းကျော် ကျဆင်းသွားသည်။

**Source; BBC**